မြဝတီ နေ့စဉ်

မှန်ရမည်၊ မြန်ရမည် ပြည်သူ့အတွက် မြဝတီ


မြတ်ဗုဒ္ဓ၏အဆုံးအမတရား

တစ်ခဲနက်ဖြစ်သော ကျောက်တောင်သည် အရပ်လေးမျက်နှာမှ လာသောလေကြောင့် မတုန်မလှုပ်သကဲ့သို့ ပညာရှိတို့သည် ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းတို့ကြောင့် မတုန်လှုပ်ကုန်။

ဓမ္မပဒ

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

နိုင်ငံသားအခွင့်အရေး မဆုံးရှုံးဖို့ ခွင့်ကြုံခိုက်မှာ မဲပေးစို့။


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၂၄၉)

၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၅ ရက်
၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၂၃ ရက်၊ အင်္ဂါနေ့


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# မဲစာရင်းကပ်ထားကြေညာခြင်းနှင့်စပ်လျဉ်း၍ မဲဆန္ဒရှင်ပြည်သူများသို့ အသိပေးကြေညာချက်

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်၍ အပိုင်းလိုက်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် မဲစာရင်းများကို (ဒုတိယ) အကြိမ်အဖြစ် ၁၄ ရက် ကပ်ထားကြေညာခဲ့ပြီးဖြစ်ပါသည်။ မဲစာရင်းများပြည့်စုံမှန်ကန်စေရေးအတွက် ပြင်ဆင်၊ ဖြည့်စွက်စိစစ်ပြီး မဲစာရင်းများကို နောက်ဆုံးအကြိမ်အဖြစ် ၂၃ - ၁၂ - ၂၀၂၅ ရက်နေ့မှစတင်၍ သက်ဆိုင်ရာရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများတွင် ကပ်ထားကြေညာမည်ဖြစ်ပါသည်။

၂။ ရွေးကောက်ပွဲ အပိုင်း(၁)တွင် ပါဝင်သည့် မြို့နယ်များအတွက် ၂၃ - ၁၂ - ၂၀၂၅ ရက်နေ့မှ ၂၅ - ၁၂ - ၂၀၂၅ ရက်နေ့အထိ သက်ဆိုင်ရာရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများတွင်လည်းကောင်း၊ ၂၆ - ၁၂ - ၂၀၂၅ ရက်နေ့မှ ရွေးကောက်ပွဲကျင်းပမည့် ၂၈ - ၁၂ - ၂၀၂၅ ရက်နေ့ မဲပေးခြင်းပြီးဆုံးသည့်အချိန်အထိ သက်ဆိုင်ရာမဲရုံများတွင်လည်းကောင်း ကပ်ထားကြေညာမည်ဖြစ်ပါသည်။

၃။ ရွေးကောက်ပွဲအပိုင်း (၁) တွင်ပါဝင်သည့် မြို့နယ် ၁၀၂ မြို့နယ်မှအပ ကျန်မြို့နယ်များ [ ရွေးကောက်ပွဲများကျင်းပခြင်းပြုမည်မဟုတ်ကြောင်း ကြေညာထားသည့် (၅၆) မြို့နယ်မပါ ] တွင် ၂၃ - ၁၂ - ၂၀၂၅ ရက်နေ့မှ ၅ - ၁ - ၂၀၂၆ ရက်နေ့အထိ ၁၄ ရက်ကြာ ကပ်ထားကြေညာမည်ဖြစ်ပါသည်။ မဲဆန္ဒရှင်များအနေဖြင့် မိမိမဲစာရင်းအမှတ်စဉ်များ သိရှိမှတ်သားထားပါက ရွေးကောက်ပွဲကျင်းပသည့်နေ့ မဲရုံ၌ မဲစာရင်း စိစစ်လက်မှတ်ရေးထိုးချိန်တွင် အချိန်ကြန့်ကြာမှုမရှိဘဲဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် မဲစာရင်းလာရောက်ကြည့်ရှု၍ မိမိတို့၏ မဲစာရင်းအမှတ်စဉ်များကို မှတ်သားထားခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်နိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။ **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကူးမြို့နှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ကျောက်မြောင်းမြို့သို့ ဆက်သွယ်ထားသည့် ဧရာဝတီတံတား(ရတနာသိင်္ခ)နေရာတစ်ဝိုက်အား တပ်မတော်စစ်ကြောင်းများက ပြန်လည်သိမ်းပိုက်ရရှိ



PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးပြီး မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် ဧရာဝတီတံတား (ရတနာသိင်္ခ)အား တပ်မတော်စစ်ကြောင်းများက ပြန်လည်သိမ်းပိုက်ရရှိမှုကို တွေ့ရစဉ်။

နေပြည်တော် ဒီဇင်ဘာ ၂၂

တပ်မတော်အနေဖြင့် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် မြို့/ရွာအချို့အား ပြန်လည်သိမ်းပိုက်ရရှိရေး အကြမ်းဖက်မှုချေမှုန်းရေး စစ်ဆင်ရေး (Counter-Terrorism Operation)ကို ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာလ ၁၉ ရက်နေ့တွင်လည်း မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကူးမြို့နှင့် ၎င်းဒေသတစ်ဝိုက်အား ထပ်မံ၍ ပြန်လည်သိမ်းပိုက်နိုင်ခဲ့သည်။

PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များအနေဖြင့် အဆိုပါဒေသအား ယာယီစိုးမိုးထားစဉ် မြို့/ရွာများအတွင်း ဘာသာရေးဆိုင်ရာအဆောက်အအုံများ၊ စာသင်ကျောင်းများ၊ ဌာနဆိုင်ရာ အဆောက်အအုံများ၊ ဆေးရုံများနှင့် လူနေအိမ်များအတွင်း ဝင်ရောက်နေရာယူ၍ **စာမျက်နှာ ၁၅ ကော်လံ ၁ ➲**




## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၂၃ ရက်)

# မြန်မာ့ဂုဏ်ဆောင် ပေါ်ဆန်းစပါးသုတေသန

သုတေသနပြုလုပ်ခြင်းသည် အောင်မြင်မှုလမ်းကြောင်းတွင်လျှောက်လှမ်းခြင်းဖြစ်သည်။ သုတေသနပြုလုပ်ခြင်းမှရရှိလာသောအချက်အလက်များသည် လူသားတို့အတွက်ကောင်းကျိုးကိုဖြစ်ပွားစေသည်။ ယနေ့ခေတ်မီနည်းပညာများမှာ တစ်နေ့ထက်တစ်နေ့ဆန်းသစ်လာနေခြင်းမှာ သုတေသနပြုလုပ်ခြင်းမှထွက်ပေါ်လာသည့်ရလဒ်ကောင်းများဖြစ်သည်။ သုတေသနလုပ်ငန်းကိုလုပ်ဆောင်ခြင်းမရှိဘဲနေပါက ဤကမ္ဘာတွင် တိုးတက်မှုများ၊ ထွန်းကားမှုများပေါ်ထွက်လာမည်မဟုတ်ပေ။ သုတေသနလုပ်ဆောင်ခြင်းမှာ နိုင်ငံရေး၊ စီးပွားရေးနှင့်လူမှုရေးနယ်ပယ်အားလုံးတွင်လုပ်ဆောင်ကြရသည်။

အထူးသဖြင့်စီးပွားရေးနယ်ပယ်သည် သုတေသနပြုလုပ်ခြင်း၏ကောင်းကျိုးရလဒ်ကိုထွက်ပေါ်စေသည့်နယ်ပယ်ဖြစ်သည်။ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံထားသည့်စီးပွားရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိရာတွင် ပိုမိုကောင်းမွန်သောရလဒ်များထွက်ပေါ်စေရန်သုတေသနပြုနေကြရသည်။ ထိုသို့သုတေသနပြုလုပ်ဆောင်ရွက်မှုတွင် မြန်မာ့ဂုဏ်ဆောင်ပေါ်ဆန်းစပါးလည်းပါဝင်သည်။ ပြည်တွင်း၊ ပြည်ပဈေးကွက်ဝင် အရည်အသွေးကောင်း မြန်မာ့ဂုဏ်ဆောင်ပေါ်ဆန်းစပါးအား မိုးရာသီကာလတွင်သာမက မုရင်းစပါးစိုက်ပျိုးချိန်ကာလများတွင်လည်း စိုက်ပျိုးနိုင်မည်ဆိုလျှင် ပေါ်ဆန်းထုတ်လုပ်မှုပိုမိုအားကောင်းလာနိုင်ပြီး အကျိုးအမြတ်ပိုမိုရရှိနိုင်မည်ဖြစ်သည်။

ပေါ်ဆန်းဆန်သည်ပြည်ပတင်ပို့ရန်အတွက်အလားအလာကောင်းများရှိနေသောဆန်၊ နာမည်ကောင်းများရှိနေသောဆန်ဖြစ်သည်။ ဖိလစ်ပိုင်နိုင်ငံတွင် ၂၀၁၉ ခုနှစ်ကကျင်းပသည့် ကမ္ဘာ့ဆန်စပါးညီလာခံ၌ ကမ္ဘာ့ဆန်များယှဉ်ပြိုင်မှုတွင် ဖျာပုံပေါ်ဆန်းဖြင့် တတိယဆုဆွတ်ခူးနိုင်ခဲ့သည်။ ထို့ပြင် ဗီယက်နမ်နိုင်ငံတွင် ၂၀၁၁ ခုနှစ်ကကျင်းပခဲ့သည့် အပြည်ပြည်ဆိုင်ရာဆန်စပါးညီလာခံ၌ မြန်မာ့ပေါ်ဆန်းကို "ကမ္ဘာ့အကောင်းဆုံးဆန်"အဖြစ်ရွေးချယ်သတ်မှတ်ခဲ့သည်။

ဧရာဝတီတိုင်းဒေသကြီးမှထွက်သည့်ပေါ်ဆန်းသည် အမှန်တကယ်ကောင်းမွန်သည့်ဆန်အမျိုးအစားဖြစ်ခြင်းကြောင့် ပေါ်ဆန်းမွှေးကိုတိုင်းဒေသကြီး၏အမှတ်တံဆိပ်(Brand)တစ်ခုဖြစ်လာစေရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အောက်တိုဘာလ ၁၉ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံစဉ်ပြောကြားခဲ့သည်။ ထို့ကြောင့်ပေါ်ဆန်းအရည်အသွေးကောင်းမွန်ပြီး ဈေးကွက်ရရှိရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်က ဆောင်ရွက်ခဲ့ကြသည်။ ပေါ်ဆန်းစပါးစိုက်ပျိုးခြင်းအား ညအလင်းပေးခြင်းနည်းပညာဖြင့်စမ်းသပ်စိုက်ပျိုးခြင်းသုတေသနလုပ်ငန်းကို နိုဝင်ဘာလမှစတင်ကာဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှသိရှိရကြောင်း နေ့စဉ်ထုတ်သတင်းများတွင်တွေ့မြင်လိုက်ရသည်။ ပေါ်ဆန်းစပါးသည် လင်းတာတုံ့ပြန်မှုရှိသော ရာသီစပါးဖြစ်သည့်အတွက် ပုံမှန်စိုက်ပျိုးချိန် မိုးရာသီ(ဇွန်လ-ဩဂုတ်လ)အတွင်းစိုက်ပျိုးလေ့ရှိသည်။ မိုးရာသီအတွင်း ရေလွှမ်းသောလယ်မြေများ၌ ရေကျပြီးနောက်ပိုင်းစိုက်ပျိုးသောစပါးအဖြစ်စိုက်ပျိုးပါက စိုက်ချိန်နောက်ကျလျှင် အပင်ပိုင်းကြီးထွားမှုနည်းပြီး အထွက်နှုန်းကောင်းစွာမရနိုင်ပေ။

အဆိုပါလင်းတာတုံ့ပြန်သောစပါးမျိုးများသည် လင်းတာတိုကာလတွင် စိုက်ပျိုးပါက အပင်ပိုင်းကြီးထွားမှုထက် မျိုးပွားခြင်းအဆင့်ကို လျင်မြန်စွာပြောင်းသွားနိုင်ကာ စီးပွားဖြစ်အထွက်နှုန်းများရရှိရန် အကန့်အသတ်ရှိနိုင်သောကြောင့် အပင်ပိုင်းကြီးထွားမှုကာလကို ဆွဲဆန့်ရန်အတွက် ဆက်တိုက်အမှောင်ကာလရှည်ကိုဖြတ်တောက်ရန် ရည်ရွယ်သည့်အနေဖြင့် ညအချိန်တွင် အလင်းပေးခြင်းဆိုင်ရာ သုတေသနဆောင်ရွက်နေခြင်းဖြစ်ကြောင်းသိရှိရသည်။

ညအလင်းရောင်ပေးခြင်းစမ်းသပ်ချက်အား ပျိုးပင်သက်တမ်း ၇ ရက်မှ ၂၅ ရက်အထိ LED(100 W) မီးလုံးများပျိုးပင်ပေါ်သို့သတ်မှတ်သည့် အလင်းရောင်အတိုင်းအတာအတွင်းကျရောက်ရန် လုံလောက်စွာမီးထွန်းပေးခြင်းကို ည ၁၁ နာရီခွဲမှ ၁၂ နာရီခွဲအထိ တစ်နာရီခန့်ဆောင်ရွက်လျက်ရှိသည်။ ညအချိန်အလင်းရောင်ပေးခြင်းသည် ပေါ်ဆန်းစပါးကို ရာသီချိန်ကျော်၍ စိုက်ပျိုးနိုင်ခြင်း၊ အထွက်နှုန်းတိုးခြင်းနှင့်အရည်အသွေးကောင်းမွန်ခြင်း စသည့်အကျိုးကျေးဇူးများကိုမျှော်မှန်းကာ ဆောင်ရွက်ခြင်းဖြစ်သည်။ အဆိုပါသုတေသန၏ မျှော်မှန်းချက်ရလဒ်ကောင်းများရရှိလာပါက စိုက်ပျိုးထုတ်လုပ်သူတောင်သူဦးကြီးများအနေဖြင့် အသုံးချလုပ်ဆောင်နိုင်မည်ဖြစ်သည်။ နိုင်ငံတော်အနေဖြင့် နည်းပညာပြန့်ပွားရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်မည်ဖြစ်သည်။ အနှစ်ချုပ်ဆိုရသော် အရည်အသွေးကောင်း ဈေးကွက်ဝင်မြန်မာ့ပေါ်ဆန်းကဏ္ဍဖွံ့ဖြိုးရေးအတွက်လုပ်ဆောင်နေသည့် သုတေသနလုပ်ငန်းများအောင်မြင်ပြီး ပြည်ပဈေးကွက်ပိုမိုကျယ်ပြန့်လာနိုင်ပါစေကြောင်းဆန္ဒပြုရေးသားလိုက်ရပေသည်။ ။

# (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၄)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့သည် အလိုအပ်ဆုံးနှင့်အဖြစ်သင့်ဆုံး အမျိုးသားရေးရည်မှန်းချက်၊ အမျိုးသားရေးတာဝန်ဖြစ်သည့်အတွက် နိုင်ငံသားအားလုံးက ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသောဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်နိုင်ရန် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ပြည်ထောင်စုငြိမ်းချမ်းရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လွတ်လပ်မှုနှင့်တရားမျှတမှုကို ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ရယူအသုံးချပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အပြည့်အဝအကောင်အထည်ဖော်ရေး။

၄။ ဒေသအလိုက် သဘာဝထွက်ကုန်များကိုအခြေခံကာ အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များကို အားပေးမြှင့်တင်၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း တိုးတက်အောင်ဆောင်ရွက်ရေး။

၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန် ၅ ရက် သာ လိုတော့သည်။

လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

# (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အကြို အားကစားပြိုင်ပွဲဖွင့်ပွဲကျင်းပ

**တံတားဦး ဒီဇင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့ ပြည်သူ့အားကစားပြိုင်ကွင်း၌ ၂၀၂၆ ခုနှစ် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဌာနပေါင်းစုံအမျိုးသား ဖူဆယ်ဘောလုံးပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာလ ၂၂ ရက် နံနက်ပိုင်းတွင်ကျင်းပသည်။

အခမ်းအနားတွင် တံတားဦးခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက ပြိုင်ပွဲဝင်အသင်းများအားနှုတ်ဆက်ကြသည်။

ထို့နောက် ဌာနပေါင်းစုံအမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲဖွင့်ပွဲအဖြစ် ပညာရေးအသင်းနှင့် ကျန်းမာရေးအသင်းတို့ ယှဉ်ပြိုင်ကြရာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက ကွင်းအတွင်းဘောလုံးကန်၍ ဖွင့်လှစ်ပေးသည်။

တံတားဦးမြို့နယ်၌ ၂၀၂၆ ခုနှစ် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အကြို အားကစားနည်းပေါင်းစုံကျင်းပမည်ဖြစ်ရာ အဆိုပါအားကစားနည်းများမှာ ဌာနပေါင်းစုံအမျိုးသား ဖူဆယ်ဘောလုံးပြိုင်ပွဲ၊ အမျိုးသားစားပွဲတင်တင်းနစ်ပြိုင်ပွဲ၊ အမျိုးသမီးထုပ်ဆီးတိုးပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီးလွန်ဆွဲပြိုင်ပွဲ၊ အမျိုးသမီးပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် ကျောင်းပေါင်းစုံကြက်တောင်ရိုက်ပြိုင်ပွဲတို့ဖြစ်ကြောင်းသိရသည်။

ရဲတင့်(ပြန်/ဆက်)

မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ဝါးခယ်မမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီကစိုက်ပျိုးခဲ့သော စပါးဧက ၉၀၀၀၀ ကျော် ရိတ်သိမ်းပြီးစီး

ဝါးခယ်မ ဒီဇင်ဘာ ၂၂

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီကစိုက်ပျိုးခဲ့သော စပါးဧက ၉၀၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်၏ပြောကြားချက်အရ သိရသည်။



ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက ဝါးခယ်မမြို့နယ်၌ စပါး ၂၁၃၂၁၆ ဧက လျာထားစိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးခဲ့သည့်စပါးများကို ယခုနှစ် နိုဝင်ဘာလပထမပတ်က စတင်ရိတ်သိမ်းခဲ့ရာ လက်ရှိတွင် ၉၄၄၁၃ ဧကခန့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါရိတ်သိမ်းပြီးဖြစ်သည့်စပါးတစ်ဧကလျှင် ၁၀၃ ဒသမ ၈၂ တင်းခန့်ထွက်ရှိကြောင်း သိရသည်။

"ဝါးခယ်မမြို့နယ်တစ်ခုလုံးအနေနဲ့ မိုးသီးနှံစိုက်ပျိုးရာသီက မိုးစပါး ၂၁၃၂၁၆ ဧက လျာထားစိုက်ပျိုးခဲ့ပါတယ်။ စိုက်ပျိုးထားတဲ့မိုးစပါးတွေကို ပြန်လည်ရိတ်သိမ်းရာမှာ ဧက ၉၀၀၀၀ ကျော် ရိတ်သိမ်းပြီးဖြစ်ပါတယ်။ ရိတ်သိမ်းခဲ့တဲ့စပါးတွေ တစ်ဧကချင်း အထွက်နှုန်းကောင်းသလို စပါးအရည်အသွေးလည်း ကောင်းပါတယ်။ ဝါးခယ်မမြို့နယ်အပါအဝင် မြောင်းမြခရိုင်အတွင်းကမြို့နယ်တွေမှာ မိုးစပါးစိုက်ပျိုးဖို့ စပါးစတင်မစိုက်ပျိုးမီအချိန်ကတည်းက သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက တောင်သူနည်းပညာပေးလုပ်ငန်းတွေကို ကြိုတင်ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒ့ါပြင် တောင်သူတွေစိုက်ပျိုးတဲ့မိုးစပါးတွေ အထွက်နှုန်းကောင်းမွန်ဖို့ လိုအပ်တဲ့ ဓာတ်မြေဩဇာတွေကိုလည်း ပံ့ပိုးပေးခဲ့ပါတယ်။ ဓာတ်မြေဩဇာတွေကိုလည်း စိုက်ပျိုးရေးနည်းလမ်းတွေအတိုင်း အသုံးပြုနိုင်ဖို့ အသိပညာပေးလုပ်ငန်းတွေကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါကြောင့်လည်း ရိတ်သိမ်းခဲ့တဲ့စပါးတွေ အထွက်နှုန်းကောင်းမွန်ပြီး အရည်အသွေးလည်း ပြည့်မီတာပါ" ဟု ဒေါ်ခင်ဌေးမြင့်ကပြောသည်။

ဝါးခယ်မမြို့နယ်၌ မိုးသီးနှံစိုက်ပျိုးရာသီက စပါး ၂၁၃၂၁၆ ဧက လျာထားစိုက်ပျိုးရာတွင် ဆင်းသုခ၊ GW–11၊ ပခမ်း၊ GW –3၊ ဧရာမင်း၊ မော်ဘီ–၁၊ ထိုင်းဘေးကျား၊ ရက်–၉၀၊ သီးထပ်ရင်၊ နံ့ကား၊ မော်ဘီ–၃၊ နယူးဧရာ–၁၊ GW–18 စသည့် စပါးအမျိုးအစားများကို အများဆုံးစိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါမိုးစပါးများ လျာထားဧကပြည့်မီစွာ စိုက်ပျိုးနိုင်ရေး ဒေသခံတောင်သူများ၊ စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနနှင့် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ စသည့်အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သုတကျော်**

# ပန်းတနော်မြို့နယ်၌ ယခုဘဏ္ဍာနှစ်အတွင်း လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှု ၅၀ ရာခိုင်နှုန်းခန့်ပြီးစီး

ပန်းတနော် ဒီဇင်ဘာ ၂၂

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်၌ ယခုဘဏ္ဍာနှစ်အတွင်း လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှု ၅၀ ရာခိုင်နှုန်းခန့်ပြီးစီးနေပြီဖြစ်ကြောင်း ပန်းတနော်မြို့နယ် လမ်းဦးစီးဌာနမှ သိရသည်။

ပန်းတနော်မြို့နယ်လမ်းဦးစီးဌာနမှကြီးမှူး၍ ယခုဘဏ္ဍာနှစ်တွင် ၂၄ ပေအကျယ် ကတ္တရာလမ်းများ၊ ၁၈ ပေအကျယ် ကတ္တရာလမ်းများနှင့် ၁၂ ပေအကျယ် ကတ္တရာလမ်းများကို လမ်းအနိမ့်အမြင့်ဖြေညှိခြင်းနှင့် ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ပန်းတနော်မြို့နယ် လမ်းဦးစီးဌာနအနေနဲ့ ဒီဘဏ္ဍာနှစ်မှာ ၂၄ ပေအကျယ် ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ၁ မိုင် ၂ ဖာလုံ ပေ ၂၀၀နဲ့ လမ်းအနိမ့်အမြင့်ဖြေညှိခြင်းလုပ်ငန်း ၄ ဖာလုံ၊ ၁၈ ပေအကျယ် ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ၇ ဖာလုံ၊ လမ်းအနိမ့်အမြင့်ဖြေညှိခြင်းလုပ်ငန်း ၆ ဒသမ ၄ ဖာလုံ၊ ၁၂ ပေအကျယ် ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ၂ ဖာလုံနဲ့ လမ်းအနိမ့်အမြင့်ဖြေညှိခြင်းလုပ်ငန်း ၃ ဖာလုံတို့ကို ဆောင်ရွက်မှာဖြစ်ပါတယ်။ လက်ရှိမှာ လုပ်ငန်းအားလုံးရဲ့ ၅၀ ရာခိုင်နှုန်းလောက် ပြီးစီးနေပြီဖြစ်ပါတယ်" ဟု ပန်းတနော်မြို့နယ် လမ်းဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ) ဦးကျော်ဇင်ထွန်းကပြောသည်။

ပန်းတနော်မြို့နယ် လမ်းဦးစီးဌာနသည် ဒေသအတွင်း လမ်းများကောင်းမွန်ကာ ကုန်စည်စီးဆင်းမှု လွယ်ကူမြန်ဆန်စေရန်၊ ဒေသခံပြည်သူများနှင့် ခရီးသွားများ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းပြီး အဆင်ပြေချောမွေ့စွာသွားလာနိုင်စေရန်အတွက် လမ်းအဆင့်မြှင့်တင်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှု၊ ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနမှ တာဝန်ရှိသူများ၏အဆင့်ဆင့်ကြီးကြပ်ကွပ်ကဲမှုဖြင့် ပန်းတနော်မြို့နယ် လမ်းဦးစီးဌာနမှ သက်ဆိုင်ရာအင်ဂျင်နီယာများနှင့်ဝန်ထမ်းများက ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို အရည်အသွေး၊ စံချိန်စံညွှန်းပြည့်မီစွာ သတ်မှတ်ကာလအတွင်းပြီးစီးစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဆောင်းဦး**

# မကွေးပညာရေးဒီဂရီကောလိပ်၌ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအဖြစ် အမြဲမပြတ်လေ့လာသင်ယူရေးစကားဝိုင်းကျင်းပ

မကွေး ဒီဇင်ဘာ ၂၂

မကွေးတိုင်းဒေသကြီး မကွေးမြို့ မကွေးပညာရေးဒီဂရီကောလိပ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဆရာအတတ်ပညာဦးစီးဌာနနှင့် မကွေးပညာရေးဒီဂရီကောလိပ်တို့ ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရေး စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအဖြစ် အမြဲမပြတ်လေ့လာသင်ယူရေးစကားဝိုင်းကို ဒီဇင်ဘာလ ၂၁ ရက်က ကျင်းပသည်။

ရှေးဦးစွာ မကွေးပညာရေးဒီဂရီကောလိပ်မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မြင့်လှိုင်က အဖွင့်အမှာစကားပြောကြားပြီး မကွေးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေသန္တာအောင်က စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအဖြစ် အမြဲမပြတ်လေ့လာသင်ယူရေးစကားဝိုင်းကျင်းပရခြင်းရည်ရွယ်ချက်ကို ပြောကြားသည်။

အဆိုပါစကားဝိုင်းတွင် မကွေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်သီရိဖြိုးအောင်က ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး မကွေးပညာရေးဒီဂရီကောလိပ် စတုတ္ထနှစ်(ဒုတိယနှစ်ဝက်)မှ ကျောင်းသား၊ ကျောင်းသူများဖြစ်သော မဖြူဝတ်ရည်ခိုင်၊ မငြိမ်းငြိမ်းအေး၊ မစံပယ်မိုးနှင့် မောင်ရဲရင့်မှူးတို့က စာရေးဆရာမ ခင်ဆွေဦး၏ ဒို့တိုင်းဌာနီစာအုပ်ပါ အကြောင်းအရာများဖြစ်သည့် စာပေအမျိုးအစားများ၊ စာရေးသူရေးသားခဲ့သည့် တခြားသောစာပေများနှင့် စာအုပ်၏အနှစ်ချုပ်တို့ကို ဆွေးနွေးပြီးနောက် တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းရာ ဒုတိယဦးစီးမှူးနှင့် ကျောင်းသား၊ ကျောင်းသူများက ပြန်လည်ဖြေကြားပေးပြီး တာဝန်ရှိသူများက အမြဲမပြတ်လေ့လာသင်ယူရေးစကားဝိုင်းတွင် ပါဝင်ဆွေးနွေးကြသည့် ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုလက်ဆောင်များ ပေးအပ်သည်။

ထို့နောက် မကွေးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် သုတ၊ ရသစာအုပ်စာစောင်များနှင့် အသိပညာပေးနံရံကပ်စာစောင်များကို တက်ရောက်လာကြသူများက ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**ချမ်းမြေ့**



# အရိပ်

**မစန္ဒာ**

**ယမန်နေ့မှအဆက်**

'သမီးရယ် အိပ်ပါတော့လား'

မေမေက သူ့ပခုံးလေးကို ခပ်ဖွဖွလေးပုတ်ကာပြောသောအခါ သက်သက်သည် နံရံမှတိုင်ကပ်နာရီကြီးကို လှမ်း၍ကြည့်မိသည်။ ဆယ့်တစ်နာရီခွဲပေပြီ။

'ခဏနေရင် အိပ်ပါတော့မယ်မေမေရဲ့' 'အေး၊ သိပ်ပြီးညဥ့်နက်မခံနဲ့ကွယ်၊ အလကားနေရင်း ကျန်းမာရေးထိခိုက်နေမယ်' 'ဟုတ်ကဲ့ပါ မေမေရဲ့၊ ခဏလေးပါ'

ဖွဲ့ခတ်နေသော သက်သက်ကိုကြည့်ရင်း မေမေက ပင့်သက်ရှိုက်မိသည်။ တစ်သက်နှင့်တစ်ကိုယ် တစ်ခါမျှဒီလောက်မကြိုးစားဖူးပေ။ အခုမှ စာမေးပွဲကျသောအရသာ ခါးခါးသီးသီးကြီးကိုမြည်းစမ်းဖူးသွားပြီး အလန့်ကြီးလန့်သွားဟန်တူသည်။ စာအုပ်ထဲတွင် ခေါင်းစိုက်နေတတ်လေသည်။ ထိုခါးသီးသောအရသာကြီးကို နောက်တစ်ခါထပ်ခံစားရပါက သက်သက်သည် ခံနိုင်ရည်ရှိတော့မည်မဟုတ်ဟု သူ့ကိုယ်သူထင်မိသည်။ အတန်းဟောင်းတွင် ပြန်တက်ကာ စာဟောင်းများကိုကျက်ရင်း လူသစ်များနှင့်ပေါင်းရခြင်းသည် အလွန်စိတ်ပင်ပန်းရသောအလုပ်ဖြစ်သည်။

မေမေသည် အိပ်ရာထဲမဝင်သေးဘဲ သက်သက်၏ဘေးတွင်ဝင်ထိုင်သည်။ သက်သက်ကို ဆက်ပြီးစာကျက်စေလိုဟန်မတူတော့ပေ။ ထို့ကြောင့် သက်သက်သည် တွက်လက်စ ရူပဗေဒပုစ္ဆာလေးကို အဖြေထွက်အောင် ကမန်းကတန်း ဆက်၍တွက်နေမိလေသည်။

'အမာညိုတို့လည်း ပထမနှစ်ဝက်စာမေးပွဲနီးပြီတဲ့၊ အရမ်းကြိုးစားနေတယ်လို့ပြောတယ်၊ မနက်က သူ့အမေနဲ့ဈေးထဲမှာတွေ့ခဲ့တယ်'

'ဟုတ်တယ်မေမေ၊ ဒါကြောင့် သမီးနဲ့တောင် အခုတလော သိပ်မတွေ့ဖြစ်ဘူး' 'သူတို့မောင်နှမတွေက စိတ်ရင်းလေးတွေကောင်းတယ်၊ သမီးကိုလည်း တော်တော်ချစ်ကြပုံရတယ်'

သက်သက်သည် ဖြုန်းခနဲ ရင်ခုန်သွားလေသည်။ အမာညိုချစ်သည်ကတော့ထားပါတော့။ မေမေက သူတို့မောင်နှမဟု ဘာကြောင့်ပြောရလေသနည်း။ သူတို့မောင်နှမဟူသောစကားထဲတွင် အမာညိုနှင့် ညီလင်းသာမက ကျော်ထွန်းညိုလည်း အကျုံးဝင်သည်။

'မနေ့ညနေတုန်းကတောင် ကျော်ထွန်းညိုလာသေးတယ်' 'ဟုတ်လား'

'ဖျာပုံက ပုစွန်ချဥ်တွေရလို့ သူတို့အဘွားက ပေးခိုင်းလိုက်တာတဲ့၊ မနက်ဖြန်ကျမှ သုပ်စားရမယ်၊ ပုစွန်ချဥ်လေးက ကောင်းကကောင်းနဲ့၊ ရဲပြီးလတ်နေတာပဲ၊ သမီးကိုတောင် မေးသွားသေးတယ်၊ စာတွေသိပ်ပြီး ကြိုးစားနေသလားတဲ့'

'အဲဒီတုန်းက သမီးကျောင်းက ပြန်မလာသေးဘူးထင်တယ်'

'ဟုတ်တယ်၊ ကောင်လေးက ရည်ရည်မွန်မွန်လေး၊ စိတ်ရင်းလေးလည်းကောင်းတယ်၊ အဲဒီလိုကလေးတွေကိုတွေ့ရင် မေမေလေ သားလေးတစ်ယောက် ထပ်ထပ်ပြီးလိုချင်လာရော'

မေမေသည် သက်သက်ကို မွေးအပြီးတွင် သားအိမ်အနာဖြစ်လာသောကြောင့် သားအိမ်ကိုထုတ်ပစ်ခဲ့ရသည်။ ထို့ကြောင့် နောက်ထပ်ကလေးထပ်မံ၍ရနိုင်သော အခွင့်အရေးမရှိတော့ပေ။ အခြေအနေသာပေးခဲ့ပါလျှင် မေမေသည် သားတွေ၊ သမီးတွေ ဝိုင်းဝိုင်းလည်နေသောဘဝကိုသာ လိုချင်ခဲ့ပုံရသည်။ ယခုအခါတွင်ကား ရှားရှားပါးပါး တစ်ဦးတည်းရထားသော သမီးငယ်ကိုသာ အရိပ်ကြည့်နေရရှာလေသည်။

'သမီးတစ်ယောက်ရှိရင် သားတစ်ယောက်အလိုလိုရမှာပဲပေါ့ မေမေရဲ့ ပူမနေပါနဲ့'

သက်သက်က ရယ်ရွှန်းဖတ်ရွှန်းနှင့်ပြောသည်။ ရင်ထဲတွင်လည်း နှလုံးသားက လှုပ်ခါနေသည်။

'အဲဒီသားကမှ ကိုယ့်ဘက်ပါမယ့်သားမေမေ၊ သားအရင်းဆိုတာက အချိန်တန်ရင် မိန်းမနောက်ကို ထည့်လိုက်ရရော၊ ကဲ ဘယ်မှာကောင်းလို့လဲ၊ သမီးကတော့ မေမေ့အတွက် သားချွေးသားလှ သားလိမ္မာလေး

**"မေမေသည် သက်သက်ကို မွေးအပြီးတွင် သားအိမ်အနာဖြစ်လာသောကြောင့် သားအိမ်ကိုထုတ်ပစ်ခဲ့ရသည်။ ထို့ကြောင့် နောက်ထပ်ကလေးထပ်မံ၍ရနိုင်သော အခွင့်အရေးမရှိတော့ပေ။ အခြေအနေသာပေးခဲ့ပါလျှင် မေမေသည် သားတွေ၊ သမီးတွေ ဝိုင်းဝိုင်းလည်နေသောဘဝကိုသာ လိုချင်ခဲ့ပုံရသည်။ ယခုအခါတွင်ကား ရှားရှားပါးပါး တစ်ဦးတည်းရထားသောသမီးငယ်ကိုသာ အရိပ်ကြည့်နေရရှာလေသည် . . ."**

ခေါ်ခဲ့ပေးမယ်လေနော် မေမေ'

မေမေသည် ဘာမှပြန်မပြောဘဲ သက်သက်ကိုအကဲခတ်သလို လှမ်းကြည့်သည်။ မျက်နှာကလေး မသိမသာနီနေသောသက်သက်သည် မေမေ့လက်မောင်းများကို ဆွဲဖက်ပြီးရယ်လိုက်မိသည်။

'ကြင်နာရသည်က ဘဝတစ်လျှောက်လုံး x x ချစ်ရသည်က အသက်ထက်ဆုံး x x ချမ်းမြမြ x စန်းလနယ်တန္တုန်း x x ချစ်သူမျက်နှာ x x ရွှင်ကြည်တပြုံးပြုံး x x မြင်ပါရ x အေးမြမြဘဝင်မှာ x x  သာကြည်တင့်မဆုံး x x'

လမ်းပေါ်မှဆိုသွားသော သီချင်းသံကိုကြားရသည်။ အိမ်အပြန်ညဥ့်နက်သောတစ်စုံတစ်ဦးသည် ကိုယ့်အသံကို ကိုယ်အဖော်ပြုပြီး ဆိုသွားပုံရသည်။ မေမေသည် စားပွဲပေါ်ရှိ ဖန်ပန်းအိုးသွယ်သွယ်လေးထဲမှ သစ္စာပန်းခက်ကလေးကို ငေးကြည့်နေလေသည်။

သက်သက်သည် မေမေငြိမ်နေစဥ် အဖြေထွက်ခါနီးလုပြီဖြစ်သော ရူပဗေဒပုစ္ဆာကို မြန်မြန်တွက်လိုက်သည်။ ရှောရှောရှုရှုအဖြေထွက်သွားသဖြင့် စိတ်လက်ပေါ့ပါးသွားသည်။ စားပွဲပေါ်မှနာရီကို ထပ်ကြည့်မိသည်။ ဆယ့်တစ်နာရီလေးဆယ့်ငါးရှိပေပြီ။ စာအုပ်ကလေးကို ဖျတ်ခနဲပိတ်ကာ နေရာမှထလိုက်သည်။ ငြိမ်ငြိမ်ကြီးထိုင်ကာ အတွေးနယ်ချဲ့နေသောမေမေ့ကို လက်မှကိုင်၍ ဆွဲထူလိုက်လေသည်။

'ကဲ မေမေ၊ ထ အိပ်မယ်'

ထိုအချိန်တွင် ဖေဖေတရေးနိုးလာလေသည်။ ခြေသံတရှပ်ရှပ်ကြားရပြီး အခန်းဝတွင် လူလုံးပေါ်လာသည်။

'ကြည့်စမ်း ဒီသားအမိ ခုထိမအိပ်သေးဘူးလား' 'သမီးစာကျက်တာနည်းနည်းကြာသွားလို့ မေမေက လာခေါ်တာပါဖေဖေရဲ့၊ အိပ်တော့မယ်'

သက်သက်သည် မေမေ့ခါးကိုနောက်မှနေ၍တွန်းကာ ဖေဖေ့ဆီသို့ ပို့ပေးလိုက်သည်။

'ဟွန်း ဖေဖေကလည်း မေမေပျောက်လို့ထရှာတာမဟုတ်လား၊ သိပါတယ်နော်၊ ရော့ ခေါ်သွား၊ ဖေဖေ့ မေမေကြီးကိုခေါ်သွား' 'ဟဲ့ ကောင်မလေး'

မေမေက ပြုံးရယ်ရင်းဟန့်တားစဥ် သက်သက်သည် မီးဖိုဘက်သို့ လျှောက်သွားပြီး မီးဖိုချောင်နှင့်တွဲထားသော ရေချိုးခန်းထဲသို့ဝင်သွားလေသည်။ မျက်နှာသစ်နေသောရေသံကို နားထောင်ရင်း ဖေဖေသည် အိမ်တံခါးများကိုလိုက်၍ ပိတ်နေလေသည်။ ထို့နောက် ရေချိုးခန်းထဲမှ ထွက်လာသော သက်သက်ကို ဆီး၍ပြောပြန်သည်။

'ကဲ ကဲ အိပ်တော့သမီးလေး' 'ဖေဖေကလည်း ဘုရားတောင် မကန်တော့ရသေးဘူး'

သက်သက်သည် ဘုရားရှိခိုးစာကို ရွတ်ဆိုမနေနိုင်တော့ချေ။ ဦးသုံးကြိမ်ပုဆိန်ပေါက်ချလိုက်ရင်း ဘုရားစင်ရှေ့မှပြန်ထွက်ခဲ့သည်။ ထို့နောက်မှ အိပ်ရာထဲရောက်နေကြပြီဖြစ်သော ဖေဖေနှင့်မေမေကိုသွား၍ကန်တော့ရသည်။

'အေးကွယ် ဘုန်းကြီးပါစေ၊ သက်ရှည်ပါစေ၊ အန္တရာယ်ကင်းပြီး ဘေးရှင်းပါစေဗျာ'

ဖေဖေက အားရပါးရဆုပေးသည်။ မေမေကမူ 'သမီးလေး အမြဲစိတ်ချမ်းသာပါစေကွယ်' ဟု ရိုးရိုးလေးပင်ပြောလေသည်။ သက်သက်စဥ်းစားမိသည်။ ဖေဖေပေးသောဆုနှင့် မေမေပေးသောဆုနှစ်ခုစလုံးသာပြည့်ဝပါလေလျှင် ဘဝတွင် အစစအရာရာပြည့်စုံပြီဖြစ်လေသည်။

သက်သက်သည် ဧည့်ခန်းမှမီးကိုပိတ်ကာ သူ့အိပ်ခန်းလေးဆီသို့ စမ်း၍လျှောက်ခဲ့သည်။ သက်သက်၏အိပ်ခန်းလေးသည် မီးဖိုနှင့်ကပ်လျက်အခန်းလေးဖြစ်သည်။ ကျဥ်းမြောင်းလှသဖြင့် ခုတင်တစ်လုံးသာဆံ့သည်။ စာကြည့်စားပွဲတစ်လုံးပင် မသွင်းလောက်ပေ။ ခုတင်ဘေးနေရာလွတ်ကလေးတွင် သနပ်ခါးကျောက်ပျဥ်ကို ကျပ်ကျပ်သတ်သတ်နေရာချထားရသည်။ အမှန်စင်စစ် ထိုအခန်းလေးကို ငါးပိ၊ ငါးခြောက်၊ ငရုတ်သီး၊ ကြက်သွန်များ သိုလှောင်ရာ စတိုခန်းအနေဖြင့်သာ အသုံးပြုသင့်လေသည်။ ခုတော့ အိမ်ကလေးကကျဥ်းကျဥ်းမို့ အပျိုခန်းအနေဖြင့် အသုံးပြုနေရလေသည်။

သက်သက်သည် ခေါင်းရင်းဘက်ပြတင်းပေါက်မှ သစ်သားတံခါးရွက်များကို တွန်း၍ဖွင့်လိုက်သည်။ ညလေအေးက သုတ်ခနဲပြေးဝင်လာကာ သူ၏ဆံစများကို ပွတ်သပ်ဆော့ကစားသွားကြသည်။

**ဆက်လက်ဖော်ပြပါမည်။**

# အလုံမြို့နယ်၌ ဒို့အတူတူမဲပေးကြမယ် ရွေးကောက်ပွဲလှုံ့ဆော်ရေး အသိပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေ

ရန်ကုန်  ဒီဇင်ဘာ ၂၂

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် ရောဝတီရပ်ကွက် သခင်မြပန်းခြံ ကမ်းနားလမ်းနှင့် သခင်မြပန်းခြံလမ်းတစ်လျှောက်ရှိ YBS ယာဥ်လိုင်းဂိတ်များတွင် ဒီဇင်ဘာလ ၂၈ ရက်တွင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို နိုင်ငံသူ၊ နိုင်ငံသားအားလုံး ပါဝင်မဲပေးနိုင်ရေးအတွက် ဒို့အတူတူမဲပေးကြမယ် ရွေးကောက်ပွဲလှုံ့ဆော်ရေး အသိပညာပေးလက်ကမ်းစာစောင် ဖြန့်ဝေခြင်းကို ဒီဇင်ဘာလ ၂၂ ရက်တွင် ကျင်းပသည်။

ထိုသို့ရွေးကောက်ပွဲလှုံ့ဆော်ရေး လက်ကမ်းစာစောင်ဖြန့်ဝေခြင်းကို အလုံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းသိန်းနှင့်အဖွဲ့ဝင်များ၊ အလုံမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲကိုကိုနှင့်အဖွဲ့ဝင်များ၊ ကြည့်မြင်တိုင်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးညီညီနှင့်အဖွဲ့ဝင်များ၊ စမ်းချောင်းမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဘဝင်းနှင့်အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်ဝန်ထမ်းများက ရွေးကောက်ပွဲမှသည် ပိုမိုကောင်းမွန်သောအနာဂတ်ဆီသို့၊ လှမ်းစို့တူညီမဲရုံဆီ ဒီမိုကရေစီဖော်ဆောင်မည်၊ ဒီမိုကရေစီခိုင်မြဲဖို့ မဲရုံသွားပြီးမဲပေးစို့စာသားပါ မြေစိုက်ပိုစတာများနှင့် ဒို့အတူတူမဲပေးကြမယ်စာသားပါ ရွေးကောက်ပွဲလှုံ့ဆော်ရေး လက်ကမ်းစာစောင်များကို လမ်းသွားလမ်းလာများ၊ YBS ခရီးသည်တင်ယာဥ်နှင့် အငှားယာဥ်များပေါ်ရှိ ခရီးသွားပြည်သူများထံ ဖြန့်ဝေပေးသည်။



အဆိုပါ ရွေးကောက်ပွဲလှုံ့ဆော်ရေးကမ်ပိန်းပြုလုပ်ရာသို့ အလုံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းသိန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ တက်ရောက်ကြကြောင်း သိရသည်။

**ယောရော(မြို့နယ်ပြန်/ဆက်)**

# ကျား၊ မတန်းတူညီမျှရေးနှင့် အမျိုးသမီးအခွင့်အရေးများနှင့်အညီ မြန်မာနိုင်ငံက ပါဝင်ဆောင်ရွက်လျက်ရှိ




နေပြည်တော် ဒီဇင်ဘာ ၂၂

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန အစီအစဉ်ဖြင့် Gender/ CEDAW/ NSPAW/ AGMSF/ WPS အသိပညာပေးသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန စုပေါင်းအစည်းအဝေး ခန်းမ၌ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ကြီးဌာနများမှ Gender Focal Point သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီးက ယခုသင်တန်းကို ကမ္ဘာတစ်ဝန်းလုံးတွင် ဆောင်ရွက်နေသည့် ကျား၊ မတန်းတူညီမျှရေးနှင့်အမျိုးသမီးအခွင့်အရေးများနှင့်အညီ မြန်မာနိုင်ငံက ပါဝင်ဆောင်ရွက်လျက်ရှိသော Gender/ CEDAW/ NSPAW/ AGMSF/ WPS လုပ်ငန်းစဉ်များကို ပိုမိုသိရှိစေရန်၊ ဝန်ကြီးဌာနအလိုက် ဆောင်ရွက်နေသော လုပ်ငန်းစဉ်များတွင် ကျား၊ မရေးရာထည့်သွင်းစဉ်းစားခြင်း (Gender Mainstreaming) ဆောင်ရွက်လာနိုင်စေရန်၊ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများအကြား ချိတ်ဆက်ပူးပေါင်းမှု ပိုမိုအားကောင်းလာခြင်းဖြင့် အမျိုးသမီးများ၏ အခွင့်အရေးများကို ပိုမိုမြှင့်တင်ဖော်ဆောင်ပေးနိုင်ရန် ရည်ရွယ်ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊

သင်တန်းမှရရှိသည့် ဗဟုသုတများဖြင့် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၃၂) လုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ ချမှတ်ဆောင်ရွက်လျက်ရှိသည့် မူဝါဒ၊ မဟာဗျူဟာများနှင့် ချိတ်ဆက်ပြီး အလေးထားကူညီဆောင်ရွက်ပေးကြရန်တိုက်တွန်းပြောကြားသည်။

ထို့နောက် သင်တန်းသား၊ သင်တန်းသူများက သင်ခန်းစာများ ရှင်းလင်းဆွေးနွေးခြင်း၊ အပြန်အလှန်မေးမြန်းခြင်းများ ဆောင်ရွက်ကြသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၁၀ ဦး၊ သင်တန်းသူ ၁၆ ဦး တက်ရောက်ကြပြီး သင်တန်းကို နှစ်ရက်တာဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **မြဝတီ**

# Naypyitaw State Academy ၌ "ယနေ့ခေတ်လူငယ်နှင့် Vape သုံးစွဲမှုအန္တရာယ်"ခေါင်းစဉ်ဖြင့် လူငယ်စကားဝိုင်းကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၂

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့်နေပြည်တော်ကောင်စီတို့ပူးပေါင်းကျင်းပသည့် လူငယ်စကားဝိုင်းကို ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် Naypyitaw State Academy ရှိ Function Hall ခန်းမ၌ကျင်းပသည်။

စကားဝိုင်းသို့ နေပြည်တော်ကောင်စီ လူငယ်ရေးရာကော်မတီဥက္ကဋ္ဌနေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများ၊ နေပြည်တော်အဆင့်ဌာနဆိုင်ရာများ၊ Naypyitaw State Academy ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်သည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက နိုင်ငံတော်အနေဖြင့် လူငယ်ကဏ္ဍကို အထူးအလေးထားကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်ဖိုရမ်-၂၀၂၅ကို တစ်နိုင်ငံလုံးရှိ လူငယ်ကိုယ်စားလှယ်များနှင့် ကျင်းပပေးခဲ့ပြီး လာမည့် ၂၀၂၆ ခုနှစ် ဇန်နဝါရီလတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူငယ်ကိုယ်စားလှယ်များ၊ နေပြည်တော်ရှိ တက္ကသိုလ်များတွင် ပညာသင်ကြားနေသည့် လူငယ်ကိုယ်စားလှယ်များပါဝင်မည့် ငြိမ်းချမ်းရေးလူငယ်မဟာဖိုရမ်ကိုလည်း ကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက Naypyitaw State Academy အတွက် ထောက်ပံ့ငွေများနှင့် လူငယ်စကားဝိုင်းတွင် ပါဝင်ဆွေးနွေးသူများအား ဂုဏ်ပြုလက်ဆောင်များကိုပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူသည်။

ယင်းနောက် ဒုတိယဝန်ကြီးက အမှာစကားပြောကြားပြီး Naypyitaw State Academy အတွက်အားကစားပစ္စည်းများကို ပေးအပ်သည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကို ကျင်းပရာ ဆွေးနွေးသူလူငယ်များက "ယနေ့ခေတ်လူငယ်နှင့် Vape သုံးစွဲမှုအန္တရာယ်" ခေါင်းစဉ်ဖြင့် အသိပညာပေးဆွေးနွေးခြင်း၊ တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းခြင်းနှင့်ဆွေးနွေးပွဲတွင် ပါဝင်သူများက ပြန်လည်ဖြေကြားပေးခြင်းတို့ကို ဆောင်ရွက်ကြပြီး ဌာနဆိုင်ရာတာဝန်ရှိသူများက ဆုလက်ဆောင်များပေးအပ်ကာ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများကို ရင်းရင်းနှီးနှီးလိုက်လံတွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။




**အောင်သူရဦး(ဒက္ခိဏ)**

# အမျိုးသားအဆင့် အိုင်စီတီ စွမ်းရည်ဆုပြိုင်ပွဲ - ၂၀၂၅ ဆုချီးမြှင့်ပွဲနှင့် ဆုရပရောဂျက်များ ခင်းကျင်းပြသပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၂

ပညာရေးဝန်ကြီးဌာနနှင့်မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်တို့ ပူးပေါင်းကျင်းပသောအမျိုးသားအဆင့် အိုင်စီတီ စွမ်းရည်ဆုပြိုင်ပွဲ-၂၀၂၅ National ICT Award 2025 (Educational Project and Skills Competition)တိုင်းဒေသကြီးနှင့်ပြည်နယ်ပေါင်းစုံ ဗဟိုအဆင့်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲနှင့် ဆုရပရောဂျက်များ ခင်းကျင်းပြသခြင်း အခမ်းအနားကို ယမန်နေ့နံနက် ၁၀ နာရီက အလုံမြို့နယ် အမှတ် (၄)အခြေခံပညာအထက်တန်းကျောင်းသီရိရတနာခန်းမ၌ကျင်းပသည်။




ဦးစွာ အမျိုးသားအဆင့် အိုင်စီတီ စွမ်းရည်ဆုပြိုင်ပွဲ-၂၀၂၅ National ICT Awards-2025 (Educational Project and Skills Competition) တိုင်းဒေသကြီးနှင့်ပြည်နယ်ပေါင်းစုံ ဗဟိုအဆင့်ပြိုင်ပွဲ မှတ်တမ်း Video Clip ကိုပြသသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်ဥက္ကဋ္ဌ ဦးမင်းဇေယျာလှိုင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခဲ့သည်။ အမျိုးသားအဆင့် အိုင်စီတီစွမ်းရည်ဆုပြိုင်ပွဲ-၂၀၂၅ National ICT Awards-2025 (Educational Project and Skills Competition) တိုင်းဒေသကြီးနှင့်ပြည်နယ်ပေါင်းစုံ ဗဟိုအဆင့်ပြိုင်ပွဲဆရာအဆင့်/ ပညာရေးဝန်ထမ်းအဆင့်တွင် ဦးခန့်ဝင်း၊ ဦးအောင်မျိုးသန့်နှင့်ဦးဇော်နိုင်ထွန်း၊ အထက (၄) ကမာရွတ် ရန်ကုန်တိုင်းဒေသကြီးက ပထမ၊ ဦးဇော်ထွန်းဦး၊ ပြည်နယ်ပညာရေးမှူးရုံး၊ တောင်ကြီးမြို့နယ်က ဒုတိယ၊ ဒေါ်သီတာလမင်း၊ အမက (သစ်ချီတင်) ပြည်မြို့နယ်က တတိယရရှိသည်။

အထက်တန်းအဆင့်တွင် မမေမြင့်မိုရ်ကြည်၊ အထက (၁) (ဒဂုံ)၊ ဒဂုံမြို့နယ်ရန်ကုန်တိုင်းဒေသကြီးက ပထမ၊မောင်နိုင်မင်းလွင်၊ အထက (၆) ပုသိမ်၊ ပုသိမ်မြို့နယ် ဧရာဝတီတိုင်းဒေသကြီးက ဒုတိယ၊ မောင်ခန့်ဇော်ဟိန်း အထက (ပထက်)၊ ကျွန်းစုမြို့နယ် တနင်္သာရီတိုင်းဒေသကြီးက တတိယရရှိသည်။

အလယ်တန်းအဆင့်တွင်မောင်သုတလင်းထက် အထက (၁) (ဒဂုံ)၊ ဒဂုံမြို့နယ် ရန်ကုန်တိုင်းဒေသကြီးကပထမ၊မောင်ဘုဏ်းမြတ်ဟိန်းခန့်အထက(၁) (ပဲခူး)၊ ပဲခူးမြို့နယ် ပဲခူးတိုင်းဒေသကြီးက ဒုတိယ၊ မောင်သုတထွန်း၊ မဖြူစင်အေးချမ်း ကပက (BBS 1)၊ ပဲခူးမြို့နယ် ပဲခူးတိုင်းဒေသကြီးနှင့် မောင်သန့်ထူးလွင် အထက (၆) (ပုသိမ်)၊ ပုသိမ်မြို့နယ် ဧရာဝတီတိုင်းဒေသကြီးတို့က တတိယရရှိသည်။

မူလတန်းအဆင့်တွင် မခြူးနဒီကို အထက (၄) မကွေး၊ မကွေးတိုင်းဒေသကြီးက ပထမ၊ မယွန်းရှုဟေသီ၊ မိုးသောက်ပန်း (ကပက) သဃ်န်းကျွန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီးက ဒုတိယ၊ မဆုရည်လင်းမြန်ပြည်သားကောင်း (ကပက)၊ ကျုံပျော်မြို့နယ် ဧရာဝတီတိုင်းဒေသကြီးနှင့် ခွန်ဘုန်းမြတ်ဟိန်း Win Hill (ကပက)၊ တောင်ကြီး ရှမ်းပြည်နယ် (တောင်ပိုင်း) တို့ကတတိယ ရရှိသည်။

အမျိုးသားအဆင့် အိုင်စီတီ စွမ်းရည်ဆုပြိုင်ပွဲ National ICT Award (Educational Project and Skills Competition) ပြိုင်ပွဲအား ပညာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်တို့ပူးပေါင်းပြီး ၂၀၀၄ ခုနှစ်မှစတင်၍ နှစ်စဉ်ကျင်းပခဲ့ပြီး တိုင်းဒေသကြီး/ပြည်နယ်များရှိအခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းများမှ ဆရာ၊ဆရာမများ၊ကျောင်းသား၊ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်းသိရသည်။

**လင်းခန့်**

# ဂျို့ချောင်းကျေးရွာ၌ VDP စီမံကိန်းဖြင့် ကျေးရွာတွင်းလမ်း ဂဝံမြေခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

ပန်းတနော် ဒီဇင်ဘာ ၂၂

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ဂျို့ချောင်းကျေးရွာ၌ ယခုဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေ၊ ကျေးရွာပြည်သူထည့်ဝင်ငွေများဖြင့် ကျေးရွာတွင်းလမ်း ဂဝံမြေခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဒီဇင်ဘာလ ၂၂ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။


ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ပန်းတနော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးလှိုင်နှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ကျေးရွာကော်မတီဝင်များနှင့်အတူ ကျေးရွာတွင်းလမ်း ဂဝံမြေခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဂျို့ချောင်းကျေးရွာ၌ အရှည် ၉၆၅ ပေ၊ အကျယ် ၁၀ ပေ၊ ထု ၈ လက်မရှိ ကျေးရွာတွင်းလမ်း ဂဝံမြေခင်းခြင်းလုပ်ငန်းကို ယခုဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ခွင့်ပြုငွေ ငွေကျပ် သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေ ငွေကျပ် သိန်း ၃၀ စုစုပေါင်း ငွေကျပ် သိန်း ၁၈၀ ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာများ၏ နည်းပညာအကူအညီဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် နိုဝင်ဘာလဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ပန်းတနော်မြို့နယ်အတွင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ကို ယခုဘဏ္ဍာနှစ်တွင် ဂျို့ချောင်းကျေးရွာအပါအဝင် ရေလဲကျေးရွာ၊ ကြူဂရက်ကျေးရွာ၊ ရုံးချောင်းကျေးရွာနှင့် ပိတောက်စုကျေးရွာတို့၌ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ငြိမ်းသူ

## မိုးလေဝသ သတင်း




# ပခုက္ကူမြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်များ လက်တွေ့စမ်းသပ်စစ်ဆေး

ပခုက္ကူ ဒီဇင်ဘာ ၂၂

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲတွင်တာဝန်ထမ်းဆောင်မည့် မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များက မြန်မာအီလက်ထရောနစ်မဲပေးစက်များ လက်တွေ့စမ်းသပ်စစ်ဆေးခြင်းကို ဒီဇင်ဘာလ ၂၂ ရက်တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြဧရာ(၁)ခန်းမ၌ ကျင်းပသည်။



ရှေးဦးစွာ ပခုက္ကူခရိုင်ရွေးကောက်ပွဲအရာရှိ ဒေါ်ချိုခိုင်ဦးနှင့်ဝန်ထမ်းများက မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ၊ မဲပေးစက်တည်ဆောက်ပုံများ၊ စက်ပစ္စည်းကောင်းမွန်မှုရှိ၊ မရှိစစ်ဆေးနည်း၊ စက်တပ်ဆင်ပုံ၊ စမ်းသပ်မဲပေးပုံ၊ ရွေးကောက်ပွဲနေ့တွင် မဲရုံ၌ မဲပေးစက်တပ်ဆင်ခင်းကျင်းပုံ၊ မဲရလဒ်ရေတွက်ပုံ၊ နည်းဥပဒေပါအတိုင်း မဲရလဒ်စာရင်းပြုစုပုံ၊ မဲပေးစက်ကို ပြန်လည်ထုပ်ပိုးသိမ်းဆည်းပုံနှင့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းလမ်းညွှန်ချက်များကို စနစ်တကျ စာတွေ့လက်တွေ့သင်ကြားပို့ချပေးကြသည်။

အဆိုပါမဲပေးစက်များ လက်တွေ့စမ်းသပ်စစ်ဆေးခြင်းကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်မှ ၂၃ ရက်အထိ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကယ်ရီမောင်

# ရန်ကုန်မြို့၌ ဆန်အကြောင်းသိကောင်းစရာပြပွဲ -၂၀၂၅ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၂

ရန်ကုန်တိုင်းဒေသကြီးစားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ ပံ့ပိုးကူညီပြီး မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်(MRF)၊ ညီနောင်အသင်းအဖွဲ့များ၊ ကုန်စည်ဒိုင်များ၊ အသင်းဝင်ဆန်အရောင်းဆိုင်လုပ်ငန်းများ၊ ဆန်စပါးကုမ္ပဏီများ ပူးပေါင်း၍ ဆန်အကြောင်းသိကောင်းစရာပြပွဲ -၂၀၂၅ (Yangon Rice Showcase–2025)ကို ဒီဇင်ဘာလ ၂၄ ရက်တွင် ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ Melia Hotel (Grand Ballroom)၌ ကျင်းပမည်ဖြစ်သည်။

ယင်းပြပွဲတွင် အဓိကအားဖြင့် ပေါ်ဆန်းဆန်များနှင့် တခြားအရည်အသွေးမြင့်ဆန်အမျိုးအစားများ၊ ဆန်အရည်အသွေး အမျိုးမျိုးနှင့် အဆင့်အတန်းများ၊ ကုန်အမှတ်တံဆိပ်အမျိုးမျိုး၊ ဈေးနှုန်းအမျိုးမျိုး၊ ချက်ပြုတ်နည်းများနှင့် အာဟာရတန်ဖိုးများ၊ အိမ်ရှင်မများအား ဆန်အကြောင်းသိကောင်းစရာများကို လက်ဆင့်ကမ်းမျှဝေပေးမည့်သံတမန်များ (Rice Ambassador) အဖြစ်တာဝန်ပေးခြင်း၊ ရွေးချယ်ထားသောမြို့နယ်များမှ စိစစ်ရွေးချယ်ထားသော အိမ်ရှင်မများ၊ လူငယ်လူလတ်များအား ဆန်အကြောင်းသိကောင်းစရာပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်စေပြီး ရွေးချယ်ခံရသူအိမ်ရှင်မများအား MRF ၏ ဆန်အကြောင်းသိကောင်းစရာများကို လက်ဆင့်ကမ်းမျှဝေပေးမည့်သံတမန်များ (Rice Ambassador )အဖြစ် တာဝန်ပေးခန့်အပ်ကာ ၎င်းတို့နေထိုင်သောရပ်ကွက်နှင့် အနီးအနားပတ်ဝန်းကျင်အသိုက်အဝန်းတွင် မှန်ကန်သောဆန်အကြောင်းသိကောင်းစရာ ဗဟုသုတ အတွေ့အကြုံများ၊ ဆန်အမျိုးအစားများနှင့် ဈေးနှုန်းများအကြောင်းကို ဆက်လက်မျှဝေလက်ဆင့်ကမ်းပေးနိုင်ရန် ရည်ရွယ်ထားကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ သိရသည်။

မြန်မာနိုင်ငံ၌ စိုက်ပျိုးပြီး နိုင်ငံအနှံ့တည်ရှိနေသော ဆန်စက်များတွင် ကြိတ်ခွဲထုတ်လုပ် သန့်စင်ထုပ်ပိုးထားသည့် ဆန်အမျိုးအစားများ၊ အထူးသဖြင့် ယင်းဆန်များ၏စားသုံးမှုအရည်အသွေး၊ ဈေးနှုန်းနှင့် အာဟာရတန်ဖိုးများ၊ ချက်နည်းများ၏ အရည်အသွေး၊ အရသာပြောင်းလဲမှုများကို သိရှိနားလည်စေရန် ရည်ရွယ်၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် တို့ပူးပေါင်း၍ စားသုံးသူပညာပေးလုပ်ငန်းအဖြစ် စီစဉ်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဝန်းရံခ

# ထန်းတပင်မြို့နယ်၌ သစ်တောထိန်းသိမ်းရေး တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြော

ရန်ကုန် ဒီဇင်ဘာ ၂၂

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်သစ်တောဦးစီးဌာနမှ မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာနေပြည်သူများအား မီးခိုးမြူငွေ့ညစ်ညမ်းမှုဆက်စပ်ပုံနှင့် လေထုညစ်ညမ်းမှုကြောင့် လူမှုစီးပွားဘဝများ ထိခိုက်နိုင်မှုများကို သိရှိနားလည်စေရန်ရည်ရွယ်၍ သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာလ ၂၁ ရက်က လမုတန်းကြီးကျေးရွာအုပ်စု လမုတန်းကြီးကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးနိုင်လင်းထွန်းက သစ်တောသစ်ပင်များအကြောင်း၊ ဇီဝမျိုးစုံမျိုးကွဲများနှင့်ဂေဟစနစ်များအကြောင်း၊ သစ်တောများမှ ပေးစွမ်းနိုင်သည့် ဂေဟစနစ်ဆိုင်ရာအကျိုးကျေးဇူးများ၊ ရာသီဥတုပြောင်းလဲမှုလျှော့ချရေးတွင် သစ်တောများ၏အရေးပါမှု၊ အကျိုးကျေးဇူးများနှင့် မီးခိုးမြူငွေ့လျှော့ချရေးအတွက် Fire Hotspots များလျှော့နည်းကျဆင်းအောင် တောမီးရှို့ခြင်း၊ လယ်ယာမီးရှို့ခြင်းများမပြုလုပ်ရန်၊ မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေး ဆောင်ရွက်နေမှုအခြေအနေများ၊ သစ်တောများထိန်းသိမ်းရေးအကြောင်းနှင့် သစ်တောမှ ပေးစွမ်းနိုင်သော အကျိုးကျေးဇူးများအကြောင်းကို အသိပညာပေးပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ကျေးရွာနေပြည်သူများက သိရှိလိုသည်များကိုမေးမြန်းကြရာ မြို့နယ်ဦးစီးမှူးက ပြန်လည်ရှင်းလင်းပြောကြားပြီး ကျေးရွာနေပြည်သူများထံ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ ဇင်မင်းထိုက်(ထန်းတပင်)




ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် မြန်မာ့စီးပွားရေးဘဏ်၌ ဒီဇင်ဘာလ ၂၂ ရက်တွင် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ပင်စင်များကို မြန်မာ့စီးပွားရေးဘဏ်ဝန်ထမ်းများက ထုတ်ပေးစဉ်။ ခရမ်း(ပြန်/ဆက်)



ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းပန်မြို့နယ် မြန်မာ့စီးပွားရေးဘဏ်၌ ဒီဇင်ဘာလ ၂၂ ရက်တွင် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများ၏ ပင်စင်များကို မြန်မာ့စီးပွားရေးဘဏ်မှ ဝန်ထမ်းများက ထုတ်ပေးခြင်းနှင့် ကျန်းမာရေးဦးစီးဌာနမှဝန်ထမ်းများက နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့်လိုအပ်သောဆေးဝါးများပေးအပ်စဉ်။ မြို့နယ်(ပြန်/ဆက်)



ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ် မြန်မာ့စီးပွားရေးဘဏ်၌ ဒီဇင်ဘာလ ၂၂ ရက်တွင် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ပင်စင်များထုတ်ပေးခြင်းဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)



ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် ပြည်သူ့ဆေးရုံ၌ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား လစဉ်ကျန်းမာရေးစောင့်ရှောက်ပေးခြင်းကို ဒီဇင်ဘာလ ၂၂ ရက်တွင် ဆောင်ရွက်ပေးစဉ်။ ရွှေသား(IPRD)

# ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်) အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများဆောင်ရွက်


ရန်ကုန် ဒီဇင်ဘာ ၂၂

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်သည် ဒီဇင်ဘာလ ၂၁ ရက်က ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်) အစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက ဝန်ထမ်းများအားလုံး နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ကြရန်၊ လာမည့်အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ကြရန်၊ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေးနှင့် ဝင်ငွေပိုမိုတိုးတက်ရရှိရေး ဝိုင်းဝန်းဆောင်ရွက်သွားကြရန်မှာကြားသည်။

ထို့နောက် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)မှ ညွှန်ကြားရေးမှူး ဦးပြေဟိန်းနိုင်က ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)၏ ၂၀၂၅ ခုနှစ် ဧပြီလ ၁ ရက်မှ ဒီဇင်ဘာလ ၂၀ ရက်အထိ ဝင်ငွေလျာထားချက်အပေါ် ၈၅ ဒသမ ၂၈ ရာခိုင်နှုန်း ကောက်ခံရရှိမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဝန်ကြီးက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)အတွင်း မြေယာရှုခင်းနှင့် ပန်းအလှစိုက်ပျိုးခြင်း တင်ဒါလုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ ဆိပ်ခံဗောတံတားသောင်တူးခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု၊ ရိုးရာအိမ်များနှင့်ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကြောင်းသိရသည်။ မြဝတီ



# ပဲခူးမြို့၌ ကလစ်နှင့် ပန်းကြယ်သီးပြုလုပ်နည်းသင်တန်းဖွင့်

ပဲခူး ဒီဇင်ဘာ ၂၂

ပဲခူးတိုင်းဒေသကြီးလူမှုဝန်ထမ်းဦးစီးဌာနကကြီးမှူးသည့် Bow ကလစ်နှင့်ပန်းကြယ်သီးပြုလုပ်နည်းသင်တန်းကို ပဲခူးမြို့ရွှေမော်ဓောဘုရားလမ်းနှင့် ရှင်စောပုလမ်းထောင့်ရှိ လူငယ်ရေးရာစင်တာ၌ ဒီဇင်ဘာလ ၂၂ ရက်တွင် ဖွင့်လှစ်သည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးလူငယ်ရေးရာကော်မတီဒုတိယဥက္ကဋ္ဌ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးမျိုးအောင်က သင်တန်းဖွင့်လှစ်သင်ကြားရခြင်းနှင့်ပတ်သက်၍ပြောကြားသည်။

ထို့နောက်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီးနှင့် တိုင်းရင်းသားရေးရာဝန်ကြီးတို့က သင်တန်းတွင်အသုံးပြုမည့် သင်ထောက်ကူပစ္စည်းများအား သင်တန်းသူများထံပေးအပ်ကြပြီး သင်တန်းနည်းပြများ၊ သင်တန်းသူများက တစ်ဦးချင်း မိတ်ဆက်စကားပြောကြားသည်။



အဆိုပါသင်တန်းဖွင့်ပွဲသို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်လူမှုရေးရာဝန်ကြီး၊ တိုင်းရင်းသားရေးရာဝန်ကြီး၊ ပဲခူးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနညွှန်ကြားရေးမှူး၊ ပဲခူးတိုင်းဒေသကြီးပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများတက်ရောက်ပြီး သင်တန်းကို ဒီဇင်ဘာလ ၂၂ ရက်မှ ၂၆ ရက်အထိ ဖွင့်လှစ်သင်ကြားမည်ဖြစ်ကာ သင်တန်းသူ ၂၅ ဦးတို့အား Bow ကလစ်နှင့်ပန်းကြယ်သီး ပြုလုပ်နည်းစာတွေ့လက်တွေ့သင်ကြားမည်ဖြစ်ကြောင်းသိရသည်။ (၄၁၀)

**တက်ညီလက်ညီရှေ့သို့ချီ ကိုယ်စီဆန္ဒမဲပေးကြ။**



ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်မြန်မာ့စီးပွားရေးဘဏ်ခွဲ၌ ဒီဇင်ဘာလ ၂၂ ရက်တွင် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ပင်စင်များထုတ်ပေးခြင်းဆောင်ရွက်စဉ်။ ဖုန်းကျော်ဇင်(ပြန်/ဆက်)

**သဇင်(FM)**
**အသံလွှင့်အစီအစဉ်**
၂၃-၁၂-၂၀၂၅(အင်္ဂါနေ့)

| | | |
|---|---|---|
| ၁။ | ၀၈:၀၀ | နှလုံးသားဝယ် ဘုရားတည် |
| ၂။ | ၁၁:၅၀ | လှပကျန်းမာ |
| ၃။ | ၁၄:၅၀ | Speech On Air |
| ၄။ | ၁၆:၀၀ | တပ်မတော်စာတိုက်ခန်း |
| ၅။ | ၁၇:၀၀ | ထင်ရှားကျော်ကြားပုဂ္ဂိုလ်များ |
| ၆။ | ၂၁:၂၀ | Memory Box |

# သွေးတိုးရောဂါရှိသူများ ဆောင်းရာသီမှာသတိထား

**"သတိမမူ ဂူမမြင်ဟူသောစကားအတိုင်း အနွေးထည်ဝတ်ထားသဖြင့် လုံခြုံပြီဟုထင်ကြသော်လည်း လည်ပင်းဖွင့်ထားသောအခါ လည်ပင်းဘေးနှစ်ဖက်ရှိ ဦးနှောက်အထိသွေးပို့သော သွေးကြောကြီးနှစ်ခုမှာ အအေးပတ်ပြီး ကျုံ့လိုက်သည်။ ထိုအခါ ဦးနှောက်သို့ သွေးအရောက်နည်းသွားသည်။ နှလုံးက သွေးပိုရောက်စေရန် ပို၍ညှစ်ပေးသည်။ ထို့ကြောင့် သွေးပေါင် ခေါ် သွေးဖိအားတက်လာရခြင်းဖြစ်သည် . . ."**

သွေးတိုးရောဂါသည် ပူလွန်းသောရာသီနှင့်လည်းမသင့်၊ အေးလွန်းသောရာသီနှင့်လည်းမသင့်သော ရောဂါမျိုးဖြစ်သည်။ ပူလွန်းလျှင် အပူဒဏ်ကြောင့် သွေးကြောများကျယ်ပြန့်ကာ သွေးလုံးပွလာပြီး ဦးနှောက်သို့ သွေးဆောင့်တိုးကာ မူးလဲတတ်သည်။ အေးလွန်းလျှင်လည်း သွေးကြောများကျုံ့ပြီး မာကျစ်ကာ သွေးဖိအားတက်လာသည်။ သွေးမရောက်သော အစွန်အဖျားနေရာများသို့ သွေးရောက်စေရန် နှလုံးက ပို၍ညှစ်ရာမှ သွေးဖိအားတက်လာခြင်းဖြစ်သည်။ ထို့ကြောင့် လူကြီးများ ဆောင်းရာသီတွင် သွေးပေါင်ချိန် အနည်းငယ်ပိုတက်လေ့ရှိသည်မှာ ရောဂါမဟုတ်ပေ။

ဆောင်းတွင်းနံနက်စောစော ကျုံးဘေးတွင် လမ်းလျှောက်နေကျ လူကြီးတစ်ဦးသည် ခေါင်းမူးလာသဖြင့် အိမ်ပြန်လာပြီးနောက် သမီးဖြစ်သူဆရာဝန်က သွေးပေါင်ချိန်ကြည့်သောအခါ သွေးပေါင်ချိန်တက်နေကြောင်း တွေ့ရသည်။

အအေးပတ်ပြီး သွေးတိုးလာခြင်းဖြစ်သည်။ ထိုသူသည် အင်္ကျီလက်ရှည်ဝတ်ထားပြီး အပေါ်မှ ကုတ်အင်္ကျီထပ်ဝတ်ထားသေးသည်။ သူ၏အဓိကချွတ်ယွင်းချက်မှာ အင်္ကျီလည်ပင်းကြယ်သီးဖွင့်ထားခြင်းကြောင့်ဖြစ်သည်။ သတိမမူ ဂူမမြင်ဟူသောစကားအတိုင်း အနွေးထည်ဝတ်ထားသဖြင့် လုံခြုံပြီဟု ထင်ကြသော်လည်း လည်ပင်းဖွင့်ထားသောအခါ လည်ပင်းဘေးနှစ်ဖက်ရှိ ဦးနှောက်အထိ သွေးပို့သော သွေးကြောကြီးနှစ်ခုမှာ အအေးပတ်ပြီး ကျုံ့လိုက်သည်။ ထိုအခါ ဦးနှောက်သို့ သွေးအရောက်နည်းသွားသည်။ နှလုံးက သွေးပိုရောက်စေရန် ပို၍ညှစ်ပေးသည်။ ထို့ကြောင့် သွေးပေါင် ခေါ် သွေးဖိအားတက်လာရခြင်းဖြစ်သည်။

ရှေးလူကြီးများ လမ်းလျှောက်ထွက်ကြသောအခါ အပေါ်က ကုတ်အင်္ကျီ၊ အောက်ပိုင်းက ပုဆိုး၊ ရှူးဖိနပ်နှင့်လက်တွင်တုတ်ကောက်ကိုင်ထားသည်။ ထူးခြားချက်မှာ လည်ပင်းတွင် မာဖလာပတ်ထားကြသည်။ ဦးခေါင်းတွင် နှင်းမကျစေရန် ဦးထုပ်တစ်လုံးကို ဆောင်းထားသည်။ ဤသည်ကို ရှေးက ဗိုလ်အောင်ဒင်စတိုင်ဟု ခေါ်ကြသည်။ ဤဝတ်စားဆင်ယင်မှုမှာ ကျန်းမာရေးရှုထောင့်ကကြည့်လျှင် အမှန်ကန်ဆုံးဖြစ်သည်။ တုတ်ကောက်ပါသဖြင့် ရုတ်တရက်လဲကျမှာလည်းမပူရ၊ လည်ပင်းတွင် မာဖလာပတ်ထားသဖြင့် လည်ပင်းသွေးကြောများ အအေးပတ်ပြီး သွေးတိုးမှာလည်း မပူရသောစတိုင်ဖြစ်ပေသည်။

အဝတ်ပြီးလျှင် အစားဘက်ကို သတိပြုရမည်။ ဆောင်းရာသီတွင် ကိုယ်၌အပူငုပ်သောရာသီ၊ ချွေးမထွက်သောရာသီဖြစ်သဖြင့် ဝမ်းတွင်းပူပြီး ဆာလောင်တတ်သည်။ အစားများလျှင် အစာမကြေဖြစ်တတ်သည်။ အစားကို နည်းနည်းနှင့်အကြိမ်များများစားရမည်။ နှစ်နာရီ၊ သုံးနာရီ တစ်ကြိမ်ခန့် အစာစားပေးလျှင်သင့်သည်။ ကောက်ညှင်းပေါင်း၊ ကောက်ညှင်းထုပ်၊ ဆန်စေး၊ ရှမ်းဆန်များကို သင့်ရုံသာစားသင့်သည်။ အစားများသွားသည်ဟုထင်လျှင် ရေနွေးကြမ်းတွင် ဆားလှော်အနည်းငယ်မျှထည့်၍သောက်လျှင် အစာကြေပြီး လေလည်း ကြေစေနိုင်သည်။ နေ့လယ်စာစားပြီးလျှင် ထန်းလျက်ခဲစားခြင်းဖြင့်လည်း အစာကြေစေနိုင်သည်။

ဝမ်းတစ်လုံးကောင်းလျှင် ခေါင်းတစ်လုံးမခဲဟူသောစကားသည် ရှိးနေပြီဟုထင်ရသော်လည်း အလွန်မှန်ကန်သောစကားဖြစ်သည်။ ဆောင်းရာသီတွင် ဝမ်းချုပ်လျှင် အပူအထက်ပြန်ပြီး နှုတ်ခမ်းကွဲ၊ အာခေါင်ခြောက်ပြီး သွားနာ၊ သွားဖုံးနာ၊ အာသီးရောင်ရောဂါများဖြစ်တတ်သည်။ ဝမ်းမချုပ်စေရန် သုံးရက်လျှင် တစ်ကြိမ်ခန့် မန်ကျည်းမှည့်နှင့်ဆားခါးကို တေဆေးပြုလုပ်၍ စားခြင်း သို့မဟုတ် မန်ကျည်းမှည့်အနှစ်ကို ထန်းလျက်နှင့် ဆားအနည်းငယ်ထည့်စိမ်ပြီး ညအိပ်ရာဝင်ခါနီးအချိန်တွင် သောက်ပေးခြင်းဖြင့် ဝမ်းမှန်ကာ ကျန်းမာစေနိုင်ကြောင်း တင်ပြလိုက်ရပေသည်။

*ကြည်လွင်မြင့်(မုဒြာ)*

# ဥတုပြောင်းနှင့် ချောင်းဆိုးရောဂါ

ဆောင်းရာသီအကူးတွင် မိုးရွာသောအခါ ဥတုပျက်ခြင်းကြောင့် ချောင်းဆိုးရောဂါရတတ်သည်။ ရှေးလူကြီးများက ဝသန်ကြွင်းမိုးကောင်း၊ ချောင်းတဟွတ်ဟွတ်... ဆားလှော်နှင့်ချွတ် ဟုဆိုကြသည်။ ဝသန်ကြွင်းမိုးဆိုသည်မှာ မိုးဥတု၏ အကြွင်းအကျန် မိုးရွာခြင်းဟု ဆိုလိုသည်။ ထိုမိုးရွာလျှင် လူအများနေမကောင်းဖြစ်ပြီး ချောင်းတဟွတ်ဟွတ်ဆိုးကြမည်။ ထိုအတွက် ရေနွေးကြမ်းတွင် ဆားလှော် အနည်းငယ်ထည့်သောက်ခြင်းဖြင့် ချွတ်ရမည်။ ပျောက်ကင်းအောင် ကုသရမည်ဟု ဆိုလိုခြင်းဖြစ်သည်။

ရှေးလူကြီးများသည် ရာသီဥတုအကူးအပြောင်းတွင် ရေအေးမသောက်၊ ရေနွေးကြမ်း(အဖန်ရည်)ကိုသာ သောက်လေ့ရှိကြသည်။ ထိုရေနွေးကြမ်း(အဖန်ရည်)သောက်ခြင်းကြောင့် လေမချုပ်စေရန်ဆားလှော်အနည်းငယ် ထည့်သောက်လေ့ရှိကြသည်။ ရိုးရာရေနွေးကြမ်းဝိုင်းတွင် ဆားလှော်ဘူးသည် မပါမဖြစ်ဖြစ်သည်။ ရှေးလူကြီးများသည် နံနက်အိပ်ရာထ သွားတိုက်လျှင်လည်း ယခုခေတ်ကဲ့သို့ သွားတိုက်ဆေးမပေါ်မီက ဆားဖြင့်ပင်တိုက်ကြသည်။ ဆားသည် အပူနှင့်အပုပ်ကို နိုင်သောအရာဖြစ်သည်ဟု ယူဆကြသည်။

ဆောင်းရာသီကူးသောအခါ တောင်လေတိုက်နေရာမှ မြောက်လေပြောင်း၍ တိုက်လာသည်။ အအေးဓာတ်ကို သယ်ဆောင်လာသောလေသည် မြောက်အရပ်မှလာသည်။ ထို့ကြောင့် မြောက်အရပ်သို့မျက်နှာမူထားသောနေအိမ်တွင် နေထိုင်သူများသည် တခြားအရပ်သို့မျက်နှာမူသည့်နေအိမ်တွင် နေထိုင်သူများထက်ပို၍ ရောဂါရလေ့ရှိသည်ဟု အယူအဆရှိသည်။

ထိုချောင်းဆိုးရောဂါသည် လွယ်လွယ်နှင့် မပျောက်တတ်ဘဲ ရက်ရှည်လာလျှင် ချောင်းအစိုမှ ချောင်းအခြောက်ရောဂါသို့ ပြောင်းလဲသွားတတ်သည်။

ချောင်းဆိုးခြင်းသည် သာမန်ရောဂါလေးမျှသာဖြစ်သော်လည်း လူကြားသူကြားသွားသောအခါ အလွန်ပင် ဒုက္ခပေးသည်။ တရားပွဲနှင့်အစည်းအဝေးများတွင် ချောင်းဆိုးသူပါလျှင် အနှောင့်အယှက်ဖြစ်တတ်သည်။ ညအိပ်ရာဝင်ချိန်တွင် ချောင်းဆိုးသူတစ်ဦးရှိလျှင် အိမ်ရှိတခြားလူများပါ အိပ်မပျော်ဖြစ်ကြရသည်။ ချောင်းဆိုးခြင်းအတွက် မြန်မာ့ရိုးရာဆေးမှာ လျက်ဆားဖြစ်သည်။

ခန္ဓာသုခလျက်ဆား ဆေးနည်းတွင် နွယ်ချို ၁၂ ကျပ်သား၊ ဇဝက်သာ ၅ ကျပ်သား၊ သိန္ဓော၂ ကျပ် ၈ ပဲ၊ ဆားပုပ်၂ ကျပ် ၈ ပဲ၊ လက်ချား ၈ ပဲ၊ နံ့သာဖြူ၊ ကွမ်းစားဂမုန်း၊ ဇာတိပ္ပိုလ်သီး၊ ဇာတိပ္ပိုလ်ပွင့်၊ စမုန်မျိုးငါးပါး ၄ ပဲစီပါဝင်သည်။

ဤဆေးတွင် နွယ်ချိုအများဆုံးပါသဖြင့် နွယ်ချိုကဲလျက်ဆားဟုလည်း ခေါ်ကြသည်။ ရာသီဥတုအပြောင်းအလဲတွင်ဖြစ်တတ်သော ချောင်းဆိုးရောဂါများ၊ လေထိုးလေအောင့်ရောဂါ၊ သလိပ်ကပ်ရောဂါ၊ ခံတွင်းပျက်ရောဂါ၊ ပါးစပ်ခါးအစားပျက်သောရောဂါတို့အတွက် ရိုးရိုးလျက်ပေးခြင်းဖြင့်လည်းကောင်း၊ သံပရာရည်၊ ရှောက်ရည်တို့နှင့်ဖျော်စပ်၍ လျက်ပေးခြင်းဖြင့်လည်းကောင်း ပျောက်ကင်းသက်သာစေနိုင်ပြီး အရသာကောင်းသော လျက်ဆားဖြစ်သည်။

**"ဆောင်းရာသီကူးသောအခါ တောင်လေတိုက်နေရာမှ မြောက်လေပြောင်း၍ တိုက်လာသည်။ အအေးဓာတ်ကို သယ်ဆောင်လာသောလေသည် မြောက်အရပ်မှလာသည်။ ထို့ကြောင့် မြောက်အရပ်သို့မျက်နှာမူထားသောနေအိမ်တွင် နေထိုင်သူများသည် တခြားအရပ်သို့မျက်နှာမူသည့်နေအိမ်တွင် နေထိုင်သူများထက် ပို၍ရောဂါရလေ့ရှိသည်ဟု အယူအဆရှိသည် . . ."**

# ကန်ကြီးထောင့်မြို့နယ်၌ မြို့နယ်အဆင့် သင်ထောက်ကူပြိုင်ပွဲအခမ်းအနားကျင်းပ




ကန်ကြီးထောင့် ဒီဇင်ဘာ ၂၂

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် အခြေခံပညာဦးစီးဌာနမှူးကြီးမှူး၏ မြို့နယ်အဆင့် သင်ထောက်ကူပြိုင်ပွဲအခမ်းအနားကို ဒီဇင်ဘာလ ၂၂ ရက်တွင် မြို့နယ်ပညာရေးမှူးရုံး၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားတွင် ခရိုင်ပညာရေးမှူး ဦးဘုန်းဇော်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင် ဗိုလ်မှူးရဲနိုင်လွင်တို့က အဖွင့်အမှာစကားပြောကြားကြပြီး မြို့နယ်ပညာရေးမှူး ဒေါ်ခင်သက်နိုင်က ပြိုင်ပွဲကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယမြို့နယ်ပညာရေးမှူး ဦးအောင်သန်းစိုးက ပြိုင်ပွဲနှင့်စပ်လျဉ်း၍ အမှတ်ပေးစည်းမျဉ်းများကိုပြောကြားပြီး အကဲဖြတ်အမှတ်ပေးမည့်ဒိုင်များနှင့် မိတ်ဆက်ပေးသည်။

ဆက်လက်၍ တက်ရောက်လာကြသော ခရိုင်ပညာရေးမှူး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင်များ၊ မြို့နယ်ပညာရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ကြရန် ခင်းကျင်းပြသထားသည့် သင်ထောက်ကူများ (မူပုံ/ကားချပ်/သေတ္တာ)ကို ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါပြိုင်ပွဲကို သင်ထောက်ကူပစ္စည်းများအသုံးပြု၍ စနစ်သစ်သင်ကြားနည်းများဖြင့် သင်ကြားပေးရာတွင် ပိုမိုထိရောက်အောင်မြင်စေရန်၊ တတ်မြောက်မှုကို ကြာရှည်ထိန်းထားနိုင်ရန်နှင့် ကျောင်းသား၊ ကျောင်းသူများ သင်ခန်းစာများကို စိတ်ပါဝင်စားမှုရှိစေရန်ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ပြီး ဆုရရှိသူများအား မြို့နယ်အဆင့် ပညာရေးစုံညီပွဲတော်တွင် ဆုများချီးမြှင့်ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဇင်စိုး(ပြန်/ဆက်)**

# ပဲခူးမြို့၌ (၃၇)ကြိမ်မြောက် ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်



**ပဲခူး ဒီဇင်ဘာ ၂၂**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ခုတင်-၅၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး၌ ဒီဇင်ဘာလ ၂၂ ရက် နံနက်ပိုင်းတွင် (၃၇)ကြိမ်မြောက် လစဉ် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေး စောင့်ရှောက်မှုဆောင်ရွက်ပေးသည်။

ရှေးဦးစွာ ပဲခူးမြို့ ခုတင်-၅၀၀ ဆံ့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာဇော်လွင်က ဆေးကုသမှုလာရောက်ခံယူကြသည့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးနှင့်ပတ်သက်၍ နေ့စဉ်လိုက်နာကျင့်သုံးရမည့်အချက်များနှင့် ဆောင်ရန်၊ ရှောင်ရန်အချက်များကို အသိပညာပေးဟောပြောပြီး အထူးကုဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများက သက်ဆိုင်ရာကဏ္ဍအလိုက် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးမျိုးအောင်က တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောလင်းအောင်၊ ဥပဒေချုပ် ဦးခင်မောင်တင့်၊ ဆေးရုံအုပ်ကြီး ဒေါက်တာဇော်လွင်၊ ဒုတိယဆေးရုံအုပ်ကြီး ဒေါက်တာသန္တာဆွေတို့နှင့်အတူ ပဲခူးမြို့ ခုတင်-၅၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးတွင် ကျန်းမာရေးစောင့်ရှောက်မှု လာရောက်ခံယူနေကြသည့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား အထူးကုဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများက စမ်းသပ်စစ်ဆေးကုသပေးနေမှု၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပရဟိတအဖွဲ့အစည်းများက ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးနေမှုနှင့် ရေသန့်၊ ကော်ဖီနှင့် အာဟာရမုန့်များ အခမဲ့တိုက်ကျွေးနေမှုများအား လိုက်လံကြည့်ရှုသည်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်စီစဉ်မှုဖြင့် လစဉ်တိုင်းဒေသကြီးအတွင်း မြို့နယ် ၂၈ မြို့နယ်ရှိ ပြည်သူ့ဆေးရုံကြီးများ၌ ကျန်းမာရေးစောင့်ရှောက်မှု စစ်ဆေးပေးခြင်း၊ လူနာတစ်ဦးလျှင် အခမဲ့ဆေးဝါး တစ်လစာ လစဉ်ပံ့ပိုးပေးခြင်း၊ စမတ်ကတ်ပြုလုပ်ပေးခြင်း၊ ကာကွယ်ဆေးထိုးပေးခြင်း၊ အခြေခံစားသုံးကုန်များအား သက်သာသောနှုန်းထားဖြင့် ရောင်းချပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၄၀၁)

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး တွေ့ဆုံဆွေးနွေး

**ဟိုပုံး ဒီဇင်ဘာ ၂၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ခန်းမ၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး တွေ့ဆုံပွဲကို ဒီဇင်ဘာလ ၂၁ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

အစည်းအဝေးတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ အတွင်းရေးမှူး ဦးမျိုးအောင်က အမှာစကားပြောကြားပြီး ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ အဖွဲ့ဝင် ဦးနေမျိုးလှိုင်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွေးကောက်ပွဲအရာရှိဦးကျော်ခိုင်ဝင်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးခွန်သိန်းရွှေတို့က ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်နှင့် ပေါင်းစပ်ပြီး လုံခြုံရေးသတိ၊ လုံခြုံရေးအသိတို့ဖြင့် စနစ်တကျကြပ်မတ်ဆောင်ရွက်သွားကြရန်နှင့် လိုအပ်သည်များကို အချိန်နှင့်တစ်ပြေးညီဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ မဲရုံများစနစ်တကျဖွင့်လှစ်ထားရှိမှု၊ ကြိုတင်မဲပေးမှု ဖောင်းပွမှုမဖြစ်စေရေး၊ မဲမသမာမှုမရှိစေရေး စိစစ်ဆောင်ရွက်ရန်၊ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) များကို ရွေးကောက်ပွဲကျင်းပမည့် မြို့ပေါ်နှင့် ကျေးရွာအုပ်စုများသို့ ပို့ဆောင်မှု၊ မဲရုံလုံခြုံရေးနှင့် ဆန္ဒမဲပေးသူများအတွက် လုံခြုံရေးစနစ်တကျ ဆောင်ရွက်ထားရှိမှုအစီအစဉ်များနှင့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းအခြေအနေများကို ပြောကြားကြပြီး တက်ရောက်လာသူများက လိုအပ်သည်များကို ဆွေးနွေးပြောကြားကြောင်း သိရသည်။ မေသုခ

# စာဖတ်ရှိန်မြှင့်တင်ရေးစာဖတ်ဝိုင်းကျင်းပ




**နေပြည်တော် ဒီဇင်ဘာ ၂၂**

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်၌ စာဖတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန်နှင့် စာကောင်းပေမွန်များရွေးချယ်ဖတ်ရှုကာ အတွေးအမြင်များ ဖလှယ်နိုင်စေရန်ရည်ရွယ်၍ စာရေးဆရာမကြီး တင်ရီမ(ညောင်ဦး) ရေးသားသည့် "ဆယ်စုကိုးလီ ကျော်ခဲ့ပြီ" စာအုပ်ဖြင့် ရေးသူဖတ်သူဆွေးနွေးပွဲကို ဒီဇင်ဘာလ ၂၂ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ နေပြည်တော်စာပေဝိုင်း ဂုဏ်ထူးဆောင်နာယက စာရေးဆရာမကြီးက အဖွင့်အမှာစကားပြောကြားပြီး တက်ရောက်လာကြသည့် နေပြည်တော်စာပေဝိုင်းအဖွဲ့ဝင်များနှင့် စာပေဝါသနာရှင်များက စာရေးဆရာမကြီး တင်ရီမ(ညောင်ဦး)ရေးသားသည့် "ဆယ်စုကိုးလီ ကျော်ခဲ့ပြီ" စာအုပ်ဖြင့် မိမိတို့၏အတွေးအမြင် ရှုထောင့်အသီးသီးမှ သုံးသပ်ဆွေးနွေးဖလှယ်ခဲ့ကြပြီး စာအုပ်ပါနောက်ခံဖြစ်ရပ်အကြောင်းအရာများမှ သိရှိလိုသည်များကို မေးမြန်းရာ စာရေးဆရာမကြီးက ပြန်လည်ဖြေကြားသည်။

စာဖတ်ဝိုင်းဆွေးနွေးပွဲအပြီးတွင် တက်ရောက်လာကြသည့် စာရေးဆရာ၊ ဆရာမများအား ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများက "တို့အတူတူမဲပေးကြမယ်" ရွေးကောက်ပွဲဆိုင်ရာအသိပညာပေးလက်ကမ်းစာစောင်များကိုဖြန့်ဝေပေးကြောင်း သိရသည်။ (၄၁၃)

# မဲရုံဆီသို့ သွားကြစို့

✤ အပြောဆိုးဆိုး မဆိုးဆိုး
သဘောရိုးသူ မဲပေးမည်။
✤ အကြိုက်ပေါင်းပေါင်း မပေါင်းပေါင်း
စရိုက်ကောင်းသူ မဲပေးမည်။
✤ အနှစ်ပြည့်ပြည့်၊ မေတ္တာပြည့်
သစ္စာရှိသူ မဲပေးမည်။
✤ နိုင်ငံ့ကောင်းကျိုး၊ ရည်မျှော်ကိုး
သယ်ပိုးမည့်သူ မဲပေးမည်။
✤ ပြည်သူ့အတွက်၊ တစ်ခဲနက်
ဆောင်ရွက်မည့်သူ မဲပေးမည်။
✤ အရေးသုံးပါး၊ ဦးထိပ်ထား
ကိုးစားထိုက်သူ မဲပေးမည်။
✤ နိုင်ငံအနှံ့၊ ကမ္ဘာနှံ့
ဝင်ဆံ့မည့်သူ မဲပေးမည်။
✤ ကျောသားရင်သား၊ မခွဲခြား
လေးစားထိုက်သူ မဲပေးမည်။
✤ ကောင်းဆိုးဆင်ခြင်၊ ကြောင်းကျိုးယှဉ်
မြော်မြင်ကြီးသူ မဲပေးမည်။
✤ မွေးမြူစိုက်ပျိုး၊ ထုတ်ကုန်တိုး
ကြိုးပမ်းမည့်သူ မဲပေးမည်။
✤ ထုတ်ကုန်တိုးလို့၊ ဖွံ့ဖြိုးဖို့
ထောက်ပို့မည့်သူ မဲပေးမည်။
✤ စည်သာငြိမ်းချမ်း၊ ပန်းခင်းလမ်း
ပြည့်ဝမ်းဖြည့်သူ မဲပေးမည်။
✤ ကိုယ်ကျိုးမငဲ့၊ ပြည်ကျိုးငဲ့
တည့်မတ်မည့်သူ မဲပေးမည်။
✤ ဆွေဖော်ရောင်းရင်း၊ သူငယ်ချင်းတို့
စဉ်းစားဆင်ခြင်၊ ဉာဏ်နှင့်ယှဉ်ပြီး
မြော်မြင်ရှေ့ရေး၊ ရေရှည်တွေးကာ
ရွေးချယ်ခံမည့် ကိုယ်စားလှယ်။
ကိုယ့်စိတ်ကြိုက်ရွေး မဲပေးမယ်။
မဲရုံဆီသို့ သွားစို့ကွယ်။ ။

မောင်ကျော်(ပညာရေး)

**MWD Variety Channel** ၂၃-၁၂-၂၀၂၅(အင်္ဂါနေ့)

| | | |
|---|---|---|
| ၁။ | ၁၀:၃၀ | ကျန်းမာသောဘဝ |
| ၂။ | ၁၁:၃၅ | ဖတ်ပါ မှတ်ပါ လေ့လာပါ |
| ၃။ | ၁၆:၂၀ | ဥပဒေမှတ်စု |
| ၄။ | ၂၂:၄၀ | Sport Icon |

## ဟားခါးမြို့၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာညှိနှိုင်းအစည်းအဝေးကျင်းပ



**ဟားခါး ဒီဇင်ဘာ ၂၂**

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ဟားခါးမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်၊ ချင်းပြည်နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများ၊ ချင်းပြည်နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှုကော်မတီဝင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ရွေးကောက်ပွဲသည် နိုင်ငံတော်အတွက် အရေးကြီးသည့် လုပ်ငန်းဖြစ်သည့်အတွက် ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက်ချင်းပြည်နယ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးနှင့် နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများက လုံခြုံရေးဆိုင်ရာ စီမံချက်ရေးဆွဲထားရှိမှုအခြေအနေနှင့်လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## လက်ပံတန်းမြို့၌ မဲရုံများပြင်ဆင်မှုကြည့်ရှုစစ်ဆေး



**လက်ပံတန်း ဒီဇင်ဘာ ၂၂**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ပဲခူးတိုင်းဒေသကြီးတာဝန်ခံ ဦးအောင်မြင့်လွင်သည် ယနေ့မွန်းလွဲပိုင်းတွင် လက်ပံတန်းမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များနှင့်တွေ့ဆုံပြီး လက်ပံတန်းမြို့ အခြေခံပညာအလယ်တန်းကျောင်း (ကျွန်းကလေး)နှင့် အခြေခံပညာအထက်တန်းကျောင်း (ကျေးနီ) တို့တွင် မဲရုံပြင်ဆင်ထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် နောင်ချိုမြို့တွင် ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး တွေ့ဆုံဆွေးနွေး

**နောင်ချို ဒီဇင်ဘာ ၂၂**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်ရှမ်းပြည်နယ်(မြောက်ပိုင်း)တာဝန်ခံ ဦးမြင့်ဦးသည် ကျောက်မဲခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ၊ တာဝန်ရှိသူများနှင့် ယနေ့နံနက်ပိုင်းတွင် ကျောက်မဲခရိုင် နောင်ချိုမြို့ မြို့နယ်စည်ပင်ခန်းမ၌ နောင်ချိုမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နောင်ချိုမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးဝန်ထမ်းများ၊ မဲရုံမှူး၊ ဒုမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များနှင့်တွေ့ဆုံပြီး ၂၀၂၅ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ကျောက်မဲခရိုင်ကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူး၊ နောင်ချိုမြို့နယ် ရွေးကောက်ပွဲ ကော်မရှင်အတွင်းရေးမှူး၊ ကျောက်မဲမြို့နယ်နှင့် သီပေါမြို့နယ် ရွေးကောက်ပွဲကော်မရှင် အတွင်းရေးမှူးတို့က မြို့နယ်အလိုက် ဆောင်ရွက်ထားရှိမှုအပေါ်ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်က ပေါင်းစပ်ညှိနှိုင်းပေးသည်။



ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်နှင့် တာဝန်ရှိသူများသည် နောင်ချိုမြို့နယ် ဘူတာရပ်ကွက်နှင့် တောင်ရပ်ကွက်တို့တွင် ကြိုတင်ဆန္ဒမဲ ပေးနေမှုကိုကြည့်ရှုခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ညောင်တုန်းမြို့နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲနှင့်တွေ့ဆုံ

**ညောင်တုန်း ဒီဇင်ဘာ ၂၂**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးတင်ဆွေဝင်းနှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင်ညောင်တုန်းမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မဲရုံနေရာအဖြစ် သတ်မှတ်ထားရှိသည့် အဆောက်အအုံ၊ မဲပေးစက် သယ်ယူပို့ဆောင်ရေးနှင့် သက်ဆိုင်ရာ ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေးတို့ကို ဆွေးနွေးမှာကြားပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်သည် ညောင်တုန်းမြို့ အမှတ်(၆) ရပ်ကွက်ရှိ မဲရုံအဖြစ်ဆောင်ရွက်မည့် ဈေးဦးကျွန်းအခြေခံပညာမူလတန်းကျောင်းကို ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေနှင့်ပတ်သက်၍ မီဒီယာများအား အသိပညာပေးဟောပြော




**ရန်ကုန် ဒီဇင်ဘာ ၂၂**

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှကာကွယ်ပေးရေးဥပဒေနှင့်ပတ်သက်၍ မီဒီယာများအား အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် ကုန်သည်လမ်းရှိ သတင်းမီဒီယာကောင်စီရုံး၌ ကျင်းပရာ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦး၊ ဟောပြောဆွေးနွေးမည့်ဘာသာရပ်ဆိုင်ရာပညာရှင်များနှင့် ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးက အသိပညာပေးဟောပြောပွဲ ကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ဒေါက်တာစန်းဦးက အမှာစကားပြောကြားကာ ဥပဒေရေးရာကော်မတီအဖွဲ့ခေါင်းဆောင်ဦးရဲမင်းစိုးက မိတ်ဆက်စကားပြောကြားသည်။

ယင်းနောက် ဦးမြတ်စိုး(လှိုင်)နှင့် ဦးရဲမင်းစိုးတို့က ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေ၊ မီဒီယာများ ရွေးကောက်ပွဲသတင်းရယူခြင်းနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရမည့်နည်းလမ်းများ၊ အွန်လိုင်းသတင်းဖော်ပြချက်များဆိုင်ရာစံနှုန်းများ၊ သတင်းသမားများနှင့်လူမှုမီဒီယာအသုံးပြုမှု၊ ရွေးကောက်ပွဲဆိုင်ရာပြစ်မှုနှင့် တရားမဲ့ပြုကျင့်မှုများကို ဆွေးနွေးပို့ချခဲ့ကြကြောင်း သတင်းရရှိသည်။

အောင်မြင့်(ပြန်/ဆက်)

# လယ်ယာသုံးစက်ကိရိယာပြပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ






နေပြည်တော် ဒီဇင်ဘာ ၂၂

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနဦးဆောင်မှုဖြင့် စက်မှုလယ်ယာဦးစီးဌာနနှင့် မြန်မာနိုင်ငံ လယ်ယာသုံးစက်ကိရိယာလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းကျင်းပသည့် လယ်ယာသုံးစက်ကိရိယာပြပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ(ပျဉ်းမနား)၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာကံဇော်၊ ဒေါက်တာဝါဝါမောင်၊ ဦးမင်းနောင်၊ ဦးလှမိုး၊ ဦးကိုကိုလွင်၊ ဒေါက်တာချာလီသန်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ လယ်ယာသုံးစက်ကိရိယာလုပ်ငန်းရှင်များ၊ တောင်သူများနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထွန်းအေးနှင့် မြန်မာနိုင်ငံလယ်ယာသုံးစက်ကိရိယာလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးနိုင်ဦးတို့က လယ်ယာသုံးစက်ကိရိယာပြပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က မြန်မာနိုင်ငံ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသများတွင် နေထိုင်ကြပြီး လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် တစ်နည်းနည်းနှင့်ဆက်စပ်ဆောင်ရွက်နေကြကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးကဏ္ဍကိုအခြေခံပြီး ကျေးလက်ဒေသနေပြည်သူများ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအနေဖြင့် ဦးတည်ချက် (၄)ရပ်တွင် **"နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍစဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး"**ကို ဦးတည်ချက်တစ်ရပ်အဖြစ် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်အနေဖြင့်လယ်ယာကဏ္ဍတွင် စက်ကိရိယာများ ပိုမိုအသုံးပြုနိုင်ရန် အတွက် အားပေးကူညီဆောင်ရွက်လျက်ရှိရာ ၂၀၂၅ ခုနှစ် နိုဝင်ဘာလကုန်အထိ တောင်သူပိုင် လယ်ယာသုံးစက်ကိရိယာများအနေဖြင့် ထွန်စက်ကြီး ၄၃၉၃၉ စီး၊ လက်တွန်းထွန်စက် ၄၆၂၆၂၇ စီး၊ ကောက်စိုက်စက် ၁၅၈ စီး၊ လက်ဆွဲကောက်စိုက်စက် ၆၁၀ စီး၊ လက်ဆွဲမျိုးစေ့ချကိရိယာ ၃၇၄၆၇ လက်၊ ရိတ်သိမ်းခြွေလှေ့စက် ၁၃၂၁၁ စီး၊ စပါးအခြောက်ခံစက် ၂၁၁၀ အထိ တိုးတက်ပိုင်ဆိုင်လာကြသည်ကို စာရင်းဇယားများအရတွေ့ရှိရကြောင်း။

ယခု လယ်ယာသုံးစက်ကိရိယာပြပွဲကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနနှင့် မြန်မာနိုင်ငံလယ်ယာသုံး စက်ကိရိယာလုပ်ငန်းရှင်များအသင်းတို့က ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး ပြပွဲတွင်လယ်ယာသုံးစက်ကိရိယာများဖြစ်သည့် ထွန်စက်ကြီးများ၊ စပါးရိတ်သိမ်းခြွေလှေ့စက်များ၊ စပါးစိုက်စက်များ၊ သီးနှံမျိုးစေ့ချကိရိယာများ၊ ပဲရိတ်သိမ်းခြွေလှေ့စက်များ၊ လက်တွန်းထွန်စက်များ၊ လက်တွန်းမျိုးစေ့ချစက်များ၊ မြက်ရိတ်စက်များ၊ ဆေးဖျန်းစက်များ၊ အင်ဂျင်များ၊ ဆန်ကြိတ်စက်၊ စပါးကြိတ်စက်များ၊ နေရောင်ခြည်သုံးဆိုလာပန့်များ၊ သီးနှံအခြောက်ခံစက်များ၊ ထော်လာဂျီများ၊ ထွန်စက်ကြီးနှင့် တွဲဖက်သုံးကိရိယာများအပါအဝင် စိုက်ပျိုးရေးလုပ်ငန်းများတွင် အသုံးပြုနေကြသည့် လယ်ယာသုံးစက်ကိရိယာအမျိုးမျိုးကို ပြသထားရှိပြီး တောင်သူများအနေဖြင့် မိမိစိတ်ဝင်စားရာ စက်ကိရိယာများကို အချိန်ယူလေ့လာနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် လယ်ယာသုံးစက်ကိရိယာများကို မိတ်ဆက်သရုပ်ပြသခြင်းများ ဆောင်ရွက်မည်ဖြစ်ပြီး တောင်သူများကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးခြင်း၊ အရစ်ကျစနစ်ဖြင့် ရောင်းချပေးခြင်း စသည့်ဝန်ဆောင်မှုလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထွန်းအေးနှင့် အသင်းဥက္ကဋ္ဌ ဦးနိုင်ဦးတို့က ပြပွဲကျင်းပခြင်းနှင့်လုပ်ငန်းဆောင်ရွက်နေမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ Farmers Choice Tractor Co.,Ltd. မှ Sonalika ထွန်စက်ကြီး ၂ စီးနှင့် နောက်တွဲကိရိယာ ၂ လက်၊ Myanmar Empire Co.,Ltd. မှ ဘယ်လာရုစ်နိုင်ငံထုတ် ထွန်စက်ကြီး ၁ စီးနှင့် နောက်တွဲကိရိယာ ၁ လက်၊ Mandalar Shwe Thiha Co.,Ltd. မှ Sonalika 9OHP Tractor နှင့်တွဲဖက်အသုံးပြုသည့် ပြည်တွင်းဖြစ် Front Dozer ၁ လက်တို့ကို ပြည်ထောင်စုဝန်ကြီးထံ ပေးအပ်လှူဒါန်းကြရာ ဂုဏ်ပြုမှတ်တမ်းလွှာများပြန်လည်ပေးအပ်သည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင်ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ခင်းကျင်းပြသထားသော လယ်ယာသုံးစက်ကိရိယာပြခန်းများနှင့် လယ်ယာသုံးစက်ကိရိယာများဖြင့် လက်တွေ့ထွန်ယက်စိုက်ပျိုးသရုပ်ပြသနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

စက်ကိရိယာအမျိုးပေါင်း ၃၀၀ ကျော်ကို ကုမ္ပဏီပေါင်း ၂၂ ခုမှ ပြခန်းပေါင်း ၃၀ ဖြင့် ဒီဇင်ဘာလ ၂၂ ရက်မှ ၂၄ ရက်အထိ ခင်းကျင်းပြသရောင်းချပေးသွားမည့်အပြင် လယ်ယာသုံးစက်ကိရိယာများ အသုံးပြု၍ လက်တွေ့မောင်းနှင်ထွန်ယက်စိုက်ပျိုးပြသသွားမည်ဖြစ်ကြောင်းသိရသည်။ **မြဝတီ**

# စမ်းချောင်းမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ကို One Stop Service ဖြင့် ဆောင်ရွက်ပေး

နေပြည်တော် ဒီဇင်ဘာ ၂၂

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံး၌ ဝန်ထမ်းများက အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပျက်စီး/ပျောက်ဆုံးသွားသည့် ဒေသခံပြည်သူများနှင့် အသက် ၁၈ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားမလျှောက်ထားသေးသူများကို ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် ဝန်ထမ်းများက ဒေသခံပြည်သူများကို ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီစိစစ်၍ One Stop Service ဖြင့် လုပ်ငန်းစဉ်အဆင့်ဆင့်ဆောင်ရွက်နေမှုနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိပြီးသူများအား e-ID စနစ်ဖြင့် Biographic/Biometric ကောက်ယူကာ Unique ID နံပါတ်တစ်ပါတည်းဆောင်ရွက်ထုတ်ပေးနေမှုအခြေအနေကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယင်းနောက် မြို့နယ်ရုံး၏ရုံးခန်းများအတွင်း ရုံးစာရွက်စာတမ်းများနှင့် ရုံးသုံးပစ္စည်းများ ထိန်းသိမ်းထားရှိမှု၊ မှတ်တမ်းခန်းအတွင်း ကိုယ်ရေးမှတ်တမ်းများ စနစ်တကျထိန်းသိမ်းထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စာရွက်စာတမ်းနှင့် စက်ပစ္စည်းကိရိယာများလုံခြုံမှုရှိစေရေး၊ မဲပေးပိုင်ခွင့်ရှိသူတိုင်း ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုး ကိုင်ဆောင်မဲပေးနိုင်ရေးအတွက် အလေးထားဆောင်ရွက်ကြရန်မှာကြားပြီး တာဝန်ရှိသူများ၏ လိုက်လံရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် အလုံခရိုင် ဦးစီးမှူးရုံးအတွင်း ဝန်ထမ်းများ ရုံးလုပ်ငန်းဆောင်ရွက်နေမှုနှင့် ရုံးစာရွက်စာတမ်းများ ထိန်းသိမ်းထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများ အချိန်မီပြီးစီးအောင်မြင်စေရန် ဆက်စပ်ဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရေး၊ လုံခြုံရေးအသိ၊ လုံခြုံရေးသတိအမြဲရှိစေရေး မှာကြားသည်။

ထို့နောက် ခရိုင်နှင့်မြို့နယ်ရုံးဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများပေးအပ်ပြီး ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**မြဝတီ**

# အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီအစည်းအဝေး (၂/ ၂၀၂၅)ကျင်းပ





နေပြည်တော် ဒီဇင်ဘာ ၂၂

အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီအစည်းအဝေး အမှတ်စဉ်(၂/၂၀၂၅)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ရုံးအမှတ်(၄၆) ရှိ ပြည်တွင်းအခွန်များဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်၊ အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှု ကော်မတီဝင်များ၊ တိုင်းဒေသကြီး/ပြည်နယ်များရှိငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အသေးစားငွေရေးကြေးရေးလုပ်ငန်းများအသင်းမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ၂၀၂၅ ခုနှစ် အောက်တိုဘာလစာရင်းအရ အသေးစားငွေရေးကြေးရေးကုမ္ပဏီများသည် တိုင်းဒေသကြီး/ပြည်နယ် ၁၅ ခုရှိ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာများရှိအသင်းဝင်ဦးရေ ၂ ဒသမ ၈၄၂ သန်းသို့ အသေးစားငွေကြေးဝန်ဆောင်မှုများပေးလျက်ရှိရာ ၂၀၁၉ ခုနှစ် ကိုဗစ်-၁၉ ကပ်ရောဂါကာလနောက်ပိုင်းမှစပြီး လုပ်ငန်းဆောင်ရွက်မှုပမာဏသည် အတိုင်းအတာတစ်ခုအထိ ကျဆင်းသွားခဲ့သော်လည်း ၂၀၂၅ ခုနှစ် မတ်လနောက်ပိုင်း ဧပြီလမှစ၍ လုပ်ငန်းများပြန်လည်ကောင်းမွန်လာကြောင်း၊ အသေးစားငွေရေးကြေးရေးလုပ်ငန်းသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှုနှင့် ဆင်းရဲမှုလျှော့ချရေးရည်ရွယ်ချက်ဖြင့်ဆောင်ရွက်သော လူမှုရေးအခြေပြုစီးပွားရေးဖြစ်ကြောင်း။

အသေးစားငွေရေးကြေးရေးကုမ္ပဏီများနှင့် ယင်းကဝန်ဆောင်မှုပေးနေသော အသင်းဝင်များ အနေဖြင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့ခြင်း (AML/CFT) ကိစ္စများဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများကို စနစ်တကျလိုက်နာရေး၊ Online Scam များ၏ တလွဲအသုံးချမှုမခံရစေရေးနှင့် Cyber Security အပါအဝင် လုံခြုံရေးဆိုင်ရာကိစ္စများကိုလည်း အလေးထားဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ အသေးစားငွေရေးကြေးရေးဝန်ဆောင်မှုများသည် အသင်းဝင်များ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ MSME ကဏ္ဍ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများအတွက် အမှန်တကယ်အထောက်အကူပြုရေးကို စေတနာထား၍ အလေးအနက်ထားဆောင်ရွက်ကြရန်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများက လိုအပ်သည်များ ဆွေးနွေးညှိနှိုင်းတင်ပြကြပြီး တက်ရောက်လာသည့်ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များက ဖြည့်စွက်ဆွေးနွေးကြပြီး ဆုံးဖြတ်မှုများ ဆောင်ရွက်ကြသည်။ အစည်းအဝေးတွင် အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ခွင့်ပြုသည့် ပြည်တွင်းကုမ္ပဏီတစ်ခု၊ ပြည်ပကုမ္ပဏီတစ်ခု၊ အပ်ငွေလက်ခံခြင်းဆောင်ရွက်ခွင့်ပြုသည့်ကုမ္ပဏီနှစ်ခု၊ မတည်ငွေ တိုးမြှင့်ခွင့်ပြုသည့်ကုမ္ပဏီသုံးခု၊ ကော်ပိုရိတ်အသက်အာမခံကိုယ်စားလှယ်ခွင့်ပြုမှုနှစ်ခု၊ နယ်မြေတိုးချဲ့သည့် ကုမ္ပဏီလေးခုတို့ကိုခွင့်ပြု၍ အတည်ပြုမှတ်တမ်းတင်ခဲ့ကြောင်း သိရသည်။

မြဝတီ

# AI နည်းပညာဖြင့် ဥပဒေအသိပညာပြန့်ပွားရေးလုပ်ငန်းဆောင်ရွက်ရန် ညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် ဒီဇင်ဘာ ၂၂

ဥပဒေရေးရာဝန်ကြီးဌာနနှင့် အမျိုးသားဉာဏ်ရည်တုနည်းပညာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတို့ပူးပေါင်း၍ AI နည်းပညာဖြင့် ဥပဒေအသိပညာပြန့်ပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံးက အမိန့်ကြော်ငြာစာအမှတ် ၁၂၀/၂၀၂၅ ဖြင့် “AI နည်းပညာဖြင့် ဥပဒေအသိပညာပြန့်ပွားရေးကြီးကြပ်မှုကော်မတီ”ကိုဖွဲ့စည်းပေးခဲ့ပြီး Legal Assistant AI Model ဆောင်ရွက်လျက်ရှိရာ ဥပဒေအသိပညာအချက်အလက်များ ထည့်သွင်းပြီးစီးမှုနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ဥပဒေရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး၊ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အမျိုးသားဉာဏ်ရည်တုနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းမှ စီမံကိန်းဒါရိုက်တာ ဒေါက်တာတင်ဖုန်းကျော်နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က အဖွင့်အမှာစကားပြောကြားပြီး အမျိုးသားဉာဏ်ရည်တုနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဒါရိုက်တာနှင့် စီမံကိန်းအဖွဲ့ဝင်တို့က AI နည်းပညာဖြင့် ဥပဒေအသိပညာပြန့်ပွားရေးလုပ်ငန်းဆောင်ရွက်ရန် Data Collection ပြုလုပ်ခြင်းနှင့်ရရှိပြီးသည့် Data များကို Legal Assistant AI Model အတွင်း ထည့်သွင်းလေ့ကျင့်ပြီးစီးမှုအခြေအနေကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တက်ရောက်လာကြသူများက AI နည်းပညာကို ဥပဒေအသိပညာနှင့် ချိတ်ဆက်၍ ကျယ်ပြန့်စွာအသုံးချခြင်းဖြင့် ပြည်သူများအား ဥပဒေဗဟုသုတအသိပညာများကို ဖြန့်ဖြူးနိုင်ရေး၊ Legal Assistant AI Model ပိုမိုကောင်းမွန်စေရန် ထပ်မံထည့်သွင်းလေ့ကျင့်ရမည့် ဥပဒေများအတွက် Data စုဆောင်းနိုင်ရန်သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

မြဝတီ

# တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ကျောင်းသား၊ ကျောင်းသူများ၏ ကျောင်းတက်ရာခိုင်နှုန်းမြင့်မားစေရေးနှင့် သင်ယူမှုဝန်းကျင်ကောင်းဖြစ်ပေါ်လာစေရေးမှာကြား

နေပြည်တော် ဒီဇင်ဘာ ၂၂

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃)ရှိ အစည်းအဝေးခန်းမ၌ တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၏ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများနှင့်တွေ့ဆုံဆွေးနွေးရာတွင် တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ကျောင်းသား၊ ကျောင်းသူများ၏ ကျောင်းတက်ရာခိုင်နှုန်းမြင့်မားစေရေးအတွက် သင်ယူမှုဝန်းကျင်ကောင်းဖြစ်ပေါ်လာစေရေး စီစဉ်ဆောင်ရွက်ထားကြရန်လိုကြောင်း မှာကြားသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီးဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များတက်ရောက်ကြပြီး တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဒုတိယပါမောက္ခချုပ်များနှင့် ပါမောက္ခ(ဌာနမှူး)များက Online စနစ်ဖြင့် တက်ရောက်ကြသည်။

ထို့အတူ ပြည်ထောင်စုဝန်ကြီးက တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များမှ ကျောင်းသား၊ကျောင်းသူများ၏ကျောင်းပျက်ရာခိုင်နှုန်းလျှော့ချနိုင်ရေးအတွက် ဆရာ၊ ဆရာမများအနေဖြင့် ကြီးကြပ်ဆောင်ရွက်ပေးကြရန်လိုအပ်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများ ကျောင်းတက်မှန်ကန်ရေး၊ သင်ယူမှုဝန်းကျင်ကောင်းဖြစ်လာစေရေး ပူးပေါင်းဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်းနှင့် ရန်ကုန်တက္ကသိုလ်တွင် သိပ္ပံပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြစေလိုကြောင်း၊ သိပ္ပံပွဲတော်၌ ပြသမည့်ပြခန်းများတွင်ကျောင်းသား၊ကျောင်းသူများ လက်တွေ့ဆောင်ရွက်နိုင်ပြီး စိတ်ပါဝင်စားမည့်အကြောင်းအရာများကိုခင်းကျင်းပြသကြရန် တိုက်တွန်းလိုကြောင်း။



မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့၏ (၂၅)နှစ်မြောက် ဝိဇ္ဇာနှင့် သိပ္ပံသုတေသနညီလာခံစာတမ်းဖတ်ပွဲကို စည်ကားအောင်မြင်စွာကျင်းပနိုင်ရေး လိုအပ်သည်များစီစဉ်ဆောင်ရွက်ထားကြစေလိုကြောင်း၊ အလုပ်အကိုင်ရရှိရေးနှင့် အထောက်အကူပြုအတတ်ပညာကျွမ်းကျင်မှု(Job Ready Skills) သင်တန်းများဖွင့်လှစ်နိုင်ရေး စနစ်တကျ စီစဉ်ဆောင်ရွက်ထားကြရန်လိုကြောင်း၊ မကြာမီကျင်းပတော့မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဝန်ထမ်းများ၊ မိသားစုများအနေဖြင့် အဆင်ပြေစွာဆန္ဒမဲပေးနိုင်ရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြစေလိုကြောင်း၊ ဆန္ဒမဲပေးရာတွင်လည်း ဒို့တာဝန်အရေးသုံးပါးကို လေးစားလိုက်နာ စောင့်ထိန်းနိုင်သူ၊ ဒေသနှင့်နိုင်ငံ့အကျိုးကို အမှန်တကယ်ဆောင်ရွက်နိုင်သူများကိုစနစ်တကျရွေးချယ်ဆောင်ရွက်သွားနိုင်ရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးများက တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များတွင် Project-based Learning ကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ နောက်ဆုံးနှစ်ကျောင်းသားများ ပရောဂျက်ဆောင်ရွက်ရာတွင် စာကြည့်တိုက်များ၊ Internet နှင့် Online Library များ မဖြစ်မနေအသုံးပြုစေရေးဆောင်ရွက်ကြရန်တို့နှင့် ပတ်သက်၍ စနစ်တကျစီစဉ်ထားရှိကြရန် ဆွေးနွေးပြောကြားကာ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများက ပြန်လည်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မြဝတီ

# ရေရှည်တည်တံ့သော သဘာဝပတ်ဝန်းကျင်ရရှိစေရေး

ကိုဇော်ဌေး(ယဉ်ကျေးမှု)

၁၉ ရာစုစက်မှုတော်လှန်ရေးကိုအကြောင်းပြု၍ စီးပွားရေးနှင့် နည်းပညာများဖွံ့ဖြိုးလာကြသည်။ စီးပွားရေးနှင့်နည်းပညာများတိုးတက်ထွန်းကားလာသည်နှင့်အမျှ သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုသည်လည်း တစ်ဆက်တစ်စပ်တည်းကပ်ပါလာသည်။ လွန်ခဲ့သောနှစ်ပေါင်း (၆၀)ကျော်ကတည်းကပင် “သဘာဝပတ်ဝန်းကျင်”ဟူသည့် စကားလုံးသည် ခေတ်စားလာခဲ့သည်။ သဘာဝပတ်ဝန်းကျင်ကို ပိုမိုအလေးအနက်ထားသော နည်းပညာနှင့် ကုန်ထုတ်လုပ်မှုအစီအမံများကိုစက်ရုံအလုပ်ရုံများနှင့်သိပ္ပံပညာရှင်များက သတိထားဆောင်ရွက်လာကြသည်။ ဥပမာပြဆိုပါက စက်ရုံမီးခိုးခေါင်းတိုင်များအတွင်း၌ အလွန်အဆင့်မြင့်သော စစ်ထုတ်ကိရိယာများတပ်ဆင်၍ ညစ်ညမ်းပစ္စည်းများကို စစ်ထုတ်ခြင်း၊ မော်တော်ကားအိတ်များအတွင်း၌ ကျန်းမာရေးမထိခိုက်စေရန် မီးခိုးမှုန်များကိုထိန်းချုပ်ပေးသော ဓာတ်ပြောင်းပြယ်စက်များ (ဓာတ်ကူသုံးဓာတ်ငွေ့ပြောင်းကွန်ဗက်တာ)တပ်ဆင်ခြင်း စသည်တို့ပင်ဖြစ်သည်။

“သဘာဝပတ်ဝန်းကျင်”ဟူသည် သက်ရှိရှင်သန်မှုဖြစ်စဉ်အရပ်ရပ်ကို ထိန်းညှိပေးထားသောအခြေအနေများပင်ဖြစ်သည်။ လူတို့၏စီမံဆောင်ရွက်မှုမပါဘဲ အလိုအလျောက်ဖြစ်သောအရာသည် “သဘာဝ” ဖြစ်သည်ဟု နားလည်နိုင်ပြီး လူတို့နေထိုင်ရာပတ်လည်တစ်ဝိုက်သည် “ပတ်ဝန်းကျင်”ပင်ဖြစ်တော့သည်။ ကမ္ဘာမြေသည် သက်ရှိများစားသောက်ရန် အစားအစာ၊ ဝတ်ဆင်ရန်အဝတ်အထည်၊ နေထိုင်ရန်အိမ်ရာများကို ထောက်ပံ့ပေးထားသည်။ ထို့ပြင် သောက်သုံးရန်ရေ၊ ရှူရှိုက်ရန်လေ၊ နားခိုရန်သစ်ပင်တို့ကိုလည်း သဘာဝအလျောက်ဖန်တီးပေးပြန်သည်။ တစ်ဖန် လူသားတို့အတွက်သယံဇာတများ၊ စွမ်းအင်ဆိုင်ရာ လိုအပ်ချက်များကိုလည်း ပေးထားသည်။

သဘာဝပတ်ဝန်းကျင်ဆိုသည်မှာ မြေထု၊ ရေထု၊ လေထု၊ ရာသီဥတု၊ အသံ၊ အနံ့၊ အရသာတို့ပါဝင်သည့် လူသားတို့ဝန်းကျင်ရှိ ရုပ်ပိုင်းဆိုင်ရာအကြောင်းအချက်များကိုလည်းကောင်း၊ တိရစ္ဆာန်နှင့် အပင်အမျိုးမျိုးတို့၏ သက်ရှိဇီဝဆိုင်ရာအကြောင်းအချက်များကိုလည်းကောင်း၊ သမိုင်း၊ ယဉ်ကျေးမှု၊ လူမှုရေးနှင့် ပသာဒအလှအပဆိုင်ရာအကြောင်းအချက်များကိုလည်းကောင်း ဆိုလိုသည်ဟုပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေတွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ သဘာဝပတ်ဝန်းကျင်ဟူသည့် စကားလုံးနည်းတူ “ဂေဟစနစ်”၊ “ဂေဟဗေဒ” စကားလုံးတို့သည်လည်း ဒွန်တွဲပါလာသည်။

“ဂေဟစနစ်” ဆိုသည်မှာ သက်ရှိသတ္တဝါများ၊ သက်မဲ့ရုပ်ဝတ္ထုများနှင့်အပင်များ သဟဇာတဖြစ်လျက်တည်ရှိနေသည့်သဘာဝစနစ်နှင့် ယင်းစနစ်ကြောင့်ဖြစ်ပေါ်ပြောင်းလဲနေသော သဘာဝပတ်ဝန်းကျင်ကို ဆိုလိုသည်။ စင်စစ် “ဂေဟဗေဒ”ဆိုသည်မှာ သိပ္ပံပညာတစ်ခုသာဖြစ်သည်။ ထိုပညာရပ်၌ ကျွမ်းကျင်သူများကို “ဂေဟဗေဒပညာရှင်များ” ဟုခေါ်သည်။ သဘာဝပတ်ဝန်းကျင်အတွင်းနေထိုင်ကြသည့် သက်ရှိဇီဝအဖွဲ့အစည်းများမှာ တစ်ခုနှင့်တစ်ခုအပြန်အလှန်မှီခိုနေကြကြောင်း တဖြည်းဖြည်းနားလည်သဘောပေါက်လာကြသည်။ ဥပမာအားဖြင့် အစာအာဟာရကွင်းဆက်အတွင်း၌ပါဝင်နေသော သတ္တဝါတစ်ကောင်ကို အခြားသတ္တဝါတစ်ကောင်က ဖမ်းယူစားသောက်နေကြသည်။ အစာအာဟာရကွင်းဆက်၏ အစိတ်အပိုင်းတစ်ခုပျောက်ကွယ်သွားပါက သက်ရှိဘဝတစ်ခုလုံး ကပြောင်းကပြန်ဖြစ်သွားနိုင်သည်။ ဟန်ချက်ညီညီထိန်းညှိခြင်းသည် အရာအားလုံး၏ သော့ချက်ဖြစ်သည်။ ထိုဟန်ချက်ညီထိန်းညှိမှုသည်လည်း သက်ရှိအခြေအနေများ၌ မှီတည်သည်။ အလွန်ပူပြင်းပြီး ရေအလွန်ရှားပါးသည့် သဲကန္တာရအတွင်း၌ အချို့အပင်များသာပေါက်ရောက်နိုင်ပြီး နာရီပေါင်းများစွာ ရေမသောက်ဘဲနေနိုင်သည့် ကုလားအုတ်ကဲ့သို့သောတိရစ္ဆာန်အချို့သာ ရပ်တည်ရှင်သန်နိုင်သည်။ သစ်တောအတွင်းနေထိုင်သည့် သတ္တဝါများကို သဲကန္တာရအတွင်းပြောင်းရွှေ့ပေးလိုက်ပါက ၎င်းတို့အသက်ရှင်သန်နိုင်တော့မည်မဟုတ်ချေ။ သဲကန္တာရနှင့် သဲကန္တာရနေသတ္တဝါတို့သည် ဂေဟစနစ်တစ်ခုဖြစ်ပြီး သစ်တောနှင့်သစ်တောနေသတ္တဝါတို့သည် အခြားဂေဟစနစ်တစ်ခုဖြစ်သည်။ ဂေဟစနစ်ထိန်းသိမ်းရေးနှင့်ပတ်သက်သည့်အသိဉာဏ်များ ကျယ်ပြန့်စွာဖြစ်ထွန်းတိုးတက်လာသည်နှင့်အမျှ သစ်တောထုတ်လုပ်ရေးနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်း နည်းပညာများသည်လည်း ခေတ်မီတိုးတက်လာသည်။ ကုန်ထုတ်လုပ်မှုကဏ္ဍကို အဆင့်မြှင့်တင်ခြင်းအားဖြင့် သဘာဝပတ်ဝန်းကျင်ရေရှည်သန့်ရှင်းရေးကိုလည်း အထောက်အပံ့ဖြစ်စေနိုင်သည်။ ကမ္ဘာမြေ၊ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်တို့သည် အပြန်အလှန်အကျိုးပြုလျက်ရှိနေကြသည်။

> **ကုန်ထုတ်လုပ်မှုကဏ္ဍကို အဆင့်မြှင့်တင်ခြင်းအားဖြင့် သဘာဝပတ်ဝန်းကျင်ရေရှည်သန့်ရှင်းရေးကိုလည်း အထောက်အပံ့ဖြစ်စေနိုင်သည်။ ကမ္ဘာမြေ၊ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်တို့သည် အပြန်အလှန်အကျိုးပြုလျက်ရှိ . . .**

ပျိုရွယ်မှုတို့ပျောက်ဆုံးလာသည့် ကမ္ဘာမြေဝယ် တစ်နှစ်ထက်တစ်နှစ် တိုးတက်များပြားလာသော လူဦးရေကြောင့် သဘာဝပတ်ဝန်းကျင်တို့သည်လည်း တစ်စတစ်စနှင့်ယိုယွင်းလာတော့သည်။ ကမ္ဘာ့ကုလသမဂ္ဂနှင့်နိုင်ငံများက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်အတူ ကမ္ဘာမြေကယ်ဆယ်ရေးအတွက် လိုအပ်သောအစီအမံများ၊ ဥပဒေပြဋ္ဌာန်းချက်များထုတ်ပြန်ကာ ဆောင်ရွက်လာကြသည်။ **ကမ္ဘာမြေ၏သယံဇာတများကို လူသားများက ထုတ်ယူသုံးစွဲနေကြပြီး ညစ်နွမ်းအောင်လုပ်နေကြသည်။ စွမ်းအင်သစ်များပြန်လည်ဖြည့်တင်းနိုင်ရန် သဘာဝတရားကြီးကို အနားယူချိန်မျှပင်မပေးနိုင်ကြချေ။ ပျက်စီးဆုံးရှုံးမှုများက အဆမတန်တိုးပွားလာနေပြီး ကမ္ဘာမြေထိန်းသိမ်းစောင့်ရှောက်ရေးကို အဆောတလျင်အရေးယူဆောင်ရွက်ရန် လက်နှေးနေကြမည်ဆိုပါက သက်ရှိသတ္တဝါများ ကင်းမဲ့သော ကမ္ဘာကြီးအဖြစ်သို့ တစ်နေ့နေ့တစ်ချိန်ချိန်တွင် ရောက်ရှိသွားမည်သာဖြစ်သည်။** အချိန်မနှောင်းမီသဘာဝတရားကြီးကို ပြန်လည်ကာကွယ်ပြီး ကုစားရန် နည်းလမ်းကောင်းများရှာကြံသင့်လှသည်။ ဂေဟပညာရှင်များက ဤအချက်ကို ကောင်းစွာသဘောပေါက်ကြသည်။

ထို့ကြောင့် ရေရှည်တည်တံ့မည့်ထိန်းသိမ်းရေးကို ဥပဒေများပြဋ္ဌာန်းခြင်း၊ အထောက်အကူပြုပစ္စည်းများပံ့ပိုးပေးခြင်း စသည့်အစီအမံများကို ကမ္ဘာ့နိုင်ငံများကဆောင်ရွက်လာကြသည်။ မြန်မာနိုင်ငံကလည်း လိုအပ်သည့်အစီအမံပြဋ္ဌာန်းချက်များကို ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)၏ အခန်း(၁)၊ နိုင်ငံတော်အခြေခံမူများအခန်းပါ ပုဒ်မ ၄၅ တွင်-

“နိုင်ငံတော်သည်သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရမည်” ဟုပြဋ္ဌာန်းထားသည်။ နိုင်ငံတော်ပိုင်းဆိုင်ရာ ထိုသို့တာဝန်ယူထားသည့်နည်းတူ နိုင်ငံသားတိုင်းကလည်း ပါဝင်ကူညီဆောင်ရွက်ရန်တာဝန်ရှိသည်။ သို့အတွက် အခန်း(၈) နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်တာဝန်များတွင်လည်း-

“နိုင်ငံသားတိုင်းသည် အောက်ဖော်ပြပါကိစ္စရပ်များတွင် နိုင်ငံတော်အား ကူညီရန်တာဝန်ရှိသည်-

(က) အမျိုးသားယဉ်ကျေးမှု အမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း။

(ခ) သဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်းစောင့်ရှောက်ခြင်း။

(ဂ) လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးမြင့်မားလာစေရန် ကြိုးပမ်းခြင်း။

(ဃ) အများပြည်သူပိုင်ပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်ခြင်း။”

ဟူ၍ သဘာဝပတ်ဝန်းကျင်ကို နိုင်ငံသားတိုင်းက ထိန်းသိမ်းစောင့်ရှောက်စေလိုသည့်ဆန္ဒကို ဖော်ပြပြဋ္ဌာန်းထားခြင်းပင်ဖြစ်သည်။

> **နိုင်ငံတော်အနေနှင့် “နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့” ဟူသည့် ဆောင်ပုဒ်ချမှတ်ကာ တာဝန်ရှိသူများက လက်တွေ့ကျကျထိထိရောက်ရောက် ဆောင်ရွက်လာသည်မှာ အနာဂတ်နိုင်ငံတော်အတွက် စိတ်အေးစရာပင်ဖြစ်တော့သည်။ သဘာဝပတ်ဝန်းကျင်အခင်းအကျင်းတစ်ခုကို ပိုမိုခံစားတွေ့မြင်လာရတော့မည်ဖြစ်သည်။**
>
> **သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ခြင်း၊ နိုင်ငံတော်သာယာခြင်းစသည့် အကျိုးကျေးဇူးတို့ရရှိမည်ဖြစ်သည်။**

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းသည့် ရည်မှန်းချက်များ၊ ပြဋ္ဌာန်းချက်များဖြင့်ရှိနေသော်လည်း သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများသည် တည်ရှိနေဆဲဖြစ်သည်။ ထိန်းသိမ်းရေးအမည်ခံဆောင်ရွက်နေမှုများသည် သဘာဝပတ်ဝန်းကျင်ကို တကယ်တမ်းထိန်းသိမ်းဆောင်ရွက်ကြရန်လိုအပ်သည်။ လိုအပ်နေဆဲဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်နေခြင်းသည်နိုင်ငံတော်သာယာရေးကို အလေးပေးဆောင်ရွက်နေခြင်းဖြစ်သည်ကို နှလုံးသွင်းထားမှသာ ရည်မှန်းချက်သည် ပြည့်မီမည်ဖြစ်သည်။

နိုင်ငံအများစုသည်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို တတ်နိုင်သလောက်သာ ဆောင်ရွက်ကြသည်။ နှစ်စဉ်ရေကြီးခြင်း၊ ရေရှားပါးခြင်း၊ တောင်ပြိုခြင်း၊ မြေပြိုခြင်း၊ အပူရှိန်မြင့်တက်ခြင်းတို့က တတ်နိုင်သလောက်သာ ဆောင်ရွက်ခြင်းကိုသက်သေပြလျက်ရှိသည်။ စွမ်းအင်၊ ပို့ဆောင်ရေးနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများဝယ် ပတ်ဝန်းကျင်နှင့်ကိုက်ညီမည့် အစိမ်းရောင်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ မလုပ်ဆောင်ပါက ကာဗွန်ထုတ်လုပ်မှုမြင့်မားပြီး ရာသီဥတုဆိုးကျိုးများကိုသာ လက်ဆောင်အဖြစ်ရရှိလာမည်ဖြစ်သည်။ နိုင်ငံတော်အနေနှင့် **“နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့”** ဟူသည့် ဆောင်ပုဒ်ချမှတ်ကာ တာဝန်ရှိသူများက လက်တွေ့ကျကျ ထိထိရောက်ရောက် ဆောင်ရွက်လာသည်မှာ အနာဂတ်နိုင်ငံတော်အတွက် စိတ်အေးစရာပင်ဖြစ်တော့သည်။ သဘာဝပတ်ဝန်းကျင် အခင်းအကျင်းတစ်ခုကို ပိုမိုခံစားတွေ့မြင်လာရတော့မည်ဖြစ်သည်။ သိမြင်သည့်အချိန်မှ စတင်ဆောင်ရွက်အကောင်အထည်ဖော်ခြင်းသည် နောက်ကျသည်ဟုမဆိုနိုင်ပါချေ။ ဆောင်ရွက်ခြင်းဖြင့် လူသားတိုင်းသန့်ရှင်းသော သောက်သုံးရေနှင့် မိလ္လာစနစ်များရရှိလာနိုင်သည်။ နိုင်ငံသားတိုင်းအတွက် ကောင်းမွန်စိတ်ချရပြီး ရေရှည်တည်တံ့စေမည့် ခေတ်မီစွမ်းအင်ရရှိရေးအတွက် ပြည့်ဖြိုးမြဲစွမ်းအင်ကိုလည်း ဆောင်ရွက်လာနိုင်ပါလိမ့်မည်။ ရာသီဥတုပြောင်းလဲခြင်းနှင့် ယင်း၏အကျိုးဆက်များမှလည်း သက်သာရာရလာမည်ဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်းခြင်းဖြင့် ပင်လယ်၊ သမုဒ္ဒရာနှင့်ရေသယံဇာတများကို ရေရှည်တည်တံ့ရန်ထိန်းသိမ်းစောင့်ရှောက်ရာရောက်ပြီး ပင်လယ်နှင့်ကမ်းရိုးတန်းဂေဟစနစ်များကို စဉ်ဆက်မပြတ်ထိန်းသိမ်းရာလည်းရောက်စေသည်။ ဂေဟစနစ်များအား ကာကွယ်ထိန်းသိမ်းခြင်းဖြင့် သစ်တောများရေရှည်တည်တံ့နိုင်သည်။ သဲကန္တာရများမဖြစ်ပေါ်နိုင်ပါချေ။ မြေယာပြုန်းတီးမှု၊ ဇီဝမျိုးစုံပြုန်းတီးမှုတို့လည်းရပ်တန့်စေနိုင်သည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းနိုင်ရန် သစ်တော၊ သစ်ပင်၊ တောရိုင်းတိရစ္ဆာန်များ၊ တရားမဝင်ခုတ်ယူရောင်းဝယ်ရေးမှဟန့်တားနိုင်ရန်လည်း လိုအပ်သည်။ လူထုက လူထု၏ လူထုအတွက် "of the people, by the people and for the people" ကို ဝိုင်းဝန်းဆောင်ရွက်ရာလည်းရောက်သည်။ ရေရှည်တည်တံ့သော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကိုအကောင်အထည်ဖော်ရန် ပြည်သူလူထု၊ နိုင်ငံသားအားလုံးက ထိထိရောက်ရောက်ပါဝင်နိုင်မည့် အခွင့်အလမ်းများလိုအပ်မည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ခြင်း၊ နိုင်ငံတော်သာယာခြင်းစသည့် အကျိုးကျေးဇူးတို့ရရှိမည်ဖြစ်သည်။ ထိန်းသိမ်းခြင်းဆိုသည်မှာ အနာဂတ်မျိုးဆက်တို့၏ အကျိုးစီးပွားရှင်သန်ရပ်တည်ရေးကိုမထိခိုက်စေဘဲ မျက်မှောက်ခေတ်လူသားတို့၏အကျိုးစီးပွားကို ဖြည့်ဆည်းပေးနိုင်သော ထိန်းသိမ်းမှုမျိုးကိုဆိုလိုသည်။ ။

## ရာသီတုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးနှင့်ပတ်သက်၍ ပြည်သူလူထုသိရှိလိုက်နာဆောင်ရွက်နိုင်ရန် သတင်းထုတ်ပြန်ကြေညာချက်

(၂၂-၁၂-၂၀၂၅)

၁။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့သော ကမ္ဘာလုံးဆိုင်ရာ ရာသီတုပ်ကွေးရောဂါဖြစ်ပွားမှု အစီရင်ခံစာအရ ၂၀၂၅ ခုနှစ် ဆောင်းရာသီဖြစ်သည့် စက်တင်ဘာလမှ စတင်၍ ရာသီတုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားမှုသည် တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့်သော်လည်းကောင်း၊ အာရှဒေသအပါအဝင် ကမ္ဘာ့ဒေသများတွင်သော်လည်းကောင်း မြင့်တက်လျက်ရှိကြောင်း၊ သို့ရာတွင် နှစ်စဉ်ရာသီတုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားမှုများထက် ပိုမို၍ ကူးစက်ဖြစ်ပွားခြင်းမရှိကြောင်း၊ ယခုနှစ်တွင် ကမ္ဘာ့ဒေသအသီးသီး၌ Influenza A (H3N2) ရာသီတုပ်ကွေးရောဂါပိုးသည် အဓိကကူးစက်ဖြစ်ပွားသည့်ရာသီတုပ်ကွေးရောဂါပိုးအမျိုးအစားဖြစ်ပြီး Influenza A (H3N2) Subclade K ရောဂါပိုးကူးစက်မှုအားလည်း လွန်ခဲ့သော (၆)လအတွင်း ကမ္ဘာ့နိုင်ငံ(၃၄) နိုင်ငံတွင် တွေ့ရှိခဲ့ကြောင်း၊ ၎င်းရောဂါပိုးများအား လက်ရှိထိုးနှံနေသည့်တုပ်ကွေးရောဂါ ကာကွယ်ဆေးများဖြင့်လည်း ကာကွယ်၍ရနိုင်ကြောင်းနှင့် ပြင်းထန်ရောဂါဖြစ်ပွားလာပါက လက်ရှိအသုံးပြုနေသောဆေးဝါးများဖြင့် ကုသမှုပေးနိုင်ကြောင်း ဖော်ပြထားရှိပါသည်။

၂။ ကျန်းမာရေးဝန်ကြီးဌာနသည် တုပ်ကွေးရောဂါအပါအဝင် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများဖြစ်ပွားမှုအား စဉ်ဆက်မပြတ် စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။ ထိုသို့ရောဂါစောင့်ကြပ်ကြည့်ရှုမှုသတင်းအချက်အလက်များအရ Influenza A H3N2 အမျိုးအစား ရာသီတုပ်ကွေး ရောဂါပိုးသည် ယခင်နှစ်များကပင် မြန်မာနိုင်ငံ၌ကူးစက်ဖြစ်ပွားခဲ့ပြီး ယခုနှစ်စက်တင်ဘာလမှ စတင်၍လည်း အဓိကကူးစက်ဖြစ်ပွားသည့် ရာသီတုပ်ကွေးရောဂါပိုး အမျိုးအစားဖြစ်ကြောင်းနှင့် Influenza A (H3N2) Subclade K ရောဂါပိုးကိုမူ ဓာတ်ခွဲစစ်ဆေးမှုများအရ မြန်မာနိုင်ငံတွင် မတွေ့ရှိသေးသော်လည်း လူထုအတွင်း Influenza A (H3N2) ရောဂါပိုးကိုကာကွယ်နိုင်မည့် ကိုယ်ခံစွမ်းအား အသင့်အတင့်ရှိနေမည်ဖြစ်ခြင်း၊ လက်ရှိအသုံးပြုနေသည့် တုပ်ကွေးရောဂါကာကွယ်ဆေးများနှင့် ကုသသည့်ဆေးဝါးများဖြင့်လည်း ကာကွယ်ကုသနိုင်ခြင်းတို့ကြောင့် ပြည်သူလူထုအနေဖြင့် အထူးစိုးရိမ်ရန်မလိုကြောင်း သုံးသပ်ပါသည်။

၃။ ရာသီတုပ်ကွေးရောဂါပိုးသည် အသက်အရွယ်မရွေး ကူးစက်ဖြစ်ပွားနိုင်ပြီး ကလေးငယ်များ၊ အသက်အရွယ်ကြီးရင့်သူများ၊ ကိုယ်ခံအားစနစ် ကျဆင်းနေသူများ၊ ဆီးချိုသွေးချိုရောဂါ၊ နှလုံးရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ ကင်ဆာရောဂါနှင့် အာရုံကြောရောဂါကဲ့သို့သော နာတာရှည်ရောဂါအခံရှိသူများနှင့် ကိုယ်ဝန်ဆောင်များတွင် ရောဂါကူးစက်ဖြစ်ပွားပါက ရောဂါပိုမိုပြင်းထန်နိုင်ခြေရှိပါသည်။ ရာသီတုပ်ကွေးရောဂါပိုးသည် ချောင်းဆိုးခြင်း၊ နှာချေခြင်းမှ ထွက်ရှိသည့် အစက်အမှုန်များမှတစ်ဆင့် ကူးစက်ခြင်း (Droplet transmission)၊ ရောဂါကူးစက်ခံစားနေရသူနှင့် ထိတွေ့ခြင်း သို့မဟုတ် လက်ဆွဲနှုတ်ဆက်ခြင်းအစရှိသော အနီးကပ်ထိတွေ့ခြင်း၊ ရောဂါပိုးကပ်ငြိနေသည့်အရာဝတ္ထုအသုံးအဆောင်ပစ္စည်းများနှင့် မျက်နှာပြင်များမှတစ်ဆင့် ပါးစပ်၊ နှာခေါင်း၊ မျက်စိတို့အား ထိတွေ့ခြင်းတို့မှကူးစက်နိုင်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ရာသီတုပ်ကွေးရောဂါပိုးကဲ့သို့သော လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ ကူးစက်မခံရစေရေး အောက်ဖော်ပြပါ ရောဂါကာကွယ်နိုင်သည့် နည်းလမ်းများအား လိုက်နာခြင်းဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးပါရန် တိုက်တွန်းအပ်ပါသည် -

(က) ဆပ်ပြာ၊ ရေ သို့မဟုတ် ရေမလို လက်သန့်ဆေးရည်ဖြင့် စနစ်တကျလက်ဆေးခြင်း၊

(ခ) ရောဂါပိုးကူးစက်ခြင်းခံရသူ သို့မဟုတ် သံသယလူနာများနှင့် ခပ်ခွာခွာနေခြင်း၊

(ဂ) ဖျားနာခြင်းအစရှိသော သံသယလက္ခဏာရှိသူများအနေဖြင့် နှာချေချောင်းဆိုးခြင်း ခံစားနေရပါက ပါးစပ်နှာခေါင်းစည်း ဝတ်ဆင်ခြင်း။

**ကျန်းမာရေးဝန်ကြီးဌာန**

## မိုးညှင်းမြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)နှင့် ဆက်စပ်ပစ္စည်းများ ထိန်းသိမ်းထားရှိမှု ကြည့်ရှုစစ်ဆေး

မိုးညှင်း ဒီဇင်ဘာ ၂၂

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ကချင်ပြည်နယ်တာဝန်ခံ ဦးခင်ဇော်သည် မိုးညှင်းမြို့နယ်အတွင်း ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ယနေ့နံနက်ပိုင်းတွင် မိုးညှင်းမြို့နယ်၌ အသုံးပြုမည့် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)နှင့် ဆက်စပ်ပစ္စည်းများ ထိန်းသိမ်းထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ကော်မရှင်အဖွဲ့ခွဲရုံးတွင် ခရိုင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များ၊ အရာထမ်း အမှုထမ်းများနှင့်တွေ့ဆုံသည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်သည် တာဝန်ရှိသူများနှင့်အတူ မိုးညှင်းမြို့နယ်တွင် အသုံးပြုမည့် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) နှင့်ဆက်စပ်ပစ္စည်းများ စနစ်တကျထိန်းသိမ်းထားရှိမှု၊ မဲပေးစက်တွင်အသုံးပြုမည့် ၁၂ဗို့ဘက်ထရီများဓာတ်အားကြွခိုင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ထို့နောက် မိုးညှင်းခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ ကော်မရှင်အဖွဲ့ခွဲမှဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များ၊ အရာထမ်းအမှုထမ်းများနှင့် တွေ့ဆုံရာတွင် မြို့နယ်များအတွက် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)များ သယ်ယူရွှေ့ပြောင်းမည့်အစီအစဉ်များ၊ ရွေးကောက်ပွဲ ပထမအပိုင်းတွင်ကျင်းပမည့် မိုးညှင်းမြို့နယ်အတွက် မဲပေးစက်နှင့်ဆက်စပ်ပစ္စည်းများကို ရပ်ကွက်၊ ကျေးရွာအုပ်စုများသို့ ဖြန့်ခွဲမည့်အစီအစဉ်များနှင့် ရွေးကောက်ပွဲတွင် တာဝန်ထမ်းဆောင်ကြမည့်သူများအနေဖြင့် မဲရုံအဖွဲ့ဝင်လုပ်ငန်း လမ်းညွှန်ပါ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအတိုင်း အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရေး ဓာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်ရေးတို့ကို တိုက်တွန်းပြောကြားသည်။

ယင်းနောက် ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများက ရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ပြည်နယ်တာဝန်ခံက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်က ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းတာဝန်များ ထမ်းဆောင်နေကြသည့် ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

တွေ့ဆုံပွဲအပြီးတွင် မိုးညှင်းမြို့ အရှေ့စုရပ်ကွက်ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင်ဖွင့်လှစ်မည့် မဲရုံအမှတ်(၈)လျာထားမဲရုံများ ပြင်ဆင်ဆောင်ရွက်ထားရှိမှုကိုလှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်မတွေ့ရှိ

နေပြည်တော် ဒီဇင်ဘာ ၂၂

ကျန်းမာရေးဝန်ကြီးဌာနသည်ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ၁၄-၁၂-၂၀၂၅ ရက် ည ၈ နာရီမှ ၂၁-၁၂-၂၀၂၅ ရက် ည ၈ နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၃၇ ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွား/သေဆုံးမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်

- အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့်အထက်)၊
- ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊
- ကိုယ်ဝန်ဆောင်မိခင်များ (ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက်)

ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါထပ်ဆောင်းကာကွယ်ဆေးထိုးနှံပေးနေပြီဖြစ်ပါ၍ ကာကွယ်ဆေးထိုးနှံမှုခံယူကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသေးစိတ်သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**မြန်မာနိုင်ငံရောဂါကာကွယ်**
**ထိန်းချုပ်ရေးဗဟိုဌာန(Myanmar CDC)**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊**
**ကျန်းမာရေးဝန်ကြီးဌာန**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့်ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။



PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ မိုင်းထောင်ဖောက်ခွဲမှုကြောင့် ပျက်စီးခဲ့သည့် ရောဝတီတံတား (ရတနာသိင်္ခ)အား တွေ့ရစဉ်။



PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးပြီး မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် ရောဝတီတံတား (ရတနာသိင်္ခ)အား တပ်မတော်စစ်ကြောင်းများက ပြန်လည်သိမ်းပိုက်ရရှိမှုကို တွေ့ရစဉ်။

**ᑐ ရှေ့ဖုံးမှအဆက်**

ဘန်ကာများပြုလုပ်ခြင်း၊ ပြည်သူများ၏ အိုးအိမ်များကို ခံစစ်တံတိုင်းအဖြစ် အကာအကွယ်ရယူ၍ပစ်ခတ်တိုက်ခိုက်ခြင်း၊ ပြည်သူများ အဓိကသွားလာအသုံးပြုလျက်ရှိသည့် လမ်း/တံတားများအား မိုင်းထောင်ဖောက်ခွဲခြင်းများ ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာလ ၂၉ ရက်နေ့တွင်လည်း မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကူးမြို့နှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ကျောက်မြောင်းမြို့ကိုဆက်သွယ်ထား၍ ပြည်သူလူထု၏ လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်စည်စီးဆင်းမှုတို့အတွက် အဓိကအရေးပါသည့် ရောဝတီတံတား(ရတနာသိင်္ခ)ကိုလည်း မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သဖြင့် တံတား၏ ရေလယ်တိုင်များဖြစ်သည့် တိုင်အမှတ် RP4 နှင့် RP5 တို့အကြားတွင်လည်းကောင်း၊ RP6-A2 ချဉ်းကပ်လမ်းနေရာတို့တွင်လည်းကောင်း ကျိုးကျပျက်စီးခဲ့သဖြင့် မော်တော်ယာဉ်များနှင့် ခရီးသွားပြည်သူများ ဖြတ်သန်းသွားလာနိုင်ခြင်းမရှိတော့ဘဲ ကုန်စည်စီးဆင်းမှုများရပ်တန့်ခဲ့ရသည်။

ထို့ကြောင့်ခရီးသွားပြည်သူများပြန်လည်သွားလာနိုင်ရေး၊ဒေသတွင်းကုန်စည်စီးဆင်းမှုပြန်လည်လည်ပတ်နိုင်ရေး တံတားပြုပြင်ခြင်းလုပ်ငန်းများကို အမြန်ဆုံးဆောင်ရွက်နိုင်ရေးတို့အတွက် အဆိုပါတံတားနေရာတစ်ဝိုက်အား တပ်မတော်စစ်ကြောင်းများက လိုအပ်သည့်နယ်မြေစိုးမိုးရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ခေတ္တစိုးမိုးထားသည့် အဆိုပါရောဝတီတံတား(ရတနာသိင်္ခ)နှင့် ၎င်းနေရာတစ်ဝိုက်အား ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ကြောင်း သိရှိရသည်။

ထိုသို့ တပ်မတော်စစ်ကြောင်းများက အဆိုပါနေရာတစ်ဝိုက်အား ပြန်လည်သိမ်းပိုက်ရရှိခဲ့သည့်အတွက် ရောဝတီတံတား(ရတနာသိင်္ခ)အား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့်ပူးပေါင်း၍ အမြန်ဆုံးဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး တံတားပြန်လည်ပြုပြင်ပြီးစီးပါက ဒေသအတွင်းကုန်စည်ကူးသန်းရေးနှင့် လမ်းပန်းဆက်သွယ်ရေးများ ပြန်လည်ကောင်းမွန်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြန်လည်လုပ်ဆောင်နိုင်မည်ဖြစ်သည့်အတွက် ပြည်သူများက ဝမ်းမြောက်လျက်ရှိကြောင်း သိရှိရပြီး တပ်မတော်စစ်ကြောင်းများက လိုအပ်သည့် နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

# နောင်ချိုမြို့နယ် သုံးဆယ်တိုက်နယ်ဆေးရုံ ပြန်လည်ဖွင့်လှစ်ပြီး ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိ



**နောင်ချို ဒီဇင်ဘာ ၂၂**

ကျန်းမာရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကုသရေးဦးစီးဌာန နောင်ချိုမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီနှင့် နီးနွယ်ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် စေတနာရှင်များ ပူးပေါင်း၍ ဒေသတွင်းအကြမ်းဖက်ဖြစ်စဉ်များကြောင့် ၂၀၂၃ ခုနှစ် နိုဝင်ဘာလကုန်မှစ၍ လုပ်ငန်း(ယာယီ)ရပ်ဆိုင်းထားသော နောင်ချိုမြို့နယ် သုံးဆယ်တိုက်နယ်ဆေးရုံကို ပြန်လည်ပြုပြင်ပြီး ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက် နံနက်ပိုင်းတွင် ပြန်လည်ဖွင့်လှစ်ကာ ကုသရေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိသည်။

ကျန်းမာရေးဝန်ကြီးဌာန ရှမ်းပြည်နယ် (မြောက်ပိုင်း)ကုသရေးဦးစီးဌာနအနေဖြင့် နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကို ၂၀၂၅ ခုနှစ် ဩဂုတ်လ ၂ ရက်က ပြန်လည်ဖွင့်လှစ်ပြီး ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများပေးလျက်ရှိပြီး ယခုအခါ သုံးဆယ်တိုက်နယ်ဆေးရုံ ပြန်လည်ဖွင့်လှစ်နိုင်သည့်အတွက် သုံးဆယ်တိုက်နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားပြည်သူ ၃၀၀၀၀ ကျော်ကို ကျန်းမာရေးစောင့်ရှောက်မှုများ လွှမ်းခြုံဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာနသည် ပြည်သူလူထုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ လွှမ်းခြုံမှုတိုးတက်စေရန် ဆောင်ရွက်လျက်ရှိရာ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်အထိ ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကျေးလက်ကျန်းမာရေးဌာနနှင့် ဌာနခွဲ ၃၄ ခု ပြန်လည်ဖွင့်လှစ်ထားရှိပြီး ပဏာမကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အားဖြည့်ဆောင်ရွက်လျက်ရှိသည်။



နောင်ချိုမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အခြေခံကျန်းမာရေးဝန်ထမ်းများသည် နောင်ချိုမြို့ပေါ်နှင့် အနီးတစ်ဝိုက်ရှိကျေးရွာများမှ ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်း၊ ကိုယ်ဝန်ဆောင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးလုပ်ငန်း၊ ကျောင်းကျန်းမာရေးလုပ်ငန်းများဆောင်ရွက်ပေးခြင်းနှင့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းအား ပြန်လည်အားဖြည့်ဆောင်ရွက်ရန်အတွက် အမီလိုက်ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးခြင်း၊ အသက် ၁၅ နှစ်အောက်ကလေးများအား အထူးအစီအစဉ် (Special Immunization Activities) ဖြင့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးပေးခြင်းစသည်ဖြင့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းများကို ကလေးတိုင်းဆီသို့ ရောက်ရှိအောင် နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင်နောင်ချိုမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အခြေခံကျန်းမာရေးဝန်ထမ်းများသည် ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၁၀ ရက်မှ ဒီဇင်ဘာလ ၂၀ ရက်အထိ အသက် ၁၅ နှစ်အောက်ကလေးငယ် ၃၂၃၅၀ ဦးကို လိုအပ်သော ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးပေးခဲ့ကြောင်းသိရသည်။

မြဝတီ

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေး ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ရှိ အခြေခံပညာအထက်တန်းကျောင်းများ၌ မဲရုံများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများအား ကြည့်ရှုစစ်ဆေး



ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေး ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေး အခြေခံပညာအထက်တန်းကျောင်းများ၌ မဲရုံများကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် ဒီဇင်ဘာ ၂၂

၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေးအတွက် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ရှိ အခြေခံပညာအထက်တန်းကျောင်းများ၌ မဲရုံများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းတွင် ကချင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့်တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေး မဲရုံကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ မဲရုံတာဝန်ရှိသူများက မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)နှင့် မဲပေးနိုင်ရေးကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် အခြေခံပညာအထက်တန်းကျောင်း (ရွှေစက်) နှင့် အခြေခံပညာအထက်တန်းကျောင်း (မန်ခိန်)တို့၌ မဲရုံများကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးကြရာ မဲရုံတာဝန်ရှိသူများက မဲပေးနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ရှင်းလင်းတင်ပြမှုများအပေါ် တိုင်းမှူးနှင့် တာဝန်ရှိသူများက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

နေပြည်တော် ဒီဇင်ဘာ ၂၂

မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် အများအားဖြင့်သာယာပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

(မိုး/ဇလ)

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# မြိတ်မြို့၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အသုံးပြုမည့် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)များ၊ မဲရုံမှူးနှင့်အဖွဲ့ဝင်များကို သက်ဆိုင်ရာမဲရုံများသို့ ပို့ဆောင်နေရာချထားပေးခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးပြုလုပ်

နေပြည်တော် ဒီဇင်ဘာ ၂၂

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အသုံးပြုမည့် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)များကို သက်ဆိုင်ရာမဲရုံများသို့ သယ်ယူပို့ဆောင်ခြင်းနှင့် မဲရုံမှူးနှင့်အဖွဲ့ဝင်များကို ပို့ဆောင်နေရာချထားပေးခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် မြိတ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် အဖွဲ့ဝင်များ၊ မြိတ်ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အသုံးပြုမည့် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)များကို သတ်မှတ်ရက်တွင် သက်ဆိုင်ရာမဲရုံများသို့ သယ်ယူပို့ဆောင်ရေး၊ မဲရုံမှူးနှင့် အဖွဲ့ဝင်များကို ပို့ဆောင်နေရာချထားရေး၊ လုံခြုံရေးပိုင်းဆိုင်ရာတို့နှင့်ပတ်သက်၍ အမှာစကား ပြောကြားသည်။ ထို့နောက် ဌာနဆိုင်ရာ တာဝန်ရှိသူအသီးသီးက သက်ဆိုင်ရာကဏ္ဍများအလိုက် ပြင်ဆင်ဆောင်ရွက်ထားမှု အခြေအနေများကို ဆွေးနွေးတင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် MEVM စက်များ၊ မဲရုံမှူးနှင့် အဖွဲ့ဝင်များကို သယ်ယူပို့ဆောင်နေရာချထားပေးခြင်းများနှင့်ပတ်သက်၍ လက်တွေ့သရုပ်ပြပြင်ဆင်ထားမှုများအား ကြည့်ရှုစစ်ဆေးကာ လုံခြုံရေးပိုင်းဆိုင်ရာများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အသုံးပြုမည့် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)များ၊ မဲရုံမှူးနှင့်အဖွဲ့ဝင်များကို သက်ဆိုင်ရာမဲရုံများသို့ ပို့ဆောင်နေရာချထားပေးခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

## ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်

နေပြည်တော် ဒီဇင်ဘာ ၂၂

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

(မိုး/ဇလ)

■ ကျောဖုံးမှအဆက်

ထားရှိကာ လိုအပ်သောပြုစုကုသမှုများကို ဘာသာရပ်ဆိုင်ရာ ပါမောက္ခ၊ အထူးကုဆရာဝန်ကြီးများ၊ ကျွမ်းကျင်သူနာပြုများက ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ အသည်းအစားထိုးခွဲစိတ်ကုသမှုကို ပြည်သူ့ဆေးရုံကြီးများတွင် အသည်းအစားထိုးခွဲစိတ်မှု အောင်မြင်စွာ ပြန်လည်ဆောင်ရွက်နိုင်ရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ပါမောက္ခ၊ ဌာနကြီးမှူး(ဆေးလက်တွေ့) ပါမောက္ခဒေါက်တာမင်းဇော်ဦး ဦးဆောင်သောအဖွဲ့၊ ပါမောက္ခဒေါက်တာစိုင်းအောင်ညွန့်ဦး ဦးဆောင်သော အသည်းခွဲစိတ်ကုသမှုဆိုင်ရာ လုပ်ငန်းအဖွဲ့၊ ပါမောက္ခဒေါက်တာဝင်းဝင်းဆွေ ဦးဆောင်သော အသည်းဆေးကုသမှုဆိုင်ရာ လုပ်ငန်းအဖွဲ့၊ ပါမောက္ခဒေါက်တာမူမူနိုင် ဦးဆောင်သော မေ့ဆေးဆိုင်ရာ လုပ်ငန်းအဖွဲ့၊ ပါမောက္ခဒေါက်တာဝင်းဝင်းကျော် ဦးဆောင်သော နှလုံးနှင့်သွေးကြောခွဲစိတ်မှုဆိုင်ရာလုပ်ငန်းအဖွဲ့၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(ခွဲစိတ်) ဒေါက်တာဆွေဆက် ဦးဆောင်သော ရောဂါရှာဖွေရေးဆိုင်ရာ လုပ်ငန်းအဖွဲ့၊ ပါမောက္ခ ဒေါက်တာအောင်ချိုထွန်း ဦးဆောင်သော ဓာတ်မှန်ပညာဆိုင်ရာ လုပ်ငန်းအဖွဲ့၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (အမျိုးသားသွေးဌာန) ဒေါက်တာအယ်ထူးဖေ ဦးဆောင်သော သွေးနှင့်သွေးပစ္စည်းဆိုင်ရာ အထောက်အကူပြုလုပ်ငန်းအဖွဲ့၊ အထူးကုဆေးရုံကြီး(ခုတင်-၅၀၀) ရန်ကုန်မြို့မှ ဆေးရုံအုပ်ကြီး ဒေါက်တာအိသန္တာထွေးနှင့် သူနာပြုများအဖွဲ့၊ ကျွမ်းကျင်ဝန်ထမ်းများနှင့် အထောက်အကူပြုဝန်ထမ်းများအားလုံး ပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး ကိုရီးယားသမ္မတနိုင်ငံ Seoul National University Hospital မှ Professor Kwang Woong Lee က ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

အသည်းအစားထိုးခွဲစိတ်ကုသမှုများကို အထွေထွေရောဂါကု ဆေးရုံသစ်ကြီး ရန်ကုန်မြို့၌ ၂၀၀၄ ခုနှစ်တွင် တစ်တွဲနှင့် ၂၀၀၉ ခုနှစ်တွင် တစ်တွဲ၊ အထူးကုဆေးရုံကြီး(ခုတင်-၅၀၀) ရန်ကုန်မြို့၌ ၂၀၁၅ ခုနှစ်တွင် တစ်တွဲ၊ ၂၀၁၆ ခုနှစ်တွင် လေးတွဲ၊ ၂၀၁၇ ခုနှစ်တွင် ခြောက်တွဲ၊ ၂၀၁၈ ခုနှစ်တွင် ၁၁ တွဲ၊ ၂၀၁၉ ခုနှစ်တွင် ၁၀ တွဲ၊ ၂၀၂၃ ခုနှစ်တွင် တစ်တွဲ၊ ၂၀၂၄ ခုနှစ်တွင် နှစ်တွဲ၊ ယခု ၂၀၂၅ ခုနှစ်တွင် နှစ်တွဲ စုစုပေါင်း ၃၉ တွဲကို ခွဲစိတ်ကုသမှုဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

ယခုကဲ့သို့ ပြည်တွင်း၌ အသည်းအစားထိုးခွဲစိတ်ကုသမှုများကို ဆောင်ရွက်နိုင်ခြင်းအားဖြင့် ပြည်သူများအတွက် လိုအပ်သောကုသမှုကို လက်လှမ်းမီရရှိစေကာ ပြည်ပသို့ သွားရောက်ကုသရမည့် ကုန်ကျစရိတ်များ သက်သာစေနိုင်သည့်အပြင် ပြည်သူ့ဆေးရုံများတွင် ဝန်ဆောင်မှုပိုမိုတိုးတက်ကောင်းမွန်စေခြင်းနှင့် ပြည်သူတစ်ဦးချင်းစီမှ စိုက်ထုတ်သုံးစွဲရငွေ လျော့ကျစေမည်ဖြစ်ကြောင်းနှင့် အသည်းအစားထိုးကုသမှုများ ပုံမှန်ဆက်လက်ဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြဝတီ

# ပြင်ဦးလွင်မြို့၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်ရေး "ဒို့အတူတူ မဲပေးကြမယ်" ပြည်သူလူထုလှုံ့ဆော်ရေး(Campaign) ဆောင်ရွက်

ပြင်ဦးလွင် ဒီဇင်ဘာ ၂၂

ဆန္ဒပြုမဲပေးခြင်းသည် နိုင်ငံသားများ၏ အမျိုးသားရေးတာဝန်ထမ်းဆောင်ခြင်းဖြစ်ရာ ရွေးကောက်ပွဲမှတစ်ဆင့် ပိုမိုအားကောင်းသော အနာဂတ်ကိုဖော်ဆောင်နိုင်ရန်အတွက် ပြန်ကြားရေးဝန်ကြီးဌာနက နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် ပူးပေါင်း၍ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပရေး လှုံ့ဆော်မှု(Campaign) ကို နိုင်ငံတစ်ဝန်း၌ စီစဉ်ဆောင်ရွက်လျက်ရှိသည်။



ယနေ့နံနက်ပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် တာဝန်ရှိသူများ၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ခေတ်ပေါ်တီးဝိုင်းနှင့် ဝန်ထမ်းအဆိုရှင်များ၊ နိုင်ငံကျော်ရုပ်ရှင်နှင့် ဂီတအနုပညာရှင်များနှင့်အတူ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ မြို့တော်ခန်းမ၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအောင်မြင်ရေး ပြည်သူလူထုလှုံ့ဆော်ရေး Campaign ကို ဆောင်ရွက်ကြသည်။

အဆိုပါ အစီအစဉ်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဝန်ထမ်းများက တက်ရောက်လာကြသည့်ပြင်ဦးလွင်ခရိုင်နှင့်မြို့နယ်တို့မှ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများနှင့်လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများအား "ဒို့အတူတူ မဲပေးကြမယ်" အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးကြသည်။

ဦးစွာ MRTV မှထုတ်လုပ်ထည့် "ရှေ့သို့ချီမည် ပန်းတိုင်ဆီ" Video Clip ကိုဖွင့်လှစ်ပြသသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက နှုတ်ခွန်းဆက်စကားပြောကြားရာတွင် နယ်မြေတည်ငြိမ်လုံခြုံရေး၊ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးသည် နယ်မြေဒေသဖွံ့ဖြိုးရေးအတွက် အရေးကြီးသည်ကို မကြာမီက နယ်မြေဆက်စပ်ပြီး ကြုံတွေ့ခဲ့ရသည့် ပြင်ဦးလွင်မြို့နယ်မှ ပြည်သူများအနေဖြင့် ပိုမိုသိရှိကြပြီးဖြစ်ကြောင်း၊ ဒီဇင်ဘာလ ၂၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးတွင် မိမိတို့ဒေသအကျိုးဆောင်ရွက်ပေးနိုင်မည့်သူများကို ရွေးချယ်ပြီး ဆန္ဒအလျောက် လွတ်လပ်စွာဆန္ဒပြုမဲပေးကြရန်နှင့် ရွေးကောက်ပွဲကြီးအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် တိုက်တွန်းနှိုးဆော်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ပြင်ဦးလွင်ခရိုင်အတွက် MRTV DTH စလောင်း အစုံ ၃၀ နှင့် DVB- T2 Set Top Box အလုံး ၂၀ အား ပေးအပ်လှူဒါန်းရာ ပြင်ဦးလွင်ခရိုင်အုပ်ချုပ်ရေးမှူးက လက်ခံရယူသည်။

ယင်းနောက် ဖျော်ဖြေရေးအစီအစဉ်ကို စတင်ရာ ပြင်ဦးလွင်မြို့ အထက(၂)မှ ကျောင်းသူလေးများက "မေမြို့ သို့မဟုတ် ပြင်ဦးလွင်" တေးသီချင်းဖြင့် ကပြဖျော်ဖြေကြသည်။ နံနက်စောစောပိုင်းကလည်း ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြင်ဦးလွင်မြို့ရှိ အမျိုးသားကန်တော်ကြီးဥယျာဉ်သို့ သွားရောက်လေ့လာကြသည်။

ပြင်ဦးလွင်ရုက္ခဗေဒဥယျာဉ်ကို ရေပြင်ဧရိယာဧက ၇၀ အပါအဝင် အကျယ်အဝန်း ၄၃၆ ဒသမ ၃၆ ဧကတွင် သဘာဝသစ်ပင်၊ ပန်းပင်များထိန်းသိမ်းထားရှိမှုအပြင် မူရင်းပန်းမျိုးများ၊ စပ်မျိုးပန်းပင်များနှင့် စုဖွဲ့စိုက်ပျိုးခင်းကျင်းပြသထားမှုကိုလည်းကောင်း၊ အင်ကြင်းကျောက်ပြတိုက်၊ ရွှံ့နွံဖြတ်လျှောက်တံတား၊ သဘာဝငှက်ဥယျာဉ်၊ လိပ်ပြာပြတိုက်စသည့် ပြကွင်း/ပြကွက်များဖြင့် လည်းကောင်း စုဖွဲ့ကာအများပြည်သူလေ့လာနိုင်ရန်နှင့် အပန်းဖြေနိုင်ရန် စီစဉ်ဆောင်ရွက်ထားသည်။

ထိုပြင် နှစ်စဉ်ဆောင်းရာသီတိုင်းတွင် ပန်းပွဲတော်များ စီစဉ်ကျင်းပလျက်ရှိရာ (၁၈)ကြိမ်မြောက် ပန်းပွဲတော်ကို ဒီဇင်ဘာလ ၄ ရက်မှ ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၆ ရက်အထိ နိုင်ငံကျော်အနုပညာရှင်များ သီဆိုဖျော်ဖြေမည်ဖြစ်ပြီး ရုံးပိတ်ရက်များနှင့် အချို့ရက်များ၌ လာရောက်လေ့လာလည်ပတ်အပန်းဖြေသူဦးရေမှာ ပြည်ပခရီးသွားများ အပါအဝင် လေးသောင်းခန့်ထိရှိနေပြီးမျှော်မှန်းထားသည်ထက် ပိုမိုလာရောက်လည်ပတ်လျက်ရှိကြောင်း သိရသည်။

မြဝတီ

# သစ်လွင်သူနာပြု ၁၅၂၀ ဦးနှင့် သစ်လွင်သားဖွား ၃၆၁ ဦးတို့ကို နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ပေးခန့်အပ်နိုင်ခဲ့




နေပြည်တော် ဒီဇင်ဘာ ၂၂

ကျန်းမာရေးဝန်ကြီးဌာနမှသူနာပြုသားဖွားဒီပလိုမာသုံးနှစ် သင်တန်းဆင်းမည့် သစ်လွင်သူနာပြုများနှင့် သားဖွားဒီပလိုမာနှစ်နှစ်သင်တန်းဆင်းမည့် သစ်လွင်သားဖွားများကို နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ပေးအပ်သည့် ခန့်အပ်လွှာပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် သူနာပြုတက္ကသိုလ်(ရန်ကုန်)Auditorium ခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီဥက္ကဋ္ဌ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သစ်လွင်သူနာပြုများနှင့်သစ်လွင်သားဖွားများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် အရည်အသွေးရော အရည်အချင်းပါ ပြည့်ဝရုံမျှမက မိမိတို့သူနာပြု သားဖွားများလိုက်နာရမည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျင့်ဝတ်များကို လိုက်နာကျင့်ကြံကြစေလိုကြောင်း၊ အခြေခံသူနာပြုစုမှုနှင့် သားဖွားအတတ်ပညာများကို အသုံးပြု၍ ပြည်သူများကို ကျွမ်းကျင်ပိုင်နိုင်စွာဖြင့် ပြုစုပေးနိုင်သော မှန်ကန်သော ခံယူချက် ရှိသည့် သူနာပြု သားဖွားကောင်းများဖြစ်ကြစေလိုကြောင်းနှင့် ပြည်သူလူထုနှင့်ဆက်ဆံရာတွင် ဖော်ရွေစွာ ပြောဆိုဆက်ဆံကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က သင်တန်းဆင်း သစ်လွင်သူနာပြုနှင့်သားဖွားများအနေနဲ့ နိုင်ငံတော်နှင့် ပြည်သူလူထု ကျန်းမာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ရာတွင် သူနာပြုအတတ်ပညာဖြင့် ပြည်သူလူထုကို အကျိုးပြုကြရန် ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီဥက္ကဋ္ဌက သင်တန်းဆင်းမည့် သစ်လွင်သူနာပြု သားဖွားများကို နိုင်ငံ့ဝန်ထမ်းအဖြစ်တာဝန်စတင်ထမ်းဆောင်သည့် အချိန်မှစ၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ သက်ဆိုင်ရာဆေးရုံ၏ စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာဆောင်ရွက်စေလိုကြောင်း၊ လူနာများကိုပြုစုစောင့်ရှောက်ရာတွင်သူနာပြုသစ္စာခံဌာန်(၈)ချက်နှင့်အညီ လိုက်နာဆောင်ရွက်ကြစေလိုကြောင်း တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက နေပြည်တော်သူနာပြု သားဖွားသင်တန်းကျောင်းမှ တက်ရောက်အောင်မြင်သူ သစ်လွင်သူနာပြု ၈၆ ဦး၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သူနာပြု သားဖွားသင်တန်းကျောင်းများမှ တက်ရောက်အောင်မြင်သူ သစ်လွင်သူနာပြု ၃၄၀ ဦး၊ ရန်ကုန်ဗဟိုသားဖွားသင်တန်းကျောင်းမှ တက်ရောက်အောင်မြင်သူ သစ်လွင်သားဖွား ၁၆၂ ဦး၊ စုစုပေါင်း ၅၈၈ ဦး ကိုယ်စားသစ်လွင်သူနာပြုနှစ်ဦး၊ သစ်လွင်သားဖွားတစ်ဦးတို့ထံ ခန့်အပ်တာဝန်ပေးအပ်သည့် ဌာနဆိုင်ရာ အမိန့်စာများပေးအပ်ပြီး သစ်လွင်သူနာပြုတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ရန်ကုန်ရှိ သူနာပြုသင်တန်းကျောင်း(၆) ကျောင်း၊ သားဖွားသင်တန်းကျောင်း(၁) ကျောင်းတို့အတွက် ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း ၃၅၀ ပေးအပ်ရာ ပြည်ထောင်စုဝန်ကြီးက လက်ခံရယူပြီး တေးသရုပ်ဖော်အကအဖွဲ့များကို ဂုဏ်ပြုဆုငွေများ ပေးအပ်သည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၂၅ ခုနှစ်တွင် သစ်လွင်သူနာပြု ၁၅၂၀ ဦးနှင့် သစ်လွင်သားဖွား ၃၆၁ ဦးကို နိုင်ငံ့ဝန်ထမ်းအဖြစ် ခန့်အပ်တာဝန်ပေးနိုင်ခဲ့ပြီး ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလနှင့် ၂၀၂၆ ခုနှစ် မေလတွင် သူနာပြု ၁၇၆၂ ဦးကို သစ်လွင်သူနာပြုများအဖြစ် ခန့်အပ်တာဝန်ပေးအပ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြဝတီ

| မြို့ | အနိမ့်ဆုံး / | အမြင့်ဆုံးအပူချိန် |
|---|---|---|
| နေပြည်တော် | ၁၈°C / | ၃၁°C |
| ရန်ကုန် | ၁၉°C / | ၃၃°C |
| မန္တလေး | ၁၉°C / | ၃၀°C |

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားကပြည်သူ့စကား"** အစီအစဉ်မှ **"ပြည်သူတွေကို မက်လုံးများစွာနဲ့မြူဆွယ်လာသော ဘဝပျက်စေမည့် လူလိမ်ဂိုဏ်းအား စုပေါင်းကာကွယ်ဖို့လိုအပ်လာ"** ခေါင်းစဉ်ဖြင့် ၂၄-၁၂-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။လာမည့်အပတ် ၃၁-၁၂-၂၀၂၅ ရက်မွန်းလွဲ ၁ နာရီတွင် **"ပြည်ဖျက်တွေမျှော်လင့်သလို ဖြစ်မလာခဲ့သောဒီမိုကရေစီရွေးကောက်ပွဲ"** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီ အချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ် လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့်ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# 488 illegal structures used for online scam gambling in KK Park systematically demolished; buildings used for online scam gambling in Myawady and surrounding areas sealed

NAY PYI TAW December 22

The Myanmar government is carrying out coordinated operations to clear illegal structures in the Shwe Kokko and KK Park areas, where online scam gambling activities are most heavily concentrated. These operations include raids on illegal buildings, the systematic demolition of illegal structures, and the destruction of seized items used in online scam gambling operations. The efforts are being undertaken by joint teams comprising security forces, administrative bodies, and responsible local authorities.

As part of these ongoing crackdowns on online scam gambling, three illegal four-storey buildings located in Section (3) of the Myawady–Maehtawthalay (KK Park) area, which had been used for online scam gambling activities, were further demolished today. As a result, out of a total of 635 illegal buildings in the KK Park area, 488 have now been systematically demolished. Among the buildings in the KK Park area, those that had already been demolished using heavy machinery have also been further destroyed using fire to ensure complete destruction. This process has been carried out since December 14, and to date, 36 two-storey buildings have been completely destroyed.




Demolition of illegally constructed four-storey residential buildings in Section (3) of the KK Park area.



Inspection and clearing out for ensuring illegal foreigners do not reside or shelter in Myawady town.



Buildings used for online scam operations in Myawady town being sealed and secured.

In addition, to prevent illegal foreign nationals from residing in buildings and to stop online scam gambling activities in Myawady Township and surrounding areas of Kayin State, joint teams consisting of security forces, administrative organizations, and local authorities have been conducting search and clearance operations since December 8. As of today, an additional 19 buildings have been inspected. Out of a total of 464 buildings inspected so far, 12 buildings were identified as having been used for online scam gambling activities. These buildings have been sealed to prevent any further use, and as of today, all such illegal buildings have been sealed and secured.



Destruction of equipment and materials used in online scam gambling operations in the Shwe Kokko area of Myawady Township.

Furthermore, items used in online scam gambling activities in the KK Park and Shwe Kokko areas were also systematically destroyed by fire today to prevent reuse. It is reported that the government regards the eradication of online scam gambling as a national duty and will continue its efforts to ensure that such activities cannot take root anywhere in Myanmar, working not only with domestic forces but also in coordination and cooperation with neighbouring countries' governments.

100

# Katha Township harvests more than 2,000 acres of maize

KATHA December 22

Statistics of Katha District Agriculture Department stated that local farmers have harvested more than 2,000 acres of maize in Katha Township of Sagaing Region.

During the monsoon crop season in Katha Township, 1,898 acres of maize and 2,976 acres of sweet corn were cultivated, totalling 4,874 acres. Harvesting of these maize fields began in August this year, and as of now, all 1,898 acres of maize have been harvested, yielding an average of 50.24 baskets per acre. For sweet corn, 804 acres have been harvested so far, producing over 15,000 ears per acre.

"This year, during the monsoon season, we were able to cultivate more than 4,000 acres of maize, including both maize and sweet corn, in Katha Township. Harvesting is currently underway, and as of today, 2,702 acres have been harvested. To ensure successful maize production, we have provided farmers with technical training and awareness on pest and disease prevention," said U Ko Lay, Head of the Katha Township Agriculture Department.

This year, the Township Agriculture Department provided farmers cultivating seed maize and sweet corn with training courses, field demonstrations, and awareness activities on preventive measures against armyworm infestations and integrated pest management. They also shared knowledge on the proper use of insecticides and pest control methods for crops such as ginger and chilli.



In Katha Township, the average yield for maize is over 50 baskets per acre, with production costs of around Ks-500,000 per acre. For sweet corn, the yield is over 15,000 ears per acre, with production costs exceeding Ks-500,000 per acre.

**SMK**

## Ayadaw Township grows more than 1,000 acres of sunflower as cold season crops

AYADAW December 22

According to the Monywa District Agriculture Department, local farmers planted more than 1,000 acres of sunflower as cold season crops in Ayadaw Township of Sagaing Region this year.

During the 2025-2026 winter crop season, it is planned to cultivate 2,725 acres of winter sunflower in Ayadaw Township. Planting began in October this year, and so far, a total of 1,193 acres have already been cultivated against the target cultivation.

"This year, over 2,000 acres of sunflower are planned for cultivation during the winter crop season in Ayadaw Township. As of today, more than 1,000 acres have been planted. Efforts are being made to complete the full target acreage. To reduce the import of edible palm oil from abroad, sunflower, an oil-bearing crop, is being encouraged for expanded cultivation. Sunflower yields more oil per acre compared to other crops such as groundnut and sesame," said Daw San San Myint, Head of the Monywa District Department of Agriculture.

In order to expand sunflower cultivation in Ayadaw Township, the Township Department of Agriculture has been accelerating training programs to provide technical knowledge and enhance the capacity of both staff and farmers.

This year, arrangements are also being made to supply quality sunflower seeds to farmers, sell compound fertilizers (urea and potash) at affordable prices, and promote seed exchange systems among farmers to distribute newly produced sunflower varieties.

**SK**

# Over 2,000 acres of groundnut planted in Htigyaing Township

HTIGYAING December 22

The Htigyaing Township Agriculture Department stated that local farmers have cultivated more than 2,000 acres of groundnut as cold season crops in Htigyaing Township of Sagaing Region.

During the 2025-2026 winter crop season, local authorities earmarked to cultivate 12,280 acres of groundnut in Htigyaing Township. Planting began in October this year, and as of today, a total of 2,975 acres have already been cultivated.

"This year, over 12,000 acres of groundnut are planned for cultivation during the winter crop season in Htigyaing Township. Up to now, more than 2,000 acres have been planted. Efforts are being made to achieve the full target acreage. Groundnut cultivation is progressing successfully and has been developing year by year. As an oil-bearing crop, groundnut cultivation has seen encouraging results," said U Ko Ko Aung, Head of the Htigyaing Township Department of Agriculture.

In Htigyaing Township, farmers plant about one and a half baskets of seeds per acre, with production costs exceeding Ks-200,000 per acre, including expenses for seeds, labour charge, fertilizers, and pesticides. Each acre yields more than 50 baskets of groundnuts.

This year, to ensure successful cultivation of groundnut fields in Htigyaing Township, prevent pest and disease outbreaks, and keep fields free of weeds, staff from the Township Department of Agriculture have been conducting field inspections and recording field monitoring data.

**SMK**

# Kyunhla Township cultivates over 3,000 acres of winter sesame



KYUNHLA December 22

More than 3,000 acres of winter sesame have been planted in Kyunhla Township, Kantbalu District, Sagaing Region during this year winter crops planting season, according to the statistics of the Department of Agriculture for Kyunhla Township.

During the 2025-2026 winter crops planting season, Kyunhla Township has planned to plant 14,033 acres of winter sesame, and planting has begun since October this year, and 3,617 acres have been planted to date.

"Kyunhla Township has planned to plant more than 10,000 acres of winter sesame. To date, more than 3,000 acres have been planted. We are working to achieve the target acres. Sesame cultivation is improving year by year. Sesame is mainly planted in the rainy season. As for oilseed crops, it is in a successful state," said Daw Myint Myint Yee, head of the Department of Agriculture for Kyunhla Township.

This year, the Township Agriculture Department is educating sesame farmers in Kyunhla Township on how to expand sesame cultivation, cultivation methods, GAP methods, and how to grow good varieties and high-yield varieties.

**SK**

# China launches methanol-powered intelligent ultra-large oil tanker - reports

BEIJING December 22

China has begun operating the world's first intelligent ultra-large oil tanker powered by methanol, the China Central Television (CCTV) reported on Monday.

The tanker, designed to transport crude oil, was successfully put into operation in the city of Dalian in China's northeastern coastal province of Liaoning, the report said. State-owned company Dalian Shipbuilding Industry Co Ltd independently designed and built the vessel, it added.

The tanker is approximately 333 meters (1,092 feet) long and can carry around 2.1 million barrels of crude oil, the CCTV reported. Designed to produce low emissions and having intelligent control capabilities, the tanker will serve the route to the Middle East, among others, according to the report.

The vessel is powered by a dual-fuel methanol engine, which reduces carbon dioxide emissions by 92 percent compared to conventional fuel, the CCTV reported. It is equipped with an intelligent ship platform, an intelligent liquid cargo management system, and an intelligent engine room operation and maintenance system, which significantly improves the ship's economy, efficiency and safety, the broadcaster said. **Sputnik**




# Lavrov holds phone call with Venezuelan Foreign Minister - Russian Foreign Ministry

MOSCOW December 22

Russian Foreign Minister Sergey Lavrov held a telephone conversation with Venezuelan Foreign Minister Ivan Gil, during which they expressed serious concern about the escalation in the Caribbean Sea, the Russian Foreign Ministry said on Monday.

"On December 22, Russian Foreign Minister Sergey Lavrov held a telephone conversation with Venezuelan Foreign Minister Ivan Gil. The ministers expressed serious concern about Washington's escalatory actions in the Caribbean Sea, which have far-reaching consequences for the region and pose a threat to international shipping," the ministry said in a statement.

Russia stands in solidarity with the leadership and people of Venezuela amid the escalation in the Caribbean Sea, the statement said, adding that the ministers agreed to continue close cooperation. **Sputnik**

# 3 killed, over 70 wounded in bus accident in S. Africa



JOHANNESBURG December 22

Three people were killed and 71 others wounded in a bus accident early Monday morning near Bloemfontein, South Africa's judicial capital, local media reported.

The bus, which had a trailer attached, overturned with 70 passengers on board, said Sipho Towa, chairperson of the Road Accident Management Systems.

The bus was reportedly traveling from South Africa's Cape Town to Zimbabwe when the accident took place.

The injured have been transported to hospitals, according to a local emergency service company, which responded to the scene at around 1:20 a.m. local time (2320 GMT Sunday).

An investigation is underway to determine the cause of the accident, said Towa.

South Africa has in recent months recorded a series of deadly bus crashes. On Oct. 12, an overloaded passenger bus traveling from Eastern Cape Province to a neighboring country overturned in Limpopo Province, killing 43 people, including seven children. Authorities blame the recent road accidents on driver fatigue, excessive speed, drunk driving, unsafe pedestrian conduct, and poor vehicle conditions. **Xinhua**

# Russia, US discussing European security architecture

MOSCOW December 22

Russia and the United States are discussing, among other things, the architecture of security for Europe, but Europe has no place in this dialogue, Russia's deputy envoy to the Organization for Security and Co-operation in Europe (OSCE), Maxim Buyakevich, told Sputnik.

"There are indeed communication channels between Moscow and Washington. Issues of security architecture, including the European dimension, are discussed through these channels. This is an extended dialogue," Buyakevich said, noting that "there is virtually no place for Europe itself in this dialogue right now."

According to the diplomat, Moscow views the OSCE and its participation in it as a platform for dialogue with those countries with which it currently has serious socio-military-political conflicts.

"Another question is the willingness of Western countries to maintain such a platform for dialogue. Because, in my view, and ours as well, their appetite for this is constantly shrinking. Take the United States, for example. They are currently undergoing a policy review at the State Department, which is assessing US participation in the OSCE. Demands have already been made for a significant reduction in the organization's budget – by approximately 10 percent compared to 2021 levels, without taking into account inflation over the past years," Buyakevich said.

He added that such demands were effectively "strangling" the Organization. **Sputnik**

# Explosion at French laboratory near Lyon injures at least 4

PARIS December 22

An explosion at a laboratory in eastern France on Monday injured at least four people, three of them seriously, according to local media.

The blast occurred at an Elkem Silicones laboratory near Lyon in the Rhone department, BMF Lyon reported, adding that the explosion might have been caused by hydrogen.

Around 100 firefighters and 30 vehicles have been mobilized, and a 1,000-meter security perimeter has been set up, the prefect of Rhone said on the X.

People are asked to avoid the area and there is no risk of toxicity to the population at this time, it noted, adding that the A7 motorway has been closed in both directions, as have rail and river routes. **Xinhua**

# Tatmadaw columns reoccupy Ayeyawady Bridge (Yadana Theinkha) linking Singu in Mandalay Region and Kyaukmyaung in Sagaing Region, mined by combined terrorist insurgent groups by the name PDF

NAY PYI TAW December 22

The Tatmadaw is launching counter-terrorism operations to recapture certain towns and villages that were temporarily under the control of terrorist insurgents, and on 19 December, it liberated the area in and around Singu town in Mandalay Region.

While under their temporary domination, PDF combined terrorist insurgent groups took positions and set up bunkers in religious buildings, schools, departmental buildings, hospitals and homes of the area, and launched attacks, using public homes as their defence barriers, and blew up public roads and bridges. On 29 October, terrorist insurgents destroyed the Ayeyawady Bridge (Yadana Theinkha) linking Singu town in Mandalay Region and Kyaukmyaung town in Sagaing Region, which is also the vital structure for passenger and commodity transport. The section between piers RP4 and RP5 of the main bridge and the section between RP6 -A2 of the approach structure were damaged and broken down, hence halting the commodity flow.



Tatmadaw columns reoccupy Ayeyawady Bridge (Yadana Theinkha) temporarily controlled and mined by combined terrorist insurgent groups by the name PDF.

Tatmadaw columns took necessary action in launching operations to recontrol the area surrounding the bridge for the resumption of passenger and commodity flow in it, and for starting the bridge repair works at the earliest time. Today, the Tatmadaw columns could recontrol the bridge and its surrounding area that were briefly under the control of combined terrorist insurgent groups.

As the Tatmadaw columns have recaptured the bridge and the surrounding area, repair programs will be started soonest in cooperation with the responsible persons. People are happy as the local trade and transport can be resumed and regional development can be conducted after the bridge has been restored. Tatmadaw columns are continuing security and area-domination operations.

**100**

# Monywa Township arranges cultivation of more than 1,000 acres of chickpea this year

MONYWA December 22

The Township Agriculture Department stated that local farmers have planted more than 1,000 acres of chickpea as cold season crops in Monywa Township of Sagaing Region this year.

For the 2025–2026 winter crop season, it is learned that a total of 17,790 acres of chickpea are planned to be cultivated in Monywa Township, and cultivation began in October this year, with 1,475 acres already planted so far.

The Head of the Monywa Township Agriculture Department, U Soe Thet Aung, said, “This year, for the upcoming winter crop season in Monywa Township, we plan to cultivate more than 17,000 acres of chickpea. As of today, over 1,000 acres have already been cultivated.

We are making efforts to meet the full cultivation target. Chickpea cultivation has been improving year by year. To increase yield and quality, we are cooperating with farmers to provide good-quality and pure seed varieties, necessary inputs, and post-harvest technology.”

Yezin-8 and Yezin-11 chickpea varieties—both high-yielding and well-suited to the local conditions—are being planted, and the cost of cultivation per acre is over Ks-300,000.

During this year’s winter crop season, the department is continuing to work with farmers to promote the use of quality seeds, provide essential inputs, and disseminate post-harvest technologies to ensure good yield and quality of pulses. Furthermore, extension activities are being carried out to encourage lead farmers to use Trichoderma and other beneficial fungi during pulse cultivation.

The Sagaing Region is the largest producer of pulses in the country, with the widest cultivation area nationwide. Pulses are grown as the main crops, and due to the potential for intercropping and relay cropping, farmers in the region are cultivating them as income-generating crops.

**SK**

# Kalay Township cultivates over 3,000 acres of winter green beans

KALAY December 22

More than 3,000 acres of green beans have been planted in Kalay Township during this year winter crops planting season, according to the statistics of the Department of Agriculture for Kalay Township.

During the 2025-2026 winter crops planting season, 9,190 acres of green beans have been planned for planting in Kalay Township. The planting of green beans has started in October this year, and 3,154 acres have been planted to date.

“We are working to ensure that the target acres are fully planted. Green beans cultivation is improving year by year. There will be education on expanding green beans cultivation, and there will be education on using good and pure varieties for better yields,” said Daw Man Awe, head of the Department of Agriculture for Kalay Township.

This year, the relevant Township Agriculture Department will provide green beans farmers in Kalay Township with information on obtaining good and pure varieties suitable for the region, on proper planting methods, pest control, systematic use of fertilizers, and improved yields.

**SMK**

## Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# ပြင်သစ်နိုင်ငံက နျူကလီးယား စွမ်းအင်သုံး လေယာဉ်တင်သင်္ဘော အသစ်တည်ဆောက်မည်


ပဲရစ်၊ ပြည်တွင်းရေး

ပြင်သစ်နိုင်ငံသည် ရေတပ်အင်အားကို ခေတ်မီတိုးတက်စေရန် မျိုးဆက်သစ် နျူကလီးယားစွမ်းအင်သုံး လေယာဉ်တင်သင်္ဘောအသစ်တစ်စင်းကို တည်ဆောက်သွားမည်ဖြစ်ကြောင်း သမ္မတ မက်ခရွန်က အာရပ်စော်ဘွားများ ပြည်ထောင်စုရှိ ပြင်သစ်တပ်စခန်းသို့ သွားရောက်စဉ်ပြောသည်။

လက်ရှိအသုံးပြုနေသည့် "Charles de Gaulle" လေယာဉ်တင်သင်္ဘော၏နေရာတွင် အစားထိုးမည့် ယခုသင်္ဘောအသစ်သည် ပြင်သစ်နိုင်ငံ၏ မဟာဗျူဟာမြောက် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် တစ်ကမ္ဘာလုံးဆိုင်ရာသြဇာအာဏာကိုပြသရာတွင်အရေးပါသောအခန်းကဏ္ဍမှ ပါဝင်မည်ဖြစ်ပြီး ပြင်သစ်သည် နိုင်ငံတကာလုံခြုံရေးအတွက် တာဝန်ရှိသည့် အင်အားကြီးနိုင်ငံအဖြစ် ဆက်လက်ရပ်တည်ရန် လိုအပ်ကြောင်း မက်ခရွန်က ၎င်း၏တပ်ဖွဲ့ဝင်များကို ပြောကြားရာတွင် အလေးပေးပြောဆိုခဲ့သည်ဟု သိရသည်။

Ref: ST

# ကမ္ဘောဒီးယားနှင့် အပစ်အခတ်ရပ်စဲရေးအသေးစိတ်ကို မကြာမီဆွေးနွေးမည်ဟု ထိုင်းနိုင်ငံခြားရေးဝန်ကြီးပြော



ကွာလာလမ်ပူ၊ နိုင်ငံရေး

ထိုင်းနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့ကြား အပစ်အခတ်ရပ်စဲရေးနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို မကြာမီဆွေးနွေးမည်ဟု ထိုင်းနိုင်ငံခြားရေးဝန်ကြီးကပြောသည်။ ဒီဇင်ဘာလ ၂၄ ရက်တွင်ကျင်းပမည့်အစည်းအဝေး၌ အဆိုပါကိစ္စကို ဆွေးနွေးသွားမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံခြားရေးဝန်ကြီးက ဒီဇင်ဘာလ ၂၂ ရက်တွင်ပြောခြင်းဖြစ်သည်။

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပသော အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ အထူးအစည်းအဝေးအပြီးတွင် ထိုင်းနိုင်ငံခြားရေးဝန်ကြီးက ယခုကဲ့သို့ ပြောခြင်းဖြစ်သည်။

ထိုင်းနိုင်ငံအနေဖြင့် အပစ်အခတ်ရပ်စဲရေးအတွက်ဆွေးနွေးမှုများ ပြန်လည်စတင်နိုင်ခြင်းကိုကြိုဆိုပြီး နယ်စပ်ပဋိပက္ခများကို နှစ်နိုင်ငံကြားဆက်သွယ်မှုမှတစ်ဆင့် ဖြေရှင်းသွားရန် မျှော်လင့်ကြောင်း ၎င်းက ဆိုသည်။

ယခုဆွေးနွေးမှုများကို အထွေထွေနယ်စပ်ရေးရာကော်မတီ၏ မူဘောင်အတွင်းမှ လုပ်ဆောင်သွားမည်ဖြစ်ပြီး အာဆီယံအဖွဲ့ဝင် နိုင်ငံများကလည်း ဒေသတွင်းတင်းမာမှုများလျော့ကျစေရန် တိုက်တွန်းထားသည်။ နယ်စပ်ပဋိပက္ခများ ငြိမ်းချမ်းစွာ ဖြေရှင်းနိုင်ရေးအတွက် ယခုတွေ့ဆုံမှုက အရေးပါသောဆွေးနွေးမှုတစ်ခုဖြစ်လာနိုင်ပြီး နှစ်နိုင်ငံကြား ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိရန် အခြေခံကောင်းတစ်ခုဖြစ်နိုင်မည်ဟုယူဆရကြောင်းသိရသည်။

Ref: Xinhua

# ဂျပန်တာဝန်ရှိသူ၏ တရုတ်(တိုင်ပေ)သို့ ခရီးစဉ်အပေါ် တရုတ်နိုင်ငံက ပြင်းထန်စွာကန့်ကွက်

ပေကျင်း၊ နိုင်ငံရေး

ဂျပန်အစိုးရအဖွဲ့ဝင် ဝန်ကြီးတစ်ဦး၏ တရုတ်(တိုင်ပေ)သို့ သွားရောက်သည့်ခရီးစဉ်အပေါ် တရုတ်နိုင်ငံက ဂျပန်အစိုးရထံ တရားဝင်ကန့်ကွက်စာပေးပို့ပြီး အဆိုပါလုပ်ရပ်သည် "တရုတ်တစ်နိုင်ငံတည်းမူဝါဒ" ကို ချိုးဖောက်ခြင်းဖြစ်ကြောင်းပြောသည်။

ဂျပန် ဒစ်ဂျစ်တယ်ဆိုင်ရာဝန်ကြီးသည် တရုတ်(တိုင်ပေ)သို့သွားကာ ဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေးနှင့် နည်းပညာကဏ္ဍဆိုင်ရာဆွေးနွေးမှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ဤလုပ်ရပ်သည် ထိုင်ဝမ်ကျွန်းရှိခွဲထွက်ရေးသမားများကို မှားယွင်းသောအချက်ပြမှုပေးရာရောက်ကြောင်းနှင့် ဂျပန်အနေဖြင့် သမိုင်းကြောင်းဆိုင်ရာ ကတိကဝတ်များကို လိုက်နာရန်လိုအပ်ကြောင်းသတိပေးသည်။ ယခုဖြစ်စဉ်သည် တရုတ်နိုင်ငံနှင့် ဂျပန်နိုင်ငံတို့ကြား တင်းမာမှုများကိုပိုမိုမြင့်တက်လာစေနိုင်ကြောင်းသိရသည်။

Ref: Xinhua

# အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလား၌ မိသားစုဝင်လေးဦး မီးလောင်သေဆုံး

နယူးဒေလီ၊ မီးလောင်မှု

အိန္ဒိယနိုင်ငံအရှေ့ပိုင်းရှိ အနောက်ဘင်္ဂလားပြည်နယ်၌ ဒီဇင်ဘာလ ၂၂ ရက် နံနက်ပိုင်းတွင် နေအိမ်တစ်လုံးမီးလောင်မှုဖြစ်ပွားရာ မိသားစုဝင် လေးဦး မီးလောင်ကျွမ်းကာသေဆုံးသွားကြောင်း ရဲတပ်ဖွဲ့ကထုတ်ပြန်ထားသည်။

အဆိုပါမီးလောင်မှုသည် ပြည်နယ်၏ မြို့တော် ကိုးကတ္တားမြို့၏အနောက်ဘက် ၇၀ ကီလိုမီတာခန့်အကွာရှိ ဆော်ရီယာ ကျေးရွာ၌ဖြစ်ပွားခြင်းဖြစ်သည်။ မီးသတ်တပ်ဖွဲ့ဝင်များ အခင်းဖြစ်ပွားရာသို့ရောက်ရှိလာချိန်တွင် အသက် ၇၂ နှစ်ရှိ အမျိုးသားတစ်ဦး၊ ၎င်း၏ သားနှင့်ချွေးမတို့အပြင် အသက် ၁၅ နှစ်ရှိမြေးမဖြစ်သူတို့ကို နေအိမ်အတွင်း၌ပင် သေဆုံးလျက်တွေ့ရှိရသည်။

"ဒီနေ့မနက်အစောပိုင်းမှာ အိမ်တစ်လုံး မီးလောင်တယ်ဆိုတဲ့ အကြောင်းကြားမှုရရှိတာနဲ့ မီးသတ်သမားတွေကို ချက်ချင်းစေလွှတ်ခဲ့ပေမယ့် မိသားစုဝင်လေးဦးစလုံး အသက်ဆုံးရှုံးခဲ့ရပါတယ်"ဟု ရဲအရာရှိတစ်ဦးကပြောသည်။

Ref: ST

# အမေရိကန်နှင့် ရုရှားကိုယ်စားလှယ်များ၏ ဆွေးနွေးမှုများ အပြုသဘောဆောင်ဟုဆို



မော်စကို၊ နိုင်ငံရေး

ယူကရိန်းပဋိပက္ခ အဆုံးသတ်နိုင်ရေးအတွက် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏အထူးကိုယ်စားလှယ် စတိဝစ်ကော့နှင့် ရုရှားနိုင်ငံမှအထူးကိုယ်စားလှယ် ကီရေး ဒီမီထရိတို့ကြား ဖလော်ရီဒါပြည်နယ်၌ ပြုလုပ်ခဲ့သောတွေ့ဆုံမှုများသည် အကျိုးရှိပြီး အပြုသဘောဆောင်ကြောင်း နှစ်ဖက်စလုံးက အတည်ပြုလိုက်သည်။

"ပြီးခဲ့တဲ့ နှစ်ရက်တာအတွင်းမှာ ရုရှားကိုယ်စားလှယ်အဖွဲ့နဲ့ အပြုသဘောဆောင်တဲ့ဆွေးနွေးမှုတွေ ပြုလုပ်နိုင်ခဲ့ပြီး သမ္မတထရမ့်ရဲ့ ယူကရိန်းငြိမ်းချမ်းရေးအစီအစဉ်ကို အကောင်အထည်ဖော်ဖို့ ခြေလှမ်းသစ်တွေ ချမှတ်နိုင်ခဲ့ပါတယ်"ဟု ဝစ်ကော့က ၎င်း၏လူမှုကွန်ရက် စာမျက်နှာတွင် ရေးထားသည်။ ရုရှားဘက်ကလည်း ယူကရိန်းတွင် ငြိမ်းချမ်းရေးရရှိရန်အပြည့်အဝ ကတိပြုထားကြောင်းနှင့် အမေရိကန်၏ကြိုးပမ်းမှုများကို အသိအမှတ်ပြုကြောင်း ဆိုသည်။

ယခုဆွေးနွေးပွဲသည် ယူကရိန်းအရေးအတွက် အမေရိကန်ကရေးဆွဲထားသော အချက် ၂၀ ပါ ငြိမ်းချမ်းရေးအစီအစဉ်ကို အခြေခံထားခြင်းဖြစ်သည်။ ဒီမီထရိကလည်း မိုင်ယာမီတွင်ပြုလုပ်သည့်ဆွေးနွေးမှုများမှာ ထိရောက်မှုရှိကြောင်း ပြောကာ လာမည့်သီတင်းပတ်များတွင် မော်စကိုမြို့၌ ဆက်လက်တွေ့ဆုံရန်ရှိကြောင်း အရိပ်အမြွက်ပြောထားသည်။

Ref: Xinhua

# မွန်ဂိုလီးယားနိုင်ငံ၏ နယ်မြေ ၈၀ ရာခိုင်နှုန်းခန့် ဆီးနှင်းများ ထူထပ်စွာဖုံးလွှမ်းနေ

အူလန်ဘာတာ၊ ရာသီဥတု

မွန်ဂိုလီးယားနိုင်ငံ နယ်မြေစုစုပေါင်း၏ ၈၀ ရာခိုင်နှုန်းခန့်တွင် ဆီးနှင်းများထူထပ်စွာဖုံးလွှမ်းနေပြီဖြစ်ကြောင်း မွန်ဂိုလီးယားအမျိုးသားမိုးလေဝသနှင့် ဇလဗေဒဌာနက ဒီဇင်ဘာလ ၂၂ ရက်တွင် ထုတ်ပြန်သည်။

ဒီဇင်ဘာလ ၂၀ ရက်အထိတိုင်းထွာချက်များအရ နိုင်ငံ၏နယ်မြေ ၇၉ ရာခိုင်နှုန်းကျော်တွင် အမြင့် ၂၀ စင်တီမီတာမှ စင်တီမီတာ ၁၀၀ ခန့်အထိ ထူထပ်သောဆီးနှင်းများ ဖုံးလွှမ်းနေခြင်းဖြစ်သည်။ ထိုအခြေအနေကြောင့်ယခုဆောင်းရာသီတွင်အလွန်အမင်း အေးခဲကာ တိရစ္ဆာန်များအစုလိုက်အပြုံလိုက် သေဆုံးစေနိုင်သည့် "ဇု"(Dzud)ဟု ခေါ်သော သဘာဝဘေးအန္တရာယ်နှင့်ရင်ဆိုင်ရနိုင်ခြေ ပိုမိုမြင့်တက်လာနေကြောင်း တာဝန်ရှိသူများကပြောသည်။

"ဇု"ဆိုသည်မှာ မြေပြင်များအေးခဲခြင်းသို့မဟုတ် ဆီးနှင်းများအလွန်အမင်းဖုံးလွှမ်းခြင်းကြောင့် စားကျက်မြေများပျောက်ကွယ်ကာ တိရစ္ဆာန်များ အစာပြတ်လပ်၍ သေဆုံးကြရသည့် ပြင်းထန်သော ဆောင်းရာသီကာလကို ခေါ်ဆိုခြင်းဖြစ်သည်။ အစိုးရအနေဖြင့် ဤဘေးအန္တရာယ်ကို ကျော်လွှားနိုင်ရန် ကူညီကယ်ဆယ်ရေး စီမံချက်များကို ကြိုတင်ပြင်ဆင်နေရသည်။ မွန်ဂိုလီးယားနိုင်ငံသည် ရှည်ကြာပြီး အေးခဲသော ဆောင်းရာသီရှိသည့်ရာသီဥတုကို နှစ်စဉ်ကြုံတွေ့ရသည့်နိုင်ငံဖြစ်ကြောင်းသိရသည်။

Ref: Xinhua



# လစဉ်အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေး

ပြည် ဒီဇင်ဘာ ၂၂

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပြည်မြို့ အထွေထွေရောဂါကု ဆေးရုံကြီးသို့ သွားရောက်၍ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် (၃၇) ကြိမ်မြောက် လစဉ်အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေးနေမှုအပေါ် ကြည့်ရှုအားပေးခဲ့သည်။



ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ပြည်မြို့ ခုတင်(၅၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးတွင်ကျန်းမာရေးစောင့်ရှောက်မှုလာရောက်ခံယူကြသည့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးဝန်ထမ်းများက စမ်းသပ်စစ်ဆေးကုသပေးနေမှု၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်ပရဟိတအဖွဲ့အစည်းများမှ ပူးပေါင်းပါဝင် ကူညီဆောင်ရွက်ပေးနေမှုအား လိုက်လံကြည့်ရှုခဲ့ပြီး လစဉ်အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား စဉ်ဆက်မပြတ်ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးနှင့် ဆေးဝါးလိုအပ်ချက်မရှိစေရေး ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာ လုပ်ငန်းနယ်ပယ်အသီးသီးတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အငြိမ်းစားယူပြီးနောက် ကျန်းမာပျော်ရွှင် အသက်ရှည်စွာနေထိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ဦးဆောင်စီစဉ်မှု လစဉ်တိုင်းဒေသကြီးအတွင်း မြို့နယ် ၂၈ မြို့နယ်ရှိ ပြည်သူ့ဆေးရုံကြီးများ၌ ကျန်းမာရေးစောင့်ရှောက်မှုစစ်ဆေးပေးခြင်း၊လူနာတစ်ဦးလျှင်အခမဲ့ဆေးဝါး ၁လစာ လစဉ်ထောက်ပံ့ပေးခြင်း၊ ကာကွယ်ဆေးထိုးပေးခြင်းအပြင် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား လစဉ်ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း (၃၇)ကြိမ်မြောက်အထိမ်းအမှတ်အဖြစ် ကျန်းမာရေးစောင့်ရှောက်မှု လာရောက်ခံယူကြသူများနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် တစ်ဦးလျှင် စားသုံးဆီ ၁ ပိဿာနှင့် သီးခြားချီးမြှင့်ငွေများ ပေးအပ်ခဲ့ကာ ကျောက်ကပ်သွေးသန့်စင်ဌာနသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

ဥဿာတိုင်းသား

# စစ်တွေမြို့နယ်အတွင်းရှိ အငြိမ်းစားဝန်ထမ်းများအား ပင်စင်လစာထုတ်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ဆန်နှင့်စားသောက်ဖွယ်ရာများပေးအပ်ခြင်းအခမ်းအနားကျင်းပ

စစ်တွေ ဒီဇင်ဘာ ၂၂

စစ်တွေမြို့နယ်အတွင်း အငြိမ်းစားဝန်ထမ်းများအား ပင်စင်လစာထုတ်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ဆန်နှင့်စားသောက်ဖွယ်ရာများချီးမြှင့်ပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ ခိုင်သဇင်ခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အငြိမ်းစားဝန်ထမ်းများအား မြန်မာ့စီးပွားရေးဘဏ်ဝန်ထမ်းများက ပင်စင်လစာ ထုတ်ပေးနိုင်ရန်အတွက် လိုအပ်သောစိစစ်မှုများဆောင်ရွက်ပြီး ပင်စင်လစာထုတ်ပေးနေမှု၊ တိုင်းရင်းဆေးပညာဦးစီးဌာနမှဝန်ထမ်းများ၊ စစ်တွေမြို့ ခုတင်(၅၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်၊ သူနာပြုများက ကျန်းမာရေးစောင့်ရှောက်ပေးနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးကြပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးကြသည်။

ထို့နောက်ပြည်နယ်ဝန်ကြီးချုပ်၊ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ပြည်နယ်ဝန်ကြီးများနှင့်တာဝန်ရှိသူများက အငြိမ်းစားဝန်ထမ်းများအား ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ပေးအပ်ချီးမြှင့်သည့် ဆန်နှင့်စားသောက်ဖွယ်ရာများ ပေးအပ်ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်သည် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပသော ကျောက်ဖြူမြို့နယ် မဒေးကျွန်းပေါ်ရှိကျောက်တန်း(၁)၊ကျောက်တန်း(၂) ရေလှောင်တမံတည်ဆောက်ရာတွင် ပါဝင်သွားသည့် လယ်ယာမြေများအတွက်နစ်နာကြေးပေးလျော်မည့်အစီအစဉ်နှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးသို့တက်ရောက်အမှာစကားပြောကြားသည်၊



ထို့နောက်အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးက ကျောက်တန်း(၁)၊ ကျောက်တန်း(၂) ရေလှောင်တမံတည်ဆောက်ခြင်းနှင့်စပ်လျဉ်း၍ မြေယာလျော်ကြေး၊ နစ်နာကြေးပေးလျော်မည့်အစီအစဉ်နှင့်လုံခြုံရေးဆိုင်ရာများကိုလည်းကောင်း၊ ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အတွင်းရေးမှူးက ကျောက်တန်း(၁)၊ ကျောက်တန်း(၂) ရေလှောင်တမံဧရိယာအတွင်းပါဝင်သည့် တောင်သူများအား မြေယာလျော်ကြေး၊ နစ်နာကြေးပေးလျော်ခြင်းဆိုင်ရာများကိုလည်းကောင်း၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးက ကျောက်တန်း(၁)၊ ကျောက်တန်း(၂) ရေလှောင်တမံစီမံကိန်းတည်ဆောက်မည့်အစီအစဉ်ကိုလည်းကောင်း ရှင်းလင်းဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က ပြန်လည်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

တင်ထွန်း (ပြန်/ဆက်)

ဓာတ်ပုံ- ဝင်းမင်းစိုး

# ပြည်သူတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးရေး တစ်တပ်တစ်အားအထောက်အကူပြုနိုင်သည့် လူငယ်အင်ဂျင်နီယာကောင်းများဖြစ်စေရေး အလေးထားကြိုးပမ်း

နေပြည်တော် ဒီဇင်ဘာ ၂၂

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ရှိ နည်းပညာတက္ကသိုလ်(မှော်ဘီ)သို့ ရောက်ရှိပြီး တက္ကသိုလ်ပရိဝုဏ်အတွင်းလှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးသည် အင်ဂျင်နီယာဘာသာရပ်များအလိုက် မောင်မယ်သစ်လွင်ကြိုဆိုပွဲများတွင် ဖျော်ဖြေနိုင်ရန်အတွက် အကများ လေ့ကျင့်လျက်ရှိကြသော ကျောင်းသား၊ ကျောင်းသူများကို ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးသည်။

ထို့နောက် ကျောင်းသားအဆောင်နှင့် ကျောင်းသူအဆောင်များသို့ သွားရောက်တွေ့ဆုံနှုတ်ဆက်ပြီး ဒုတိယဝန်ကြီးက အနာဂတ်နိုင်ငံ့တာဝန်ကို ပခုံးပြောင်းထမ်းဆောင်ကြမည့်သူများဖြစ်၍ ပြည်သူတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတစ်တပ်တစ်အား အထောက်အကူပြုနိုင်သည့် လူငယ်အင်ဂျင်နီယာကောင်းများဖြစ်စေရေးအလေးထားကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားကာ ကျောင်းသား၊ ကျောင်းသူများကို အားကစားပစ္စည်းများ၊ သုတ/ရသစာအုပ်များ ပေးအပ်သည်။



ယင်းနောက် အင်ဂျင်နီယာဌာနများအလိုက် လက်တွေ့ခန်းများ၊ အလုပ်ရုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားကာ ကျောင်းသားအဆောင်တည်ဆောက်ရေး လုပ်ငန်းခွင်၊ တက္ကသိုလ် Master Plan အတိုင်းဆောင်ရွက်ပြီးစီးမှု သန့်ရှင်းသာယာလှပရေးဆောင်ရွက်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြဝတီ

## ၂၂-၁၂-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၉၉၀,၀၀၀) ကျပ်**ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)**
**ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို ပျက်ပြားစေရန်ရည်ရွယ်၍ နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းပြုလုပ်သူများအား အရေးယူ

နေပြည်တော် ဒီဇင်ဘာ ၂၂

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပမှုကို ပျက်ပြားစေရန် ရည်ရွယ်၍ လူမှုကွန်ရက်စာမျက်နှာများ၊ အများပြည်သူဆိုင်ရာနေရာများ၌ ဟောပြောခြင်း၊ ပြောဆိုခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်း၊ ဆန္ဒပြခြင်း၊ စာရေးသားခြင်း၊ ရုပ်ပုံပိုစတာများချိတ်ဆွဲခြင်း စသည်တို့ဖြင့် နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းများ၊ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များအား ထိခိုက်ပျက်စီးအောင် နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းပြုလုပ်သူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားခြင်းမှ ကာကွယ်ပေးရေးဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာလ ၁၆ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့၊ အမှတ်(၈)ရပ်ကွက်နေ ဒေါ်မြင့်မြင့်မော်(ခ) မော်လေး (၄၇)နှစ်သည် ၎င်းအသုံးပြုသည့် Facebook အကောင့်ဖြင့် လူမှုကွန်ရက်စာမျက်နှာ၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား အများပြည်သူအထင်အမြင်လွဲမှားစေရန် ရေးသားထားသည့်စာသားများအား ပြန်လည်မျှဝေထားသည်ကို စိစစ်တွေ့ရှိရသဖြင့် မြင့်မြင့်မော်(ခ)မော်လေးအား ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် မအူပင်မြို့မရဲစခန်း(ပ)၂၃၇/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကိုနှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က)ဖြင့်လည်းကောင်း။

အလားတူ နိုဝင်ဘာလ ၂၇ ရက်နေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မြို့နယ်၊ ပင်ဖြစ်ကျေးရွာနေ ဒေါ်နှင်းနုနုလှိုင်သည် ၎င်းအသုံးပြုသည့် “Nu Hlaing” Facebook အကောင့်ဖြင့် လူမှုကွန်ရက်စာမျက်နှာ၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား အများပြည်သူအထင်အမြင်လွဲမှားစေရန် ရေးသားထားသည့်စာသားများအား ပြန်လည်မျှဝေထားသည်ကိုစိစစ်တွေ့ရှိရသဖြင့် နှင်းနုနုလှိုင်အား ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် ရပ်စောက်မြို့မရဲစခန်း (ပ)၁၁၃/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က)ဖြင့်လည်းကောင်း။

အလားတူ ဒီဇင်ဘာလ ၁ ရက်နေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ ချမ်းမြသာစည်ရပ်ကွက်နေ ဦးမြင့်ဝင်း (၅၀)နှစ်သည် ၎င်းအသုံးပြုသည့် “Ko Myint Win” Facebook အကောင့်ဖြင့် လူမှုကွန်ရက်စာမျက်နှာ၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား အများပြည်သူအထင်အမြင်လွဲမှားစေရန် ရေးသားထားသည့် စာသားများအား ရေးသားလွှင့်တင်ခြင်း၊ ပြန်လည်မျှဝေခြင်းများပြုလုပ်ထားသည်ကို စိစစ်တွေ့ရှိရသဖြင့် မြင့်ဝင်းအား ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် တောင်ကြီးနယ်မြေရဲစခန်း (ပ)၁၈၃/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က)ဖြင့်လည်းကောင်း။

အလားတူ ဒီဇင်ဘာလ ၄ ရက်နေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောမြို့နယ်၊ ဟဲဟိုးမြို့၊ အမှတ်(၃)ရပ်ကွက်နေ ဒေါ်သင်းသင်းဖြူ(၃၄)နှစ်သည် ၎င်းအသုံးပြုသည့် “Phyu” Facebook အကောင့်ဖြင့် လူမှုကွန်ရက်စာမျက်နှာ၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား အများပြည်သူအထင်အမြင်လွဲမှားစေရန် ရေးသားထားသည့် စာသားများအား ပြန်လည်မျှဝေထားသည်ကို စိစစ်တွေ့ရှိရသဖြင့် သင်းသင်းဖြူအား ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် ဟဲဟိုးနယ်မြေရဲစခန်း (ပ)၇၄/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က)ဖြင့်လည်းကောင်း။

အလားတူ ဒီဇင်ဘာလ ၅ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ ဆွာမြို့၊ အမှတ်(၅)ရပ်ကွက်နေ ဦးအောင်ဇော်မျိုးထက်(ခ) ဖိုးလပြည့်(ခ) ဖိုးထက်(၃၅)နှစ်သည် ၎င်းအသုံးပြုသည့် “Phoe Htet” Facebook အကောင့်ဖြင့် လူမှုကွန်ရက်စာမျက်နှာ၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား အများပြည်သူအထင်အမြင်လွဲမှားစေရန်ရေးသားထားသည့်စာသားများအား ထပ်ဆင့် ပြန်လည်မျှဝေထားကြောင်း စိစစ်တွေ့ရှိရသဖြင့် အောင်ဇော်မျိုးထက်(ခ) ဖိုးလပြည့်(ခ) ဖိုးထက်အား ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် ဆွာနယ်မြေရဲစခန်း (ပ)၅၇/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က)ဖြင့်လည်းကောင်း။

အလားတူ ဒီဇင်ဘာလ ၈ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ အောင်ဇေယျာရပ်ကွက်နေ မမေသူကျော် (၂၉)နှစ်သည် ၎င်းအသုံးပြုသည့် “May Thu Kyaw” Facebook အကောင့်ဖြင့် လူမှုကွန်ရက်စာမျက်နှာ၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား အများပြည်သူအထင်အမြင်လွဲမှားစေရန်ရေးသားထားသည့်စာသားများအား ပြန်လည်မျှဝေထားသည်ကို စိစစ်တွေ့ရှိရသဖြင့် မေသူကျော်အား ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် မုံရွာမြို့မရဲစခန်း (ပ)၂၁၉/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က)ဖြင့်လည်းကောင်း။

အလားတူ ဒီဇင်ဘာလ ၁၅ ရက်နေ့ ည ၇ နာရီ ၂၀ မိနစ်အချိန်တွင် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ ဘုရင့်နောင်လမ်း ကမ္ဘောဇဘဏ်ရှေ့၌ ပြည်သူ့ရှေ့ဆောင်ပါတီ(PPP)မှ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ရွေးကောက်ပွဲမဲဆွယ်စည်းရုံးရေးအဖြစ် စိုက်ထူထားသည့် ဗီနိုင်းဆိုင်းဘုတ်အား အမျိုးသားတစ်ဦးမှ ဆုတ်ဖြဲဖျက်ဆီးခဲ့ကြောင်း သိရှိရသဖြင့် စုံစမ်းဖော်ထုတ်ခဲ့ရာ အဆိုပါဆိုင်းဘုတ်အား ဆုတ်ဖြဲဖျက်ဆီးသွားသူ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ အမှတ်(၅)ရပ်ကွက်နေ ဝေလင်းနိုင်(ခ) ဝေလင်း(၂၅)နှစ်အား ဖော်ထုတ်ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းအား ပိတောက်ချောင်းနယ်မြေရဲစခန်း (ပ)၇၁/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က)ဖြင့်လည်းကောင်း။

အလားတူ ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့၊ ဝိန်းကျောက်ရပ်ကွက်နေ အောင်ကျော်ဟိန်း(၃၁)နှစ်သည် ၎င်းအသုံးပြုသည့် “Aung Kyaw Hein” Facebook အကောင့်ဖြင့် လူမှုကွန်ရက်စာမျက်နှာ၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား အများပြည်သူအထင်အမြင်လွဲမှားစေရန် ရေးသားထားသည့်စာသားများ ရေးသားဖြန့်ဝေခဲ့ကြောင်း စိစစ်တွေ့ရှိရသဖြင့် အောင်ကျော်ဟိန်းအား ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် ဟောင်လိတ်နယ်မြေ ရဲစခန်း (ပ)၂၁၅/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က)ဖြင့်လည်းကောင်း။

အလားတူ ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၄)နေ အာမတ်ခန့် (၅၀)နှစ်သည် ၎င်းအသုံးပြုသည့် “တစ်ချိန်က မေမြို့သားကြီး(အကောင့်ကျအာမတ်)” Facebook အကောင့်ဖြင့် လူမှုကွန်ရက်စာမျက်နှာ၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား အများပြည်သူအထင်အမြင်လွဲမှားစေရန်ရေးသားထားသည့် စာသားများ ရေးသားဖြန့်ဝေခဲ့ကြောင်း စိစစ်တွေ့ရှိရသဖြင့် အာမတ်ခန့်အား ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် ပြင်ဦးလွင်မြို့မရဲစခန်း(ပ)၆၂/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က)ဖြင့်လည်းကောင်း။

အလားတူ ဒီဇင်ဘာလ ၁၇ ရက်နေ့ မွန်းလွဲ ၁ နာရီ ၃၅ မိနစ်အချိန်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ ရပ်ကွက်(၆) အေးသာယာ-စက်မှုဇုန်သွားလမ်းနှင့် စစ်ကိုင်းလမ်းဆုံ၌ ပြည်ခိုင်ဖြိုးပါတီမှ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေးအဖြစ် စိုက်ထူထားသည့် ဗီနိုင်းဆိုင်းဘုတ်အား အမျိုးသားတစ်ဦးမှ ဖျက်ဆီးနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါဆိုင်းဘုတ်အား အေးသာယာမြို့၊ ရပ်ကွက်(၉)နေ သီဟစိုး(ခ) အလီ (၃၅)နှစ်မှ ဖျက်ဆီးနေသည်ကိုတွေ့ရှိရသဖြင့်ဖမ်းဆီးကာ ၎င်းအား ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် အေးသာယာနယ်မြေရဲစခန်း (ပ)၁၅၅/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က)ဖြင့်လည်းကောင်း။

အလားတူ ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် နေပြည်တော် ပြည်ထောင်စုနယ်မြေ၊ ပျဉ်းမနားမြို့၊ မင်္ဂလာရပ်ကွက်နေစည်သူမင်း (၄၁)နှစ်သည် ၎င်းအသုံးပြုသည့် “Si Thu Min” Facebook အကောင့်ဖြင့် လူမှုကွန်ရက်စာမျက်နှာ၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား အများပြည်သူအထင်အမြင်လွဲမှားစေရန်ရေးသားထားသည့်စာသားများ ရေးသားဖြန့်ဝေထားသည်ကို စိစစ်တွေ့ရှိရသဖြင့် စည်သူမင်းအား ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် ပျဉ်းမနားမြို့မရဲစခန်း(ပ)၂၈၈/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က)ဖြင့်လည်းကောင်း အသီးသီးအမှုဖွင့်ဖမ်းဆီးခဲ့ပြီး တရားခံများအား ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကိုနှောင့်ယှက်ဟန့်တားခြင်းမှ ကာကွယ်ပေးရေးဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

# ကလေးမြို့တွင် ငွေကျပ် ၃၂၆၄ ဒသမ ၂၅ သိန်းတန်ဖိုးရှိ မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

နေပြည်တော် ဒီဇင်ဘာ ၂၂

ကလေးမြို့တွင် ငွေကျပ် ၃၂၆၄ ဒသမ ၂၅ သိန်းတန်ဖိုးရှိမူးယစ်ဆေးဝါးများဖမ်းဆီးရမိခဲ့ကြောင်းမြန်မာနိုင်ငံရဲတပ်ဖွဲ့မှသိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာလ ၁၇ ရက် ညနေ ၄ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ကလေးမြို့၊ တာဟန်းရပ်ကွက်၊ နယ်မြေ(၁၆)ရှိ ဗန်လားရှိထန်းငါ(ခ)ထန်းသဲ(၂၈)နှစ်နှင့် မမန်းဟောက်ကိမ်(၃၁)နှစ်တို့၏နေအိမ်အား သတင်းအရ ဝင်ရောက်ရှာဖွေရာ မူးယစ်ဆေးဝါး TRAMADOL ဆေးတောင့် ၃၁၃၀၀၀ တောင့် (တစ်တောင့်လျှင် ငွေကျပ် ၇၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၂၁၉၁ သိန်း)၊



တရားခံဗန်လားရှိထန်းငါ(ခ)ထန်းသဲနှင့် မမန်းဟောက်ကိမ်တို့အား ဖမ်းဆီးရမိမူးယစ်ဆေးဝါးများနှင့်အတူတွေ့ရစဉ်။



တရားခံစိုင်းဆာအေး(ခ)ဒေါနအား ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့်အတူတွေ့ရစဉ်။

စိတ်ပြောင်းဆေးဝါး ALPRAZOLAM ဆေးပြား ၇၁၅၅၀၀ ပြား (တစ်ပြားလျှင် ငွေကျပ် ၁၅၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ် ၁၀၇၃ ဒသမ ၂၅ သိန်း)တို့နှင့်အတူ ဖမ်းဆီးရမိသဖြင့် ဗန်လားရှိထန်းငါ(ခ) ထန်းသဲနှင့်မမန်းဟောက်ကိမ်တို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ထို့အတူ ဒီဇင်ဘာလ ၂၀ ရက် ည ၉ နာရီတွင် မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ပြင်ဦးလွင်မြို့နယ်၊ အောင်ချမ်းသာကျေးရွာအုပ်စု၊ စည်ကားကျေးရွာနှင့် ဝါးဘိုးရေကျေးရွာ ရွာချင်းဆက်လမ်းတွင် လမ်းလျှောက်လာသူ စိုင်းဆာအေး (ခ)ဒေါန(၅၁)နှစ်၊ ဝါးဘိုးရေကျေးရွာ၊ ပြင်ဦးလွင်မြို့နယ်နေသူအား စစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၇၀၀ (တစ်ပြားလျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၂၃၄ သိန်း)ဖမ်းဆီးရမိသဖြင့် စိုင်းဆာအေး (ခ)ဒေါနအား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ မြဝတီ

# တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင် ရေယာဉ်များဖမ်းဆီးရမိ

နေပြည်တော် ဒီဇင်ဘာ ၂၂

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိသည်။

စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဒီဇင်ဘာလ ၁၁ ရက်နှင့် ၁၂ ရက်**တို့တွင် စစ်ကိုင်းမြို့နယ်၊ ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်နှင့် ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ် (၆)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၄၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန် ဥပဒေအရလည်းကောင်း၊ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားမဝင် ရွှေသတ္တုတူးဖော်ရာတွင် အသုံးပြုသည့် ပြဒါးပုလင်း (၅)ပုလင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀)ကို မြန်မာ့သတ္တုတွင်း ဥပဒေအရလည်းကောင်း၊ မုံရွာမြို့နယ်၊ မအူပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားမဝင် ကျွန်းသစ် (၂ ဒသမ ၄၈၇)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၇၀၅၉၀၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ စစ်ကိုင်းမြို့နယ်၊ ပတ္တမြားရပ်ကွက်၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၉၇၆၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၅၆၈၁၉၀၀)** ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီးတရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဒီဇင်ဘာလ ၁၁ ရက်နှင့် ၁၂ ရက်**တို့တွင် ဒိုက်ဦးမြို့နယ်နှင့် ဖြူးမြို့နယ်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် (၅ ဒသမ ၀၇၁) တန်၊ အခြားသစ် (၂ ဒသမ ၂၇၅) တန်၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၆၃၁၆၃၂)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်း




နေပြည်တော်ကောင်စီနယ်မြေ၌ ဖမ်းဆီးရမိမှု။




ရန်ကုန်တိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

အဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဒီဇင်ဘာလ ၁၂ ရက်**တွင် လှိုင်မြို့နယ်၊ ချောင်းဝဆိပ်ကမ်း၌ မြိတ်မြို့မှရန်ကုန်မြို့သို့ ဆိုက်ကပ်လာသည့် ရေယာဉ် (၂)စင်းပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၁၇)မျိုး၊ လူသုံးကုန်ပစ္စည်း (၆)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၃၃၂၅၉၈၄၉)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် လိုင်စင်ရှိရေယာဉ် (၂)စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၀၈၂၅၉၈၄၉)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

ဆက်လက်၍ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဒီဇင်ဘာလ ၁၂ ရက်**တွင် ရန်ကုန်မြို့၊ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာ(၁)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၀၆၇၂၀၀၀)ကိုလည်းကောင်း၊ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာ (၄)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁) မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၉၃၂၅၀၀၂၄)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ခရီးသည်(၂)ဦး၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၃)မျိုး၊ လျှပ်စစ်ပစ္စည်း (၃)မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၉၅၇၆၈၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၃၃၈၇၉၇၀၄)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ (၃၅)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၇၄၄၅၃၀၈၅)ကို ဖမ်းဆီးရမိခဲ့သည်။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဒီဇင်ဘာလ ၁၂ ရက်**တွင် စစ်ကိုင်းမြို့နယ်၊ ပတ္တမြားရပ်ကွက်၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၈၄၈၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ စစ်ကိုင်းမြို့နယ်၊ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားမဝင်ရွှေသတ္တုတူးဖော်ရာတွင်အသုံးပြုသည့်ဖလက်မမုံအိုး(၂)လုံးနှင့် ဆက်စပ်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀)ကို မြန်မာ့သတ္တုတွင်းဥပဒေအရလည်းကောင်း၊ **ဒီဇင်ဘာလ ၁၃ ရက်**တွင် စစ်ကိုင်းမြို့နယ်၊ ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့မော်တော်ယာဉ်(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၈၄၈၀၀၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ (၃)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၈၄၈၀၀၀)ကိုဖမ်းဆီးရမိခဲ့သည်။

ယင်းအပြင် နေပြည်တော်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဒီဇင်ဘာလ ၆ ရက်နှင့် ၇ ရက်**တို့တွင် ဒက္ခိဏသီရိမြို့နယ်အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ် (၃)စီး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဒီဇင်ဘာလ ၄ ရက်**တွင် ဘားအံမြို့နယ်၊ အမှတ်(၉) ရပ်ကွက်၊ အိမ်အမှတ်(၉/၉၀၃)အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၆)မျိုး၊ လျှပ်စစ်ပစ္စည်း (၅)မျိုး၊ လူသုံးကုန်ပစ္စည်း (၅)မျိုး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၃၅၂၈၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဒီဇင်ဘာလ ၁၃ ရက်နှင့် ၁၄ ရက်**တို့တွင် ကျိုက်ထိုမြို့နယ်၊ ကော့စံနိုင်ရပ်ကွက်၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၆)မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၆၅၇၈၀၀၀၀)ကိုလည်းကောင်း၊ သထုံမြို့နယ်၊ ဇရစ်ချောင်ကျေးရွာ၌ မော်တော်ယာဉ် (၆)စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၁၃၇)မျိုး၊ စားသောက်ကုန်ပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၁၄၄၀၂၀၀) ကိုလည်းကောင်း၊ သထုံမြို့နယ်၊ ဒုံသမိတံတားဂိတ်၌ မော်တော်ယာဉ်(၄) စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၁၄)မျိုး၊ စားသောက်ကုန်ပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၇၆၈၀၀၀)ကို လည်းကောင်း၊ ဘီးလင်းမြို့နယ်၊ ရွှေသံလွင်တိုးဂိတ်ဟောင်းအနီး၌ လိုင်စင်မဲ့မော်တော်ယာဉ် (၃)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၀၀၀၀၀၀) ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၉၁၉၈၈၂၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိပါသည်။

ဆက်လက်၍ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဒီဇင်ဘာလ ၁၂ ရက်နှင့် ၁၄ ရက်**တို့တွင် ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက် အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန် ပစ္စည်း(၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Townace (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည် ဆိုင်ရာလေဆိပ်၌ ခရီးသည် (၃)ဦး၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက် စာတမ်းအထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်း (၄၉)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၀၁၈၆၈၉၂)ကို လည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၅၉၆၈၆၈၉၂)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

၂၀၂၅ ခုနှစ်၊ **ဒီဇင်ဘာလ ၄ ရက်၊ ၆ ရက်၊ ၇ ရက်၊ ၁၂ ရက်၊ ၁၃ ရက်နှင့် ၁၄ ရက်**တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၂၃)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၁၄၂၀၃၀၉၂)**ကို ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေး ဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှု ကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့် ၎င်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှသိရသည်။ **မြဝတီ**

# အမျိုးသမီးများကို တရုတ်ယောက်ျားများထံ ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်နှစ် ၂၀ စီချမှတ်


နေပြည်တော် ဒီဇင်ဘာ ၂၂

အမျိုးသမီးများကို တရုတ်ယောက်ျားများထံ ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် နှစ် ၂၀ စီချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှသိရသည်။

ရှမ်းပြည်နယ်၊ ကျိုင်းတုံမြို့နေ ချမ်းမြေ့အောင်(ခ)ချမ်းပြည့်အောင်က လူမှုကွန်ရက်၊ Facebook စာမျက်နှာမှတစ်ဆင့် ရှမ်းပြည်နယ်၊ ဟိုပုံးမြို့နေ အမျိုးသမီးတစ်ဦးကို မိုင်းလားမြို့တွင် တရုတ်ဇနီးမယားပြုလုပ်ရမည်၊ တစ်နှစ်စာချုပ် ချုပ်ဆိုရမည်၊ တစ်လလျှင် ငွေကျပ်သိန်း ၂၀/၃၀ခန့်ရမည်ဟု စည်းရုံးပြောဆို၍ ရှမ်းပြည်နယ်၊ တာချီလိတ်မြို့နေ သုခစံအထွေထွေအကျိုးဆောင်လုပ်ငန်း ဖွင့်လှစ်ထားသည့် မအိသန္တာကျော်နှင့်သန်းထွဋ်တို့ထံ ပို့ဆောင်ပေးခဲ့သည်။

မအိသန္တာကျော်နှင့် သန်းထွဋ်တို့က ယင်းအမျိုးသမီးအပါအဝင် ၎င်းရုံးသို့ အလုပ်လာရောက်လျှောက်ထားသည့် အမျိုးသမီးလေးဦးတို့ကို မိုင်းလားမြို့တွင် တရုတ်ဇနီးမယားပြုလုပ်ပါက တစ်လလျှင် ယွမ် ၅၀၀၀ ရမည်၊ တစ်နှစ်စာချုပ်ချုပ်ဆိုရမည်ဟုပြောဆိုစည်းရုံးကာ ကာလသားရောဂါပိုး ရှိ/ မရှိ သွေးစစ်ဆေးပေးပြီး အလုခတ်ပုံများ ရိုက်ယူခဲ့ပြီးနောက် မိုင်းလားမြို့နေ ကိုအောင်ထံ ပို့ဆောင်ရောင်းစားရန် တာချီလိတ်မြို့မှ မိုင်းလားမြို့သို့ ခရီးသည်တင်မော်တော်ယာဉ်ဖြင့် ထွက်ခွာလာစဉ် ကျိုင်းတုံမြို့၊ နောင်နွန်းပူးပေါင်းစစ်ဆေးရေးစခန်းကို ကွင်းရှောင်သည့် ယန်းလူလမ်းခွဲ၌ ဖမ်းဆီးရမိသဖြင့် အမှတ်(၁၈) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(ကျိုင်းတုံ)မှ တရားလိုပြုလုပ်တိုင်တန်းခဲ့ရာ ကျိုင်းတုံမြို့မ ရဲစခန်း (ပ)၂၉/ ၂၀၂၅၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၈(က)/၄၄ ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့ပြီး ဒီဇင်ဘာလ ၁၈ ရက်တွင် ကျိုင်းတုံခရိုင်တရားရုံးမှ ဖမ်းမိတရားခံ အိသန္တာကျော်နှင့် သန်းထွဋ်တို့နှစ်ဦးကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၈(က)အရ အလုပ်နှင့်ထောင်ဒဏ်နှစ် ၂၀ စီကျခံစေရန်အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ ချမ်းမြေ့အောင် (ခ)ချမ်းပြည့်အောင်နှင့်ကိုအောင်တို့ နှစ်ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၇/၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း သိရသည်။ **မြဝတီ**

# မန်ယူအသင်းကို အနိုင်ရရှိပြီးနောက် အသင်းသမိုင်းတစ်လျှောက်ပြိုင်ပွဲစုံ ၁၀ ပွဲဆက် အနိုင်ရရှိသည့် မှတ်တမ်းကို အက်စ်တွန်ဗီလာအသင်းရရှိ



လန်ဒန် ဒီဇင်ဘာ ၂၂

ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၇)အဖြစ် ကစားသည့် အက်စ်တွန်ဗီလာအသင်းနှင့် မန်ယူအသင်းတို့ ပွဲစဉ်တွင် အက်စ်တွန်ဗီလာအသင်းက အိမ်ကွင်း၌ ၂ ဂိုး – ၁ ဂိုးဖြင့် အနိုင်ရရှိပြီးနောက် အသင်းသမိုင်းတစ်လျှောက် ပြိုင်ပွဲစုံ ၁၀ ပွဲဆက်အနိုင်ရရှိသည့် မှတ်တမ်းကိုရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် အက်စ်တွန်ဗီလာအသင်း၏ သွင်းဂိုးများကို ပွဲချိန် ၄၅ မိနစ်နှင့် ၅၇ မိနစ်တို့တွင် ရော်ဂျာကသွင်းယူပေးနိုင်ခဲ့ပြီး မန်ယူအသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၄၅ မိနစ်အပြီး အချိန်ပိုသုံးမိနစ်တွင် ကွန်ဟာက သွင်းယူပေးနိုင်ခဲ့ခြင်းဖြစ်သည်။

အက်စ်တွန်ဗီလာအသင်းသည် ယခုဘောလုံးရာသီအစပိုင်းက ငါးပွဲဆက်နိုင်ပွဲပျောက်ဆုံးကာ ရုန်းကန်ခဲ့ရသော်လည်း နောက်ပိုင်းပွဲစဉ်များတွင် ရလဒ်များ ဆက်တိုက်ပြန်လည်ကောင်းမွန်လာပြီး ပြီးခဲ့သည့် နိုဝင်ဘာလ ၂ ရက်က ကစားသည့် လီဗာပူးအသင်းနှင့်ပွဲစဉ်တွင် ၂ ဂိုး – ဂိုးမရှိဖြင့် ရှုံးနိမ့်ပြီးနောက်ပိုင်း ပြိုင်ပွဲစုံ ၁၀ ပွဲဆက် နိုင်ပွဲရယူနိုင်ခဲ့ကာ မှတ်တမ်းကောင်းတစ်ရပ်ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

အက်စ်တွန်ဗီလာအသင်းသည် နောက်ဆုံးကစားသည့် ပြိုင်ပွဲစုံ ၁၀ ပွဲဆက်တွင် ပရီးမီးယားလိဂ်ပြိုင်ပွဲ၌ ဘုန်းမောက်အသင်း၊ လိဒ်အသင်း၊ ဝုဗ်အသင်း၊ ဘရိုက်တန်အသင်း၊ အာဆင်နယ်အသင်း၊ ဝက်စ်ဟမ်းအသင်းနှင့် မန်ယူအသင်းတို့ကိုအနိုင်ရရှိခဲ့ပြီး ယူရိုပါလိဂ်ပြိုင်ပွဲတွင် မက္ကာဘီတဲအဗစ်အသင်း၊ ယန်းဘွိုင်းအသင်းနှင့် ဘေဆယ်အသင်းတို့ကို အနိုင်ရရှိကာ ပြိုင်ပွဲစုံ ၁၀ ပွဲဆက် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အက်စ်တွန်ဗီလာအသင်းသည် မန်ယူအသင်းကို အနိုင်ရရှိပြီးနောက် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ရမှတ် ၃၆ မှတ်ဖြင့် အဆင့်(၃)နေရာ၌ ရပ်တည်နေပြီး အဆင့်(၁)မှ အာဆင်နယ်အသင်း၊ အဆင့်(၂) မှ မန်စီးတီးအသင်းတို့ကို ဆက်လက်ဖိအားပေးလျက်ရှိသည်။

မန်ယူအသင်းသည် အက်စ်တွန်ဗီလာအသင်းကို ရှုံးနိမ့်သည့်အတွက် နောက်ဆုံးကစားသည့်ပြိုင်ပွဲစုံ ခြောက်ပွဲဆက်မရှုံးနိမ့်သည့် မှတ်တမ်းရပ်တန့်ခဲ့ရသည့်အပြင် အဝေးကွင်းငါးပွဲဆက်မရှုံးနိမ့်သည့် မှတ်တမ်းလည်း ရပ်တန့်ခဲ့ရကြောင်း သိရသည်။

*Ref;Fotmob*

# ဒမ်ဖရိုင်းကို ပရီးမီးယားလိဂ်ကလပ်အသင်းများက အပြိုင်ခေါ်ယူရန်ကြိုးပမ်းနေ

မီလန် ဒီဇင်ဘာ ၂၂

အင်တာမီလန်အသင်းနှင့် ခြေစွမ်းပြလျက်ရှိသည့် တောင်ပံကစားသမား ဒမ်ဖရိုင်းကို ပရီးမီးယားလိဂ်ကလပ်အသင်းများက လာမည့်ဇန်နဝါရီလ ကစားသမားအပြောင်းအရွှေ့ကာလတွင် ခေါ်ယူရန် ကြိုးပမ်းနေကြောင်း သိရသည်။

ဒမ်ဖရိုင်းကို ပြီးခဲ့သည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက ပရီးမီးယားလိဂ်ကလပ်အသင်းများက အပြိုင်ခေါ်ယူရန် ကြိုးပမ်းခဲ့ကြသော်လည်း မအောင်မြင်သည့်အတွက် လာမည့်ဇန်နဝါရီလ ကစားသမားအပြောင်းအရွှေ့ကာလတွင် ခေါ်ယူရန် ထပ်မံကြိုးပမ်းနေခြင်းဖြစ်သည်။

လက်ရှိတွင် ဒမ်ဖရိုင်းကို ပရီးမီးယားလိဂ်ကလပ်အသင်းများဖြစ်သည့် နယူးကာဆယ်အသင်း၊ အက်စ်တွန်ဗီလာအသင်းနှင့်အတူ မန်ယူအသင်းတို့က အပြိုင်ခေါ်ယူရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

ဒမ်ဖရိုင်းနှင့် အင်တာမီလန်အသင်းတို့စာချုပ်သက်တမ်းမှာ ယခုဘောလုံးရာသီအကုန်တွင် ကုန်ဆုံးမည်ဖြစ်သည့်အတွက် အင်တာမီလန်အသင်းကလည်း အလွတ်ပြောင်းရွှေ့ကြေးဖြင့် လက်မလွှတ်လိုသောကြောင့် လာမည့်ဇန်နဝါရီလကစားသမားအပြောင်းအရွှေ့ကာလတွင် သင့်တင့်သည့်ပြောင်းရွှေ့ကြေးရရှိပါက ရောင်းချဖွယ်ရှိနေကြောင်း သိရသည်။

*Ref;Fabrizio Romano*

# လာမည့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဘရာဇီးအသင်းအတွက် ပါဝင်ကစားပေးလိုကြောင်း တိုက်စစ်ကစားသမားနေမာပြောကြား



ရီယိုဒီဂျနေးရိုး ဒီဇင်ဘာ ၂၂

ဆန်းတို့စ်အသင်းနှင့်လမ်းခွဲပြီးနောက် ကလပ်အသင်းလက်မဲ့ဖြစ်နေသည့် တိုက်စစ်ကစားသမားနေမာက လာမည့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဘရာဇီးအသင်းအတွက် ပါဝင်ကစားပေးလိုကြောင်း ပြောကြားသည်။

နေမာသည် ပြီးခဲ့သည့်ဩဂုတ်လက ဆော်ဒီကလပ် အယ်ဟီလီအသင်းနှင့် စာချုပ်ဖျက်သိမ်းကာ လမ်းခွဲပြီးနောက် ပရော်ဖက်ရှင်နယ်ကစားသမားဘဝစတင်ခဲ့သည့် ဆန်းတို့စ်အသင်းသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။

နေမာသည် ဆန်းတို့စ်အသင်း၌ အစပိုင်းက ဒဏ်ရာပြဿနာများနှင့် ရုန်းကန်ခဲ့ရသော်လည်း နောက်ပိုင်းပွဲစဉ်များတွင် အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြနိုင်ကာ သွင်းဂိုးများ သွင်းယူနိုင်ပြီး ဆန်းတို့စ်အသင်းကို တန်းဆင်းဇုန်မှ လွတ်မြောက်အောင် ကူညီပေးနိုင်ခဲ့သူဖြစ်သည်။

ဆန်းတို့စ်အသင်းနှင့် နေမာတို့စာချုပ်သက်တမ်းမှာ ဘရာဇီးလိဂ်ပြိုင်ပွဲပြီးဆုံးပြီးနောက် စာချုပ်သက်တမ်းကုန်ဆုံးခဲ့သည့်အတွက် လက်ရှိတွင် ကလပ်အသင်းလက်မဲ့ဖြစ်နေပြီး နေမာအနေဖြင့် ကလပ်အသင်းသစ် ရှာဖွေနေခြင်းဖြစ်သည်။

နေမာက ၂၀၂၅ ခုနှစ်အတွင်း ဒဏ်ရာပြဿနာများနှင့်သာရုန်းကန်နေရပြီး ဘရာဇီးအသင်းအတွက် တစ်ပွဲမျှ ပါဝင်ကစားနိုင်ခြင်းမရှိသေးဘဲ ယခုအခါတွင် ဒဏ်ရာရရှိနေကာ ခွဲစိတ်ကုသမှုလုပ်ဆောင်ရမည်ဖြစ်၍ ကြံ့ခိုင်မှုပြည့်ဝရန်စောင့်ဆိုင်းရမည်ဖြစ်သောကြောင့် ဘရာဇီးအသင်း၌ ပါဝင်ကစားခွင့်ရရှိရန် အခွင့်အရေးနည်းပါးနေကြောင်း သိရသည်။

*Ref;Fabrizio Romano*

# လီဗာပူးအသင်းက ယခုဘောလုံးရာသီအကုန်တွင် အီဆက်နှင့် ဖလိုရီယန်ဝက်ဇ်တို့ကို ပြန်လည်ရောင်းချရန်ပြင်ဆင်

လန်ဒန် ဒီဇင်ဘာ ၂၂

လီဗာပူးအသင်းက ယခုဘောလုံးရာသီအကုန် လာမည့်နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် ကွင်းလယ်ကစားသမား ဖလိုရီယန်ဝက်ဇ်နှင့် တိုက်စစ်ကစားသမား အီဆက်တို့ကို ပြန်လည်ရောင်းချရန် ပြင်ဆင်နေကြောင်း သိရသည်။

လီဗာပူးအသင်းသည် ပြီးခဲ့သည့်နွေရာသီကစားသမားများအပြောင်းအရွှေ့ကာလက အီဆက်ကို နယူးကာဆယ်အသင်းထံမှလည်းကောင်း၊ ဖလိုရီယန်ဝက်ဇ်ကို လေဗာကူဆင်အသင်းထံမှလည်းကောင်း မြင့်မားသည့်ပြောင်းရွှေ့ကြေးများဖြစ်သော စတာလင်ပေါင် သန်း ၁၀၀ ကျော်စီ အသုံးပြုပြီး ခေါ်ယူထားခြင်းဖြစ်သည်။

အီဆက်သည် ပြီးခဲ့သည့်ဘောလုံးရာသီက နယူးကာဆယ်အသင်းနှင့်အတူ ၂၇ ဂိုး သွင်းယူနိုင်ခဲ့ကာ ခြောက်ကြိမ်ဂိုးဖန်တီးမှုလုပ်နိုင်သည်အထိ အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့သော်လည်း လီဗာပူးအသင်းတွင် သွင်းဂိုးများရယူနိုင်ရန်ရုန်းကန်နေရပြီး ၁၆ ပွဲ ကစားပြီးချိန်တွင် သုံးဂိုးသာသွင်းယူနိုင်ခဲ့ကာ ဂိုးဖန်တီးမှု တစ်ကြိမ်သာပြုလုပ်နိုင်သည်အထိ ရုန်းကန်နေရသကဲ့သို့ စပါးအသင်းနှင့်ပွဲစဉ်တွင်လည်း ပြင်းထန်သည့်ဒူးဒဏ်ရာကြောင့် အနားယူရမည့်အခြေအနေနှင့် ရင်ဆိုင်နေရခြင်းဖြစ်သည်။

အလားတူ ဖလိုရီယန်ဝက်ဇ်သည်လည်း ပြီးခဲ့သည့်ဘောလုံးရာသီက လေဗာကူဆင်အသင်းနှင့်အတူ ၁၆ ဂိုးသွင်းယူနိုင်ခဲ့ကာ ဂိုးဖန်တီးမှု ၁၄ ကြိမ် ပြုလုပ်နိုင်သည်အထိ အကောင်းဆုံးခြေစွမ်းပြနိုင်သော်လည်း လီဗာပူးအသင်းသို့ ပြောင်းရွှေ့ကစားပြီးနောက် ခြေစွမ်းပြနိုင်ရန်ရုန်းကန်နေရကာ ၁၁ ပွဲကစားပြီးချိန်တွင် တစ်ဂိုးမျှသွင်းယူနိုင်ခြင်းမရှိသေးဘဲ ဂိုးဖန်တီးမှုလေးကြိမ်သာ ပြုလုပ်နိုင်၍ ခြေစွမ်းပိုင်းများကျဆင်းနေသည့်အတွက် လီဗာပူးအသင်းက လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် ပြန်လည်ရောင်းချဖွယ်ရှိနေကြောင်း သိရသည်။

*Ref;One Football*

ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ KK Park အပိုင်း (၃) နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများအား ဖျက်ဆီးမှု




○ **ကျောဖုံးမှအဆက်**

အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင်အသုံးပြုခဲ့သည့်အပိုင်း(၃) နယ်မြေအတွင်းရှိ တရားမဝင် ၄ ထပ် အဆောက်အအုံ ၃ လုံးကို ထပ်မံဖြိုချ ဖျက်ဆီးခဲ့သဖြင့် KK Park နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံစုစုပေါင်း ၆၃၅ လုံး အနက် ၄၈၈ လုံးကို စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရှိရသည်။ အဆိုပါ KK Park နယ်မြေအတွင်းရှိ အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးခြင်းများဆောင်ရွက်ပြီးစီးခဲ့သည့် တရားမဝင် အဆောက်အအုံများကို အလုံးစုံပျက်စီးစေရန်အတွက် လေအိုးမီးအိုးဖြင့် ထပ်မံ ဖျက်ဆီးခြင်းများကိုလည်း ဒီဇင်ဘာလ ၁၄ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယနေ့အထိ ၂ ထပ် အဆောက်အအုံ ၃၆ လုံးကို ရာခိုင်နှုန်းပြည့်ဖျက်ဆီးပြီးဖြစ်ကြောင်း သိရှိရသည်။

ထို့ပြင် ကရင်ပြည်နယ်၊ မြဝတီမြို့နှင့် ပတ်ဝန်းကျင်ဒေသတစ်ဝိုက်ရှိ အဆောက်အအုံများ၌ တရားမဝင်ပြည်ပနိုင်ငံသားများ ဝင်ရောက်နေထိုင်ခြင်းနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများကျူးလွန်ခြင်း မရှိစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဒီဇင်ဘာလ ၈ ရက်မှစတင်၍ ရှာဖွေရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင်လည်းအဆောက်အအုံ ၁၉ လုံးကို ထပ်မံရှာဖွေစစ်ဆေးနိုင်ခဲ့ကြောင်း၊ ထိုသို့ရှာဖွေစစ်ဆေးပြီးစီးသည့်အဆောက်အအုံ ၄၆၄ လုံးအနက် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင်အသုံးပြုခဲ့သည့်အဆောက်အအုံ ၁၂ လုံးကို စစ်ဆေးဖော်ထုတ်နိုင်ခဲ့ပြီး အဆိုပါအဆောက်အအုံများအား ပြန်လည်အသုံးပြုမှုမရှိစေရေးအတွက် ချိပ်ပိတ်သိမ်းဆည်းခြင်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် အဆိုပါတရားမဝင် အဆောက်အအုံအားလုံးကို ချိပ်ပိတ်သိမ်းဆည်းခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။






KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အသုံးအဆောင်ပစ္စည်းများအား မီးရှို့ဖျက်ဆီးနေမှုကို တွေ့ရစဉ်။



မြဝတီမြို့နယ်၊ ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင်အသုံးပြုခဲ့သည့်အသုံးအဆောင်ပစ္စည်းများအား မီးရှို့ဖျက်ဆီးနေမှုကို တွေ့ရစဉ်။



မြဝတီမြို့အတွင်း အွန်လိုင်းလိမ်လည်မှုလုပ်ငန်းတွင် အသုံးပြုခဲ့သောအဆောက်အအုံများ ချိပ်ပိတ်သိမ်းဆည်းနေမှုကို တွေ့ရစဉ်။



မြဝတီမြို့အတွင်း တရားမဝင်နိုင်ငံခြားသားများ ခိုအောင်းနေထိုင်နိုင်ခြင်းမရှိစေရေး စစ်ဆေးရှင်းလင်းနေမှုကို တွေ့ရစဉ်။

၎င်းအပြင် KK park နှင့် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့်ပစ္စည်းများအား ထပ်မံအသုံးပြုမှုမရှိစေရေးအတွက် ယနေ့တွင်လည်းစနစ်တကျ မီးရှို့ဖျက်ဆီးခဲ့ကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)






# ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေးအမျိုးသမီးသင်တန်းသူများအလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားအိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် ၂၃-၃-၂၀၂၆ ရက်နေ့တွင် အသက် ၁၇ နှစ်အောက်မငယ်ရ၊ ၂၀ နှစ်ထက်မကြီးရ။

(ဂ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။

(ဃ) အမြင်အာရုံကြီးမားစွာချို့ယွင်းသူမဖြစ်စေရ။

(င) အနည်းဆုံး အရပ်(၅)ပေ(၂)လက်မ၊ ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။
(အထက်ပါအတိုင်း ကိုယ်အလေးချိန်သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့်စဉ်းစားပါမည်။)

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ(Myawady Webportal(www.myawady.net.mm/Sgt(female))တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၂၃-၁၂-၂၀၂၅ ရက်နေ့မှ ၈-၂-၂၀၂၆ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှတင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံ။

(င) အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)(မိတ္တူ)။

(စ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ သတ်မှတ်ချက်များနှင့်ပြည့်စုံသူများအား စစ်ရေးချုပ်ရုံး၊ စိစစ်ရွေးချယ်ရေးဘုတ်အဖွဲ့မှ ပဏာမရွေးချယ်ပါမည်။ ပဏာမရွေးချယ်ခံရသူများအား တိုင်းစစ်ဌာနချုပ်အစီအစဉ်ဖြင့် လေ့ကျင့်ပေးမည့်သင်တန်းကျောင်းသို့ ပို့ဆောင်ပေးမည်။ ၎င်းတွင် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ အခြေခံရုံးလုပ်ငန်းစည်းမျဉ်း၊ ကွန်ပျူတာနှင့် အင်္ဂလိပ်စာဘာသာရပ်တို့ကို ၂ နှစ်ကြာ သင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip,C.S(Diploma in Computer Studies)ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလ ၂ နှစ်အတွင်း ခြေလျင်တပ်သားသစ် သင်တန်းကာလတွင် သတ်မှတ်ထားသောတပ်သားသစ်လစာ(၁၄၄၀၀၀)ကျပ်ကိုလည်းကောင်း၊ ခြေလျင်တပ်သားသစ်သင်တန်းပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည်အထိ တပ်သားအခြေခံလစာ(၁၅၀၀၀၀)ကျပ်ကိုလည်းကောင်းရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(တတိယတန်း) အခြေခံလစာ(၂၀၄၀၀၀)ကျပ်၊ အရည်အချင်းလစာ(၄၀၀၀)ကျပ်နှင့် စရိတ်များခံစားခွင့်ရရှိမည်။

၆။ လုပ်သက် ၂ နှစ်ပြည့်သည့်အခါ အဆင့်/အတန်း တိုးမြှင့်ရေးအတွက် ဝင်ရောက်ဖြေဆိုခွင့်ရှိ၍ အောင်မြင်ပါက အောက်ပါအတိုင်း အဆင့်/အတန်းများ တိုးမြှင့်ရရှိနိုင်ပြီး ယှဉ်တွဲဖော်ပြပါလစာများခံစားခွင့်ရှိမည်-

| | အဆင့်အတန်း | အခြေခံ လစာ | အရည်အချင်း လစာ | ပေါင်း |
|---|---|---|---|---|
| (က) | တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(ဒုတိယတန်း) | ၂၀၄၀၀၀ | ၆၀၀၀ | ၂၁၀၀၀၀ |
| (ခ) | တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(ပထမတန်း) | ၂၀၄၀၀၀ | ၈၀၀၀ | ၂၁၂၀၀၀ |
| (ဂ) | ဒုတိယအရာခံဗိုလ်(စာရေး/ကွန်ပျူတာ) | ၂၄၀၀၀၀ | ၈၀၀၀ | ၂၄၈၀၀၀ |
| (ဃ) | အရာခံဗိုလ်(စာရေး/ကွန်ပျူတာ) | ၂၅၈၀၀၀ | ၈၀၀၀ | ၂၆၆၀၀၀ |

**မှတ်ချက်။** နှစ်တိုးလစာကို ၂ နှစ်လျှင် (၂၀၀၀)ကျပ်နှုန်းဖြင့် (၁၀၀၀၀)ကျပ်အထိ ခံစားခွင့်ရှိသည်။

၇။ တာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေး**အတွက် ဆက်လက်ဖြေဆိုနိုင်သည်။

၈။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် သတ်မှတ်ချက်များနှင့်အကျုံးဝင်သည့်အချိန်တွင် ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်းအတွက် စစ်ရာထူးခန့်ချုပ်ရုံးမှ လျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

**မှတ်ချက်။** အသေးစိတ်သိလိုပါက နီးစပ်ရာ တပ်/ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။

သိပ္ပံနှင့် လူမှုရေး၊ ပညာရေး၊ နိုင်ငံတကာဗဟုသုတ ကဏ္ဍစုံလင်စွာဖြင့်
စာဖတ်ပရိသတ်များ၏လိုအင်များကို အမြဲဖြည့်ဆည်းပေးလျက်ရှိသော



**တေဇ** ရုပ်စုံ

- မိမိရင်သွေးငယ်များအတွက် ပုံပြင်ဗဟုသုတကဏ္ဍ၊ ဝတ္ထုတိုကဏ္ဍ၊ နိုင်ငံတကာသိမှတ်ဖွယ်ရာအဖြာဖြာကဏ္ဍ၊ တေဇသုတအဖြာဖြာတို့ကို စုံလင်စွာဖော်ပြထားသည့်စာစောင်
- အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ဖော်ပြထားသည့် ကာတွန်းကဏ္ဍ၊ ကလေးများ အသိဉာဏ်ပညာမြင့်မားစေရေးအတွက် ဉာဏ်စမ်းကဏ္ဍများပါရှိသည့်စာစောင်
- ရင်သွေးငယ်လေးများ မြန်မာစကားပုံများကို လေ့လာသိရှိစေရန် အတွက် မြန်မာ့ဥပစာစကားများကို ပုံနှင့်တကွ ဖော်ပြထားသည့် စာစောင်
- ရင်သွေးငယ်လေးများ မြန်မာစာအရေးအသား မြင့်မားတိုးတက်လာစေမည့် စာစီစာကုံးပြိုင်ပွဲပါရှိသည့်စာစောင်
- ကာတွန်းသရုပ်ဖော်ပန်းချီနှင့်အတူ တေဇကလေးတို့အတွက် ဇန်နဝါရီလ ထုတ် တေဇရုပ်စုံစာစောင်ထွက်ရှိလို့လာပါပြီ။

ဆက်သွယ်ရန် - ဖုန်း ၀၉ ၄၀၃၂၅၈၄၅၁ (စာတည်းဌာန)
၀၉ ၃၂၄၉၈၇၂၄ (ဖြန့်ချိရေး)

၃၀၀ ကျပ်

မြဝတီစာပေတိုက်က ထုတ်ဝေသည်။

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါလုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမည် |
|---|---|---|
| ၁ | ၃၃၀/မမ/S&T | ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်း ပျဉ်းမနားဘူတာ(Lot-2)၊ သာစည်ဘူတာနှင့် မန္တလေးဘူတာတို့တွင် အချက်ပြစနစ်ပြုပြင်မွမ်းမံခြင်းလုပ်ငန်း |

တင်ဒါပိတ်မည့်နေ့/အချိန် - (၅-၁-၂၀၂၆)နေ့လယ် (၂:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၂၂-၁၂-၂၀၂၅)ရက်နေ့မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

**ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း 294352, 291994**

### တစ်ဦးတည်းဖြစ်ပါကြောင်း

နောင်ချိုမြို့နယ်၊ အ.လ.က ကျောက်ကြမ်းမှ အဘ ဦးမျိုးမောင်၏သမီး ဒေါ်ခင်မျိုးကြိုင်နှင့် ဒေါ်ခင်မြိုးကြိုင် ၅/ပလဘ(နိုင်)၀၀၃၁၇၇ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဒေါ်ခင်မျိုးကြိုင်(ခ)ဒေါ်ခင်မြိုးကြိုင်

### ပျောက်ဆုံးကြောင်း

ရှိန်းဝင်းကျော်(ဘ)ဦးသန်းစိုး ၇/ကဝန(နိုင်) ၁၅၀၃၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### မတည်ရင်းနှီးငွေလျှော့ချခြင်း

အထက်ပါအကြောင်းအရာပါကိစ္စနှင့် ပတ်သက်၍ ကျွန်တော်များ WAI WAI LINCOMPANY LIMITED အစုရှယ်ယာရှင်များ၏(၂၂-၁၂-၂၀၂၅)ရက်နေ့တွင် ပြုလုပ်ခဲ့သည့် အစုရှယ်ယာရှင်များ အစည်းအဝေးဆွေးနွေးဆုံးဖြတ်ချက်အရ ကုမ္ပဏီ၏မတည်ငွေအားကျပ်သိန်း(၆၀၀)တိတိမှ ကျပ်သိန်း(၁၀၀)တိတိသို့ ပြင်ဆင်လျှော့ချလိုက်ကြောင်း ကြော်ငြာအပ်ပါသည်။

WAI WAI LIN COMPANY LIMITED
09-259300421

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၄)ရပ်ကွက်၊ ရွှေစင်(၁)လမ်း၊ အမှတ်(၂၂၆)၊ အကျယ်အဝန်း(အလျား ၁၇ ပေ x အနံ ၅၄ ပေ)ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ(၆)ထပ်တိုက်၏ တတိယထပ်(၄)လွှာတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အား အမည်ပေါက်ကန်ထရိုက်တာ River King Ayeyar Construction Co.,Ltd. ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်ရဲနိုင်(၁၀/မလမ(နိုင်)၂၁၉၀၄၇)မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**
**ဒေါ်ဆုမွန်ဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၇၂)**
**အမှတ်-၁၀၅၊ ၃ လွှာ၊ ဗညားဒလလမ်း၊ သပြေကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၀၅၅၉၁၀**

### တစ်ဦးတည်းဖြစ်ပါကြောင်း

မူဆယ်မြို့၊ အ.ထ.က(၁)မှ အဘ ဦးစောတိတု၏သမီး ဒေါ်ဂျူလီယာ(ခ) ဒေါ်နန်းဂျူလီယာ ၁၃/မဆတ(နိုင်)၀၀၀၆၅၉ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဒေါ်ဂျူလီယာ(ခ)ဒေါ်နန်းဂျူလီယာ

### ပျောက်ဆုံးကြောင်း

ဉာဏ်ဝင်း(ဘ)ဦးကြည်ဝင်း ၇/အဖန(နိုင်) ၀၈၅၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 380061)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၀၀၄၂၀၈၅

### အစုရှယ်ယာလျှော့ချခြင်း

၁။ အထက်အကြောင်းအရာပါကိစ္စနှင့် ပတ်သက်၍ကျွန်တော်များ "REAL BUSINESS GROUP COMPANY LIMITED" ဒါရိုက်တာအဖွဲ့၏ အစုရှယ်ယာရှင်များအစည်းအဝေးဆွေးနွေးဆုံးဖြတ်ချက်အရ မတည်ငွေအားသိန်း 400,000,000/- (ကျပ်သိန်းလေးထောင်တိတိ)မှ ကျပ်သိန်း 30,000, 000/-(ကျပ်သိန်းသုံးရာ)တိတိသို့ လျှော့ချသွားရန် ဒါရိုက်တာအဖွဲ့ဝင်အားလုံးမှ သဘောတူဆုံးဖြတ်ခဲ့ကြပါသည်။

REAL BUSINESS GROUP COMPANY LIMITED

### ပျောက်ဆုံးကြောင်း

ဇော်မင်းလှ(ဘ)ဦးမာမက်အီစမိုင် ၁၂/မဂတ(နိုင်)၀၇၅၁၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၅၅၆၉၇၇၁

### ပျောက်ဆုံးကြောင်း

နန်းခမ်းလောင်(ဘ)ဦးစိုင်းလှမောင် ၁၃/တကန(နိုင်)၂၉၁၇၅၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 947147)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၆၇၅၃၈၃၈၃

### ပျောက်ဆုံးကြောင်း

ဆုဇာခြည်ခိုင်(ဘ)ဦးကျော်နိုင် ၁၂/ကမတ(နိုင်)၁၀၀၇၄၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း

နော်ခူရှီး(ဘ)ဦးခရစ်စောစတန် ၁၂/တမန(နိုင်)၁၀၀၈၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 507350)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း

သီရိဝေဝေ(ဘ)ဦးတင်ငွေ ၉/ပမန(နိုင်) ၁၅၉၅၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၅၄၉၇၃၁၁

### ပျောက်ဆုံးကြောင်း

ကျော်စိန်(ဘ)ဦးသန်းစိန် ၁၂/သကတ(နိုင်)၁၁၆၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း

နန်းပပဆမ်(ဘ)ဦးမောင်မောင်နိုင်၁/မကတ(နိုင်)၁၃၂၂၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 758288)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း

ကောင်းထက်ကျော်(ဘ)ဦးမြင့်သိန်း ၁၄/ကလန(နိုင်)၂၀၅၀၃၉ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း

ဇင်မာဝင်း(ဘ)ဦးဝင်းကို ၈/တတက(နိုင်) ၁၈၉၄၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း

မောင်ငယ်(ဘ)ဦးမွတ်တား ၇/ပခန(ပြု) ၀၀၁၈၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း

သန်းနိုင်စိုး(ဘ)ဦးသန်းညွန့် ၉/မကန(နိုင်) ၁၅၃၄၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း

ခန့်ဇော်(ဘ)ဦးမျိုးနိုင် ၁၄/အမန(နိုင်) ၁၅၈၆၁၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၂၃၀၀၈၄၇

### ပျောက်ဆုံးကြောင်း

နေလင်းဖြိုး(ဘ)ဦးစောမောင် ၁၂/တကန(နိုင်)၁၇၉၀၂၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၁၅၉၂၅၁၆

### ပျောက်ဆုံးကြောင်း

သဉ္ဇာလှိုင်(ဘ)ဦးကြည်ထွန်း ၁၄/ဟသန(နိုင်)၃၈၀၆၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 361565)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၆၇၄၃၇၉၉၆

### ပျောက်ဆုံးကြောင်း

ဒေဝီမြင့်(ဘ)ဦးကြည်ထွန်း ၁၄/ဓနဖ(နိုင်) ၁၈၆၀၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 612473)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၆၇၄၃၇၉၉၆

## PONNAWADY MYAYADANAR COMPANY LIMITED
### မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ(၁၄၇)
### အစုရှယ်ယာရှင်များဆန္ဒအလျောက်
### ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းရန်ကြေညာခြင်း

၁။ "PONNAWADY MYAYADANAR COMPANY LIMITED."ကို အစုရှင်များဆန္ဒအလျောက် ဖျက်သိမ်းရန်(၂၂-၁၂-၂၀၂၅)နေ့က ကုမ္ပဏီရုံးခန်းတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအရပ်ရပ်အစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ၎င်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် တိုက်အမှတ်(၂၉၅)အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးဇင်ဝေ(၂၁၀)လက်မှတ်ရပြည်သူ့စာရင်းကိုင်အားခန့်အပ်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကို တစ်လအတွင်း ဦးဇင်ဝေ(၂၁၀)လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| | |
|---|---|
| **ဦးဇင်ဝေ** | **U MYINT NAING** |
| **B.Com(AA);C.P.A(210)** | **Managing Director** |
| **စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ** | **PONNAWADY MYAYADANAR COMPANY LIMITED** |

### ပျောက်ဆုံးကြောင်း

သူရလင်း(ဘ)ဦးဝေလင်း ၁၂/ပဘတ(နိုင်)၀၀၁၁၁၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၉၉၁၉၂၇

### ပျောက်ဆုံးကြောင်း

ကေသီခိုင်(ဘ)ဦးစိုးမြင့်သောင်း ၁၄/ဟသတ(နိုင်)၄၁၇၆၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 612565)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၆၇၄၃၇၉၉၆

### ပျောက်ဆုံးကြောင်း

မာဒီပါး(ဘ)ဦးကုလဖုရား ၁၂/ကတန(ပြု) ၀၀၂၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၂၃၀၀၈၄၇

### ပျောက်ဆုံးကြောင်း

ဦးသိန်းအေး(ဘ)ဦးသာညွန့် ၁၄/ပသန(နိုင်) ၂၃၄၈၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(A 091835)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၇၆၁၈၈၅၂၅

### ပျောက်ဆုံးကြောင်း

ခင်အေးလွင်(ဘ)ဦးထွန်းရှိန် ၁၄/မအပ(နိုင်) ၀၀၅၆၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၁၅၆၈၇၂၉

### ပျောက်ဆုံးကြောင်း

သိမ့်သိမ့်သူ(ဘ)ဦးအလီ(ခ)စိန်ဝင်း ၉/ခမစ(နိုင်)၀၅၈၁၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 885475)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၂၃၀၀၈၄၇

### ပျောက်ဆုံးကြောင်း

ဖြိုးရတနာလှိုင်(ဘ)ဦးပေါ်စံ ၈/ပခက(နိုင်) ၃၄၄၇၄၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MK 133054)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၁၆၄၅၉၃၂

### ပျောက်ဆုံးကြောင်း

နွေးနွေးလှိုင်(ဘ)ဦးအောင်ချစ် ၈/ရစက(နိုင်)၂၈၅၄၀၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 768505)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၈၂၀၃၀၇၂၉

### ပျောက်ဆုံးကြောင်း

ယာစော(ဘ)ဦးကျကာ ၁၃/မဆန(နိုင်) ၀၂၄၆၆၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 710558)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၆၂၂၉၈၉

### ပျောက်ဆုံးကြောင်း

ထွန်းအောင်(ဘ)ဦးကူးမား ၁၂/ပဇတ(နိုင်)၀၂၈၆၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 805731)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၇၄၈၆၇၇၇

### ပျောက်ဆုံးကြောင်း

ဆုဇာခြည်ခိုင်(ဘ)ဦးကျော်နိုင် ၁၂/ကမတ(နိုင်)၁၀၀၇၄၁ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၀၁၀၀၃၄၆၀

### ပျောက်ဆုံးကြောင်း

အေးသူဇာ(ဘ)ဦးကျော်စိုးမိုး ၂/လကန(နိုင်) ၁၁၃၆၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၆၂၃၅၉၈၄၉

### ပျောက်ဆုံးကြောင်း

အဲနေအေး(ဘ)ဦးယောရှ ၁၃/လရန(နိုင်) ၂၂၆၂၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၀၂၁၅၁၇၆

### ပျောက်ဆုံးကြောင်း

ဇော်ဇော်(ဘ)ဦးမောင်နီဝင်း ၁၁/မပန(နိုင်) ၁၇၉၁၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 463533)မှာ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိကအကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၆၈၁၈၀၄၁၇

### ပျောက်ဆုံးကြောင်း

မင်းမင်းစိုး(ဘ)ဦးကျင်ထွန်း ၇/ဇကန(နိုင်) ၀၅၉၉၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၅၈၇၇၅၃၃

### ပျောက်ဆုံးကြောင်း

ခင်အေးရီ(ဘ)ဦးအေးကြည် ၁၂/မဂဒ(နိုင်) ၁၂၉၉၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း

မိုးမိုးခိုင်(ဘ)ဦးဉာဏ်လှိုင် ၆/မအရ(နိုင်) ၀၉၇၅၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၄၀၉၉၀၁၃

### ပျောက်ဆုံးကြောင်း

သဇင်ခိုင်(ဘ)ဦးအောင်မင်း ၉/မကန(နိုင်) ၁၆၂၆၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၆၀၁၅၇၀၄၀

### ပျောက်ဆုံးကြောင်း

နန်းသန်း(ဘ)ဦးရာစိန် ၁၃/မရန(နိုင်) ၀၀၁၅၇၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၈၈၇၄၀၈၂

### ပျောက်ဆုံးကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ဥဿာ (၂)ရပ်ကွက်၊ ဒေါ်ဥမ္မာဝင်း(ဘ)ဦးလှမြင့် ၇/ပခန(နိုင်)၂၂၈၀၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၈၁၁၁၀၅၄၄

### ပျောက်ဆုံးကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ဥဿာ (၂)ရပ်ကွက်၊ ဦးထွန်းထွန်းလတ်(ဘ) ဦးကျော်မြင့် ၇/ပခန(နိုင်)၀၂၅၀၃၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၁၃၄၃၄၃၇

### ပျောက်ဆုံးကြောင်း

ပဲခူးမြို့နေ ဝေဖြိုးလွင်(ဘ)ဦးသန်းလွင် ၇/ပခန(နိုင်)၃၅၀၄၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 859895) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း

မိုးကုတ်မြို့၊ လယ်ဦးရပ်ကွက်၊ အရှေ့ပိုင်းနေ ဂူနာခါရ်(ဘ)ဦးဖူရ်ဆူသာမ် ၉/မကန(နိုင်)၀၆၆၃၆၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၇၅၈၅၂၈၄

### ပျောက်ဆုံးကြောင်း

စမ်းချောင်းမြို့နယ်၊ ဗားဂရားလမ်း၊ မြေနီကုန်းပလာဇာ(၄)လွှာ A နေ ခန့်ဝေအောင်(ဘ)ဦးအိုက်လူ ၁၃/လရန(နိုင်)၂၀၅၆၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 189514 )မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၇၃၂၁၉၅၄

### ပျောက်ဆုံးကြောင်း

မြတ်စုမွန်ထိုက်(ဘ)ဦးနေမင်းထိုက် ၁၂/ဒဂတ(နိုင်)၁၁၂၃၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၅၅၉၂၆၈၆၃

**အလိမ္မာစာမှာရှိ**


ပြင်ဦးလွင်
နန်းမြိုင်ကော်ဖီ
PURE ARABICA COFFEE
PYIN OO LWIN
Black Coffee
PYIN OO LWIN NAN MYAING 2 in 1
PYIN OO LWIN NAN MYAING PURE ARABICA Coffee
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


ထာဝရလှပသော အပြုံးအတွက်
DENTOMEC
Fluoride ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်။
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
FDA အမှတ်-2212 PCE 0013
DENTIST RECOMMENDED
DENTOMEC


ကြံတောင်သူစီးပွား ၊ ပြည်တွင်းသကြား ၊
ဝယ်ယူအားပေးကြပါစို့။
FDA- ၈၅/ ၂၁၃၄၉/ ထလ
canesugarokt7 @gmail.com
အုတ်တွင်းသကြားစက်


အရည်အသွေးမှာထိပ် ဆင်မင်းတံဆိပ် ဘိလပ်မြေ
SIN MINN
ISO 9001
BUREAU VERITAS Certification
UKAS MANAGEMENT SYSTEMS
BEST QUALITY
CEMENT
ASTM.C150 TYPE I (42.5)
ဆင်မင်းဘိလပ်မြေ
BEST QUALITY
CEMENT
ASTM.C150 TYPE II (32.5)
ဆင်မင်းဘိလပ်မြေ
ဆက်သွယ်ရန် - ဖုန်း ၀၉ ၆၈၆၉၉၃၅၈၃၊ ၀၉ ၇၉၆၁၁၁၅၅၉၊ email : scfg.kyaukse@gmail.com

❖ **NCA ရဲ့ အနှစ်သာရဟာ ဒို့တာဝန်အရေးသုံးပါးကိုဦးထိပ်ထားပြီး လွတ်လပ်မှု၊ တန်းတူညီမျှမှုနဲ့ တရားမျှတမှုတို့ကိုအခြေခံတဲ့ ပြည်ထောင်စုစိတ်ဓာတ်နဲ့အညီ ဒီမိုကရေစီအရေး၊ အမျိုးသားတန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အခွင့်အရေးများ အာမခံချက်အပြည့်အဝရှိတဲ့ ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ပြည်ထောင်စုကြီးကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနဲ့အညီ တည်ဆောက်ဖို့ပဲဖြစ်ပါတယ် . . .**

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် ပြုလုပ်သော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားသို့ တက်ရောက်၍ အဖွင့်မိန့်ခွန်းပြောကြားမှုမှကောက်နုတ်ချက်)

❖ **နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။**

❖ **နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။**

❖ **နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။**

# KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင်အသုံးပြုသည့် တရားမဝင်အဆောက်အအုံ ၄၈၈ လုံးကို စနစ်တကျဖြိုချဖျက်ဆီးပြီးစီး၊ မြဝတီမြို့နှင့်အနီးတစ်ဝိုက်ရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့်အဆောက်အအုံများအား ချိပ်ပိတ်သိမ်းဆည်း

နေပြည်တော် ဒီဇင်ဘာ ၂၂

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးအခြေချလုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင်အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်းခြင်း၊ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများ အပါအဝင် အဖွဲ့စုံပါဝင်သည့်ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြဝတီ-မဲ့ထော်သလေး(KK Park)နယ်မြေအတွင်းရှိ **စာမျက်နှာ ၂၈ ကော်လံ ၁** ❍




# ရန်ကုန်မြို့၌ (၃၈)ကြိမ်မြောက်နှင့် (၃၉)ကြိမ်မြောက် အသည်းအစားထိုးခွဲစိတ်ကုသမှုဆောင်ရွက်



ရန်ကုန် ဒီဇင်ဘာ ၂၂

ရန်ကုန်မြို့ရှိ အထူးကုဆေးရုံကြီး ခုတင်-၅၀၀ ၌ (၃၈)ကြိမ်မြောက် အသည်းအစားထိုးခွဲစိတ်ကုသမှုအဖြစ် အသက် ၄၉ နှစ်ရှိ အသည်းရောဂါလူနာအမျိုးသားနှင့် အသက် ၃၉ နှစ်ရှိ အသည်းအလှူရှင်အမျိုးသမီးမောင်နှမတို့အား ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်တွင်လည်းကောင်း၊ (၃၉)ကြိမ်မြောက် အသည်းအစားထိုးခွဲစိတ်ကုသမှုအဖြစ် အသက် ၅၈ နှစ်ရှိ အသည်းလူနာအမျိုးသမီးနှင့် အသက် ၂၅ နှစ်ရှိ အသည်းအလှူရှင်သားအမိတို့အား ဒီဇင်ဘာလ ၂၁ ရက်တွင်လည်းကောင်း ဆောင်ရွက်ခဲ့သည်။

အသည်းအစားထိုးခွဲစိတ်ကုသမှုဆောင်ရွက်ခဲ့သော လူနာနှင့်အသည်းအလှူရှင်လေးဦးတို့ကိုခွဲစိတ်ပြီး အထူးကြပ်မတ်ကုသဌာနတွင် **စာမျက်နှာ ၁၆ ကော်လံ ၂** ■

**ရာသီတုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးနှင့် ပတ်သက်၍ ပြည်သူလူထု သိရှိလိုက်နာဆောင်ရွက်နိုင်ရန် သတင်းထုတ်ပြန်ကြေညာချက်** စာ - ၁၄ သို့

**နောင်ချိုမြို့နယ် သုံးဆယ်တိုက်နယ်ဆေးရုံ ပြန်လည်ဖွင့်လှစ်ပြီး ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိ** စာ - ၁၅ သို့

**ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို ပျက်ပြားစေရန်ရည်ရွယ်၍ နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်း ပြုလုပ်သူများအား အရေးယူ** စာ - ၂၅ သို့

